GRET
Professionals for Fair Development



# မြန်မာ့ မြေပြန့် ကျေးလက်ဒေသ မြေယာပိုင်ဆိုင်လုပ်ကိုင်ခွင့်

## အပူပိုင်းဇုန်နှင့် မြစ်ဝကျွန်းပေါ်ဒေသ၏ သမိုင်းကြောင်းရှုထောင့်များမှသည် လက်ရှိကြုံတွေ့နေရသော ဘဝဖြစ်ရပ်မှန်များဆီသို့

*Maxime Boutry, Celine Allaverdian, Marie Mellac, Stephen Huard, U San Thein, Tin Myo Win, Khin Pyae Sone*



**မြေယာနှင့်လူမှုဘဝ သုတေသနစာစဉ်**

Livelihoods and Food Security Trust Fund

GRET
Professionals for Fair Development

# မြန်မာ့ မြေပြန့် ကျေးလက်ဒေသ မြေယာပိုင်ဆိုင်လုပ်ကိုင်ခွင့်

အပူပိုင်းဇုန်နှင့် မြစ်ဝကျွန်းပေါ်ဒေသ၏ သမိုင်းကြောင်းရာရှုထောင့်များမှသည် လက်ရှိကြုံတွေ့နေရသော ဘဝဖြစ်ရပ်မှန်များဆီသို့

*Maxime Boutry, Celine Allaverdian, Marie Mellac,*
*Stephen Huard, U San Thein, Tin Myo Win, Khin Pyae Sone*
*GRET – Myanmar / Land tenure research*

**မြေယာနှင့်လူမှုဘဝ သုတေသနစာစဉ်**

**Published by GRET © 2017**

**ရည်ညွှန်းကိုးကားဖော်ပြသည့်အခါ**

Boutry, M., Allaverdian, C., Mellac, M., Huard, S., San Thein, Tin Myo Win, Khin Pyae Sone. (2017). Land tenure in rural lowland Myanmar: From historical perspectives to contemporary realities in the Dry zone and the Delta. Of lives of land Myanmar research series. Gret: Yangon.

**ရေးသားသူများ**

Maxime Boutry and Celine Allaverdian, with contributions of Marie Mellac, Stephen Huard, U San Thein, Tin Myo Win, Khin Pyae Sone


**ဝိုင်းဝန်းသုံးသပ်အကြံပြုသူများ**

Jean-Christophe Diepart, Jean-Philippe Lavigne Delville, Elliott Prasse-Freeman, Tania Murray Li, Aurore Mansion and Kevin Woods

**စီစဉ်သူ** : Celine Allaverdian and Maxime Boutry

**ဒီဇိုင်းနှင့် အတွင်းစာမျက်နှာ အပြင်အဆင်** : Win Myat Thu, myatthu.winmyat@gmail.com

**မြေယာနှင့် လူမှုဘဝ သုတေသနစာစဉ်**




ဤမြေယာနှင့် လူမှုဘဝ သုတေသနစာစဉ်သည် မြေယာနှင့်အသက်မွေးဝမ်းကြောင်း ဆက်သွယ်ပြောင်းလဲမှုဖြစ်စဉ်ကို လူမှု-မနုဿဗေဒ သုတေသနရှုထောင့်မှ နက်နက်ရှိုင်းရှိုင်း သုတေသနပြုလေ့လာမှုမှ ပေါ်ထွက်လာခြင်းဖြစ်ပါသည်။ မြို့ပြ၊ ဆင်ခြေဖုံးနှင့် ကျေးလက်မြေယာကိစ္စရပ်များ၊ ရွှေ့ပြောင်းသွားလာမှု၊ သဘောထားကွဲလွဲမှုများနှင့် ပြန်လည်နေရာချထားမှုများစသည့် အမျိုးမျိုးသော အကြောင်းအရာများကို အထူးပြုလေ့လာခြင်းအားဖြင့် လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးအခင်းအကျင်းများအကြားတွင် မြန်မာနိုင်ငံ နေရာဒေသအသီးသီးမှ ပြည်သူများအနေဖြင့် မြေယာဆိုင်ရာကိစ္စရပ်များကို မည်ကဲ့သို့ ပုံဖော်ကြသည်ကို ထဲထဲဝင်ဝင် ဆန်းစစ်လေ့လာမှုအဖြစ် ဤသုတေသနစာစဉ်မှ တင်ဆက်ထားပါသည်။ မြေပြင်တွင် ဖြစ်ပေါ်နေသော ဖြစ်ရပ်မှန်များကို ဖော်ထုတ်ထားသည့် ဤသုတေသနစာစဉ်သည် မြန်မာ့ပြည်သူများ၊ နိုင်ငံတော်နှင့် အခြားသော ပါဝင်ပတ်သက်သူတို့၏ မြေယာနှင့် နီးနွယ်သော သယံဇာတများ စီမံခန့်ခွဲမှုအပိုင်းတွင် ကြုံတွေ့နေရသည့် စိန်ခေါ်ချက်များကိုဖော်ထုတ်ထားပြီး မူဝါပိုင်းဆိုင်ရာနှင့် ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များအတွက် အကြံအဉာဏ်များကို ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်ပါသည်။ ဤသုတေသန စာစဉ်ကို ကျွမ်းကျင်သောအတတ်ပညာရှင်များနှင့် အသိပညာရှင်များမှ ဝိုင်းဝန်းသုံးသပ်အကြံပြုပေးထားပါသည်။ မူရင်းအင်္ဂလိပ် ယခုစာအုပ်တွင် ဖော်ပြထားသည့် မြန်မာဘာသာပြန်သည် မူရင်းအင်္ဂလိပ်စာမူ၏ အနှစ်ချုပ်များကိုသာ ဖော်ပြထားခြင်းဖြစ်ပြီး အသေးစိတ်ဖတ်ရှုရန်အတွက် အောက်ဖော်ပြပါလိပ်စာများတွင် ဒေါင်းလော့လုပ်ယူနိုင်ပါသည်။

http://www.gret.org/publication/land-tenure-in-rural-lowland-myanmar/?lang=en

The work is licensed under a Creative Commons
Attribution-NonCommercial-ShareAlike 4.0 International License

## ကျေးဇူးတင်လွှာ

မြန်မာနိုင်ငံ ကျေးလက်လူထု၏ စားနပ်ရိက္ခာဖူလုံမှုနှင့် အသက်မွေးမှုများ တိုးတက်ကောင်းမွန်ရေးအတွက် ရန်ပုံငွေ ထည့်ဝင်လှူဒါန်းကြသော ဥရောပသမဂ္ဂနှင့် ဩစတြေးလျ၊ ဒိန်းမတ်၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ လူဇင်ဘတ်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက်ကင်းဒမ်း နှင့် အမေရိကန်ပြည်ထောင်စု အစိုးရများကို ကျေးဇူးအထူးတင်ရှိပါသည်။ LIFT တွင် ပုဂ္ဂလိကကဏ္ဍမှ ပထမဆုံး ထည့်ဝင်လှူဒါန်းသည့် မစ်ဆူဘီရှိ ကော်ပိုရေးရှင်းကိုလည်း ကျေးဇူးတင်ရှိပါသည်။

## အသိပေးကြေငြာချက်

ဤစာတမ်းကို ဥရောပသမဂ္ဂ၊ ဩစတြေးလျ၊ ဒိန်းမတ်၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ လူဇင်ဘတ်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန်ပြည်ထောင်စုနှင့် မစ်ဆူဘီရှိ ကော်ပိုရေးရှင်းတို့ ထည့်ဝင်လှူဒါန်းထားသည့် LIFT ရန်ပုံငွေ၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်သည်။ ယခုစာတမ်းတွင် ရေးသားဖော်ပြချက်များသည် LIFT အလှူရှင်များ၏ တရားဝင်အတည်ပြုထားသည့် အမြင်များဟု မယူဆနိုင်ပါ။

# မာတိကာ


သုတေသနလုပ်ငန်းစဉ်အနှစ်ချုပ် ၇

၁။ မြန်မာနိုင်ငံမူဝါဒများအပေါ် သမိုင်းရှုထောင့်မှ ရှုမြင်သုံးသပ်ခြင်း ၉

- ၂၀၁၂ မြေယာပြုပြင်ပြောင်းလဲမှုများနှင့် စိန်ခေါ်မှုများ ၁၀

၂။ အာမခံချက်ရှိသော စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ ပေါ်ပေါက်လာစေမည့် ရေခံမြေခံကောင်းတစ်ရပ်ကို ဖန်တီးပေးခြင်း ၁၅

- ကျေးလက်ဘဏ္ဍာရေးကဏ္ဍ တိုးမြှင့်လုပ်ဆောင်ခြင်း ၁၅
- ရေရှည်တည်တံ့သော စိုက်ပျိုးရေးတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့်ဘေးအန္တရာယ်ခံနိုင်စွမ်းကို မြှင့်တင်ပေးခြင်း ၁၆
- လယ်လုပ်သားများ၏ အခက်အခဲများ ၁၇

၃။ မူဝါဒရေးရာနှင့် အရေးယူဆောင်ရွက်မှုအား ထိရောက်စွာ ဦးစားပေးဖော်ဆောင်နိုင်ရန်အတွက် ကျေးလက်အိမ်ထောင်စုများ၏ မတူကွဲပြားမှုကို ထည့်သွင်းစဉ်းစားခြင်း ၁၉

သုတေသန၏ နောက်ခံအကြောင်းအရာ ၂၂

၁။ နှစ်ပေါင်း ၁၅၀ ခန့် အကြာ မြန်မာ့လယ်ယာအသိုင်းအဝိုင်းအား အမြစ်ဖြုတ်ခြင်းသည် မည်သူ၏ ကိုယ်ကျိုးအတွက်နည်း ၂၄

၂။ မြေယာပိုင်ဆိုင်နိုင်ရေးနှင့် အာမခံချက်ရှိသော အသက်မွေးဝမ်းကျောင်းမှု - ဤအရာသည် မြေယာလုပ်ပိုင်ခွင့်အပေါ် မူတည်နေပါသလား ၂၈

၂-၁။ မြေယာရယူသုံးစွဲခွင့်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း အာမခံချက်ရှိမှု - မြစ်ဝကျွန်းပေါ်ဒေသနှင့် အပူပိုင်းဇုန်တို့မှ မတူညီသောဆက်စပ်မှုများ ၂၉

၂-၂။ မြေယာရယူသုံးစွဲခွင့် ကောင်းမွန်တိုးတက်လာစေရန်အတွက် ပိုမိုထိရောက်သော ပြုပြင်ပြောင်းလဲမှုများ လိုအပ်ပါသလား ၃၁

၃။ လက်ရှိမြေယာပြုပြင်ပြောင်းလဲမှုများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း ၃၄

၃-၁။ မြေအသုံးချပိုင်ခွင့်များအား လက်တွေ့ဖြစ်ရပ်နှင့်အညီ တရားဝင်အဖြစ်ဆောင်ရွက်သည့် လုပ်ငန်းစဉ်တစ်ရပ် ၃၅

၃-၂။ မြေပုံရေးဆွဲခြင်းနှင့် ဇုန်သတ်မှတ်ခြင်း - အောက်ခြေအဆင့် မြေအသုံးချမှုများကို သုံးသပ်တင်ပြခြင်း ၃၈

၃-၃။ မြေအသုံးပြုသူများ၏ အသုံးပြုပိုင်ခွင့်ကို အပြည့်အဝပေးခြင်းဖြင့် ၎င်းတို့၏ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း ၄၀

၃-၄။ မြေအငြင်းပွားမှုပဋိပက္ခ ကိုင်တွယ်ဖြေရှင်းခြင်း ၄၂

၃-၅။ LUC လက်မှတ်များ - တစ်ဦးချင်း ပိုင်ဆိုင်မှုဖြင့် (ကျားမ တန်းတူညီမျှမှုအပါအဝင်) မြေယာစီမံခန့်ခွဲမှုနှင့် မိသားစုပိုင် မြေယာစီမံခန့်ခွဲမှု ၄၅

၄။ အာမခံချက်ရှိသော စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများဖြစ်လာစေရန် ရေခံမြေခံအခြေအနေတစ်ရပ်ကို ဖန်တီးပေးခြင်း ၄၈

၄-၁။ အဖွဲ့အစည်းများမှ ပံ့ပိုးပေးသည့် ချေးငွေအစီအစဉ်များအား လက်လှမ်းမီရရှိနိုင်မှု ကောင်းမွန်တိုးတက်စေခြင်း ၄၉

၄-၂။ ကြံ့ခိုင်သန်စွမ်းသည့်သီးနှံစိုက်ပျိုးခြင်း၊ မျိုးစုံတိုးချဲ့သည့်သီးနှံစိုက်ပျိုးခြင်းနှင့် ဘေးဒဏ်ခံနိုင်စွမ်း မြင့်မားစေခြင်း(resilience) စသည့် ရေရှည်တည်တံ့သော စိုက်ပျိုးစနစ် တိုးတက်စေခြင်း ၅၁

၄-၃။ စက်မှုအစားထိုးအသုံးပြုခြင်း နှင့် စိုက်ပျိုးရေးလုပ်သားများအတွက် အခွင့်အလမ်းများ ၅၅

၅။ မူဝါဒရေးရာ နှင့် အရေးယူဆောင်ရွက်မှုများအား ထိရောက်စွာ ဦးစားပေးဖော်ဆောင်နိုင်ရန်အတွက် ကျေးလက်အိမ်ထောင်စုများ၏ မတူကွဲပြားမှုများကို ထည့်သွင်းစဉ်းစားခြင်း ၅၆

၅-၁။ လုပ်ကွက်ငယ်တောင်သူများအကြား မတူကွဲပြားသော အုပ်စုအမျိုးမျိုး ပါဝင်နေခြင်း ၅၆

၅-၂။ "ငယ်ရွယ်သော" အိမ်ထောင်စုများကို ဦးတည်ထားခြင်း - ဘဝသံသရာစက်ဝန်း နှင့် ဘိုးဘွားပိုင်မြေ အမွေဆက်ခံရရှိမှု၏ ရေ့အလားအလာများ ၅၈

၅-၃။ "မြေယာမဲ့မှု" ကိစ္စရပ်အား ပိုမိုသိရှိနားလည်လာခြင်းနှင့် ၎င်းကိစ္စအား ကိုင်တွယ် ဖြေရှင်းခြင်း ၆၀

# သုတေသနလုပ်ငန်းစဉ် အနှစ်ချုပ်



မြန်မာနိုင်ငံ၏ နိုင်ငံရေး အကူးအပြောင်းကာလနှင့် တဆက်တည်းဖြစ်ပေါ်လာခဲ့သည့် ၂၀၁၂ ခုနှစ် မြေယာပြုပြင်ပြောင်းလဲမှုနောက်ပိုင်းနှစ်များအတွင်း Gret အဖွဲ့သည် ဗိုလ်ကလေးနှင့် မော်လမြိုင်ကျွန်းမြို့နယ်များ (မြစ်ဝကျွန်းပေါ်ဒေသ) မှ ရွာ ကိုးရွာ အပါအဝင် မုံရွာနှင့် ယင်းမာပင်မြို့နယ်များ (အပူပိုင်းဇုန်) မှ ရွာ ကိုးရွာတို့တွင် အရည်အသွေးပိုင်းဆိုင်ရာ ဆန်းစစ်မှု (qualitative method) နှင့် အရေအတွက်ဆိုင်ရာ ဆန်းစစ်ချက်များ (quantitative method)ကို ပေါင်းစပ်အသုံးပြုခြင်းဖြင့် ဤလေ့လာဆန်းစစ်မှုအား  ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။ နယ်ပယ်ပေါင်းစုံမှ နိုင်ငံတကာနှင့် မြန်မာသုတေသနပညာရှင် ၁၁ ဦးပါဝင်သော သုတေသနအဖွဲ့မှ နှစ်နှစ်ကျော်ကြာ နှံ့စပ်စုံလင်စွာ ပြုလုပ်ခဲ့သည့် သုတေသနနှင့် ကွင်းဆင်းလေ့လာဆန်းစစ်ချက်ရလဒ်များဖြင့် အစီအရင်ခံစာ အပြည့်အစုံနှင့် synthesis အစီအရင်ခံစာကို ပြုစုရေးသားခဲ့ခြင်း ဖြစ်ပါသည်။ ဤအစီအရင်ခံစာတွင် ဒေသန္တရအဆင့် မြေယာကဏ္ဍ အရွေ့အပြောင်းများကို  ပိုမိုသိရှိနားလည်လာစေရန် ပံ့ပိုးပေးခြင်းနှင့် ပြုပြင်ပြောင်းလဲမှု ပြုလုပ်သည့်ကာလအတွင်း ကျေးလက်ဒေသရှိ မိသားစုများ တွေ့ကြုံခံစားနေရသည့် အရေးကိစ္စအဝဝကို ရှုထောင့်အသစ်ဖြင့် အဆိုပြုတင်ပြခြင်းများ ပါဝင်မည်ဖြစ်သည်။



# မြန်မာနိုင်ငံ မြေယာမူဝါဒများအပေါ် သမိုင်းရှုထောင့်မှ ရှုမြင်သုံးသပ်ခြင်း

ကိုလိုနီခေတ်မတိုင်မီကာလများတွင် လယ်သမားများသည် ဒေသဆိုင်ရာအကြီးအကဲများ (ရွာသူကြီးများ၊ အရာထမ်းများ)နှင့် စည်းလုံးညီညွတ်သော ဆက်ဆံရေးရှိခဲ့ကြပြီး လူမှုရေးအရသာမက၊ စီးပွားရေးအရပါ ထိုအကြီးအကဲများ၏ ကာကွယ်စောင့်ရှောက်မှုကို ရရှိခဲ့ပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ၁၅၀ တွင်း ဗြိတိသျှတို့၏ရည်မှန်းချက်ဟု ယူဆရသည့်အချက်နှင့် ကွဲလွဲစွာ အကြောင်းအမျိုးမျိုးကြောင့် အကြီးအမှူးများနှင့် လယ်သမားများကြား စုစုစည်းစည်းရှိခဲ့သည့် ဆက်ဆံရေးပုံစံစနစ်အား ယိုယွင်းပျက်စီးစေသည့် ကာလမျှသာဖြစ်သည်ဟု ဆိုရပေမည်။ ပထမဦးဆုံးအချက်မှာ လူတစ်ဦးချင်းစီထံမှ နိုင်ငံတော်ဘဏ္ဍာအခွန်ပေးဆောင်ရသည့်စနစ်ကိုအသက်သွင်းခဲ့ခြင်းဖြစ်ပါသည်။ ထိုစဉ်ကတည်းက အမွေရဆက်ခံရရှိခဲ့သော မြေယာရပိုင်ဆိုင်ခွင့်များကို တစ်ဦးတည်းပိုင်ရပိုင်ခွင့်အဖြစ် အသွင်ပြောင်းလဲခဲ့ပြီး မြေယာမှာလည်း ရောင်းကုန်ပစ္စည်းအဖြစ်သို့ ပြောင်းလဲခဲ့ပါသည်။

ကိုလိုနီအုပ်ချုပ်ရေးယန္တရားသည် ကျေးရွာအုပ်စုများသို့ ရောက်ရှိလာသည်နှင့်အမျှ ရွာသူကြီးများသည်လည်း ယင်းအုပ်ချုပ်ရေးက ကျောထောက်နောက်ခံပြုပေးထားသည့် အထက်တန်းစားအလွှာများအဖြစ်သို့ ပြောင်းလဲလာကြပါသည်။ ဆန်စပါးထုတ်လုပ်ရေးတွင် နိုင်ငံတကာဈေးကွက်များသို့ စုပေါင်းတင်ပို့နိုင်ရန် ဆောင်ရွက်မှုများနှင့်အတူ နောက်ဆက်တွဲအနေဖြင့် ငွေကြေးအရလဲလှယ်မှုနည်းလမ်းကို အသက်ဝင်စေခြင်းနှင့် တန်ဘိုးကွင်းဆက်တိုးချဲ့ဆောင်ရွက်မှုတို့ကလည်း ယခင်ကအကြီးအမှူးများနှင့် လယ်သမားများအကြား ဆက်ဆံရေးကိုလည်း ပျက်ပြားစေခဲ့သည့် အကြောင်းအရင်းတစ်ခု ဖြစ်ပါသည်။ ခြုံငုံကြည့်မည်ဆိုပါက တရားဝင်အခွင့်အာဏာရှိသည့် ရွာသူကြီးများနှင့် အကြီးအမှူးများထက် မြေပိုင်ရှင်များနှင့် ငွေချေးငှားရမ်းသူများကသာ ကျေးလက်ဒေသလူမှုအသိုင်းအဝိုင်းကို အခြေခံကျကျ ပြောင်းလဲမှုများပြုလုပ်ရာတွင် ပိုမိုအရေးပါလာကြပါသည်။ မြေငှားအဖြစ်မှ မြေပိုင်ရှင်များအဖြစ် ပြောင်းလဲဖြစ်တည်နိုင်စေရန် ရည်ရွယ်လျက် ၁၉၄၈ လယ်ယာမြေနိုင်ငံပိုင်ပြုရေးဥပဒေနှင့် နောက်ဆက်တွဲမူဝါဒများ (၁၉၅၃ လယ်ယာမြေပြည်သူပိုင်ပြုရေးဥပဒေ၊ ၁၉၆၄ သီးစားချထားရေးဥပဒေနှင့် နည်းဥပဒေများ) ကို ပြဋ္ဌာန်းခဲ့ပါသည်။

သို့သော် မြန်မာ့လယ်သမား အသိုက်အဝန်း၏ လူမှုဓလေ့ဆိုင်ရာ မူဘောင်စနစ်သည်[1] အမြစ်မှဆွဲနုတ်ခံထားရပြီးဖြစ်ကာ ထွန်ယက်စိုက်ပျိုးနိုင်သည့် မြေဆီသြဇာကောင်းသောမြေများ နည်းပါးလာခြင်းနှင့်အတူ ၁၉၃၀ ခုနှစ်ဆယ်စုနှစ်အတွင်း ဖြစ်ပျက်ခဲ့သော စီးပွားပျက်ကပ်ကြီး (Great Depression)ကြောင့် တောင်သူလယ်သမားအများအပြားမှာ ထွန်ယက်စိုက်ပျိုးနိုင်ရန် ငွေကြေးအင်အား မတတ်နိုင်ကြတော့ပေ။ လယ်ယာမြေနိုင်ငံပိုင်ပြုရေးဥပဒေအရ လယ်ယာမြေများ ပြန်လည်ခွဲဝေပေးရေးကို ကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်ခဲ့ခြင်း (၁၇ ရာခိုင်နှုန်းသော နိုင်ငံပိုင်ပြုထားသည့် လယ်ယာမြေအားလုံးအတွက်) မရှိရုံသာမက ရိတ်သိမ်းထားသော ကောက်ပဲသီးနှံများ (အထူးသဖြင့် ဆန်စပါး)ထဲမှ သတ်မှတ်ခွဲတမ်းအား (တာဝန်ကျေစပါး) မဖြစ်မနေရောင်းချရမည့် မူဝါဒကဲ့သို့သော ထိခိုက်နစ်နာမှုဖြစ်စေနိုင်သည့် မူဝါဒများက အသေးစားလယ်သမားများကို ထိခိုက်နစ်နာစေသော်လည်း (စပါးစိုက်ပျိုးဧက ၁၆ ဧက အောက်) အကြီးစားလယ်သမားများကိုမူ အကျိုးဖြစ်ထွန်းစေခဲ့ပါသည်။

---

1 ဗြိတိသျှကိုလိုနီအုပ်ချုပ်ရေးနှင့်အတူ ပေါ်ထွန်းလာသည့် မြစ်ဝကျွန်းပေါ်ဒေသထက် သမိုင်းကြောင်း ပိုမိုရှည်လျားသည့် အပူပိုင်းဇုန်မှ လယ်သမားများအနေဖြင့် ထိုကဲ့သို့သောအပြောင်းအလဲများ၏ သက်ရောက်မှုကို တောင့်ခံနိုင်စွမ်း ပိုမိုရှိခဲ့ကြပါသည်။

# ၂၀၁၂ မြေယာပြုပြင်ပြောင်းလဲမှုများနှင့် စိန်ခေါ်မှုများ

၂၀၁၂ ခုနှစ်တွင် "ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို ရှေးရှုလျက်" [2] ပြုပြင်ပြောင်းလဲရေးတစ်ရပ် ပြုလုပ်ခဲ့ပါသည်။ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များ (LUCs) ထုတ်ပေးကာ မြေအသုံးချခွင့် လွှဲပြောင်းမှုများအား တရားဝင်ပြုလုပ်ပေးခြင်းဖြင့် တစ်ဦးချင်းမြေယာပိုင်ဆိုင်လုပ်ကိုင်ခွင့်များကို အခြေခံသောစနစ်အား တရားဝင်ခွင့်ပြုပေးခဲ့ခြင်း ဖြစ်သည်။

လက်တွေ့တွင် ဤပြုပြင်ပြောင်းလဲမှုအနေဖြင့် အောက်ခြေရှိ မြေယာပိုင်ဆိုင်လုပ်ကိုင်ခွင့်နှင့် မြေယာကဏ္ဍ၏ အရွေ့တစ်ခုကို များစွာပြောင်းလဲပေးနိုင်ခြင်းမရှိခဲ့ပါ။ အကြောင်းမှာ လယ်သမားများသည် ထိုကဲ့သို့သော တရားဝင်ပြုပြင်ပြောင်းလဲမှု မရှိခင်ကတည်းကပင် ၎င်းတို့၏မြေများအား ရောင်းဝယ်၊ ငှားရမ်း သို့မဟုတ် ပေါင်နှံထားကြသောကြောင့် (၂၀၁၂ မတိုင်မီက ထိုကဲ့သို့သော လွှဲပြောင်းမှုများကို ဥပဒေအရ ပိတ်ပင်တားမြစ်ထားသော်လည်း) ဖြစ်ပါသည်။ အဆိုပါ LUC လက်မှတ်များသည် ထိုလွှဲပြောင်းမှုများကို တရားဝင်ပြုလုပ်ပေးခြင်းဖြင့် အာမခံချက်ပိုမိုရရှိစေမည်ဟု မျှော်မှန်းခဲ့ရသော်လည်း လက်တွေ့တွင်မူ အချို့သောအဟန့်အတားများ ရှိနေဆဲဖြစ်သည်။ အထူးသဖြင့် မြေကွက်တစ်ကွက်အား နှစ်ပိုင်း သို့မဟုတ် နှစ်ပိုင်းထက်ပို၍ ပိုင်းခြမ်းကာ လက်မှတ်ထုတ်ပေးခြင်းကြောင့်ဟုသာ ဆိုရပေမည်။ သို့သော် မြန်မာနိုင်ငံမြေပြန့်ပိုင်းဒေသများရှိ မြေယာပိုင်ဆိုင်လုပ်ကိုင်ခွင့်များ၏ မရေရာမှုများသည် အဓိကအားဖြင့် အကောင်အထည်ဖော်သည့် လုပ်နည်းလုပ်ဟန်ထက် လုပ်ဆောင်မှုစနစ်အပေါ်တွင်သာ မူတည်ဖြစ်ပေါ်နေခြင်းဖြစ်ပါသည်။



၂၀၁၂ ခုနှစ် ပြုပြင်ပြောင်းလဲရေးများတွင် အမွေဆက်ခံမှု မြေယာခွဲဝေမှုများ ပြဿနာ များများစားစားမဖြစ်စေခဲ့သော်လည်း ယခင်က နှုတ်ကတိဖြင့် ပြုလုပ်လေ့ရှိသည့် မြေအသုံးချခွင့်သဘောတူညီမှုများကို တရားဝင်အဖြစ်ပြောင်းလဲရာတွင် အခက်အခဲပြဿနာများ ဖြစ်ပေါ်လာစေပါသည်။ အမှန်စင်စစ် LUC လက်မှတ်များ ထုတ်ပေးခြင်းသည် (အစိုးရသို့ပေးသွင်းရမည့် တာဝန်ကျေစပါး နှင့် ကောက်ပဲသီးနှံခွဲတမ်း မပြည့်

---

2 ၂၀၁၂ ခုနှစ် မေလ မြေယာပြုပြင်ပြောင်းလဲရေးများ စတင်သည့်အချိန်တွင် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း (၂၀၁၁-၂၀၁၅) ပြောကြားသော မိန့်ခွန်းကို ဖော်ပြခြင်းဖြစ်ပါသည်။

မိခြင်းကြောင့် လယ်သမားများမှ ၎င်းတို့၏ စိုက်ပျိုးမြေများကို လွှဲပြောင်းပေးရခဲ့ခြင်း စသည့်) ပဋိပက္ခအဟောင်းများကို ပြန်လည် မီးမွှေးပေးသကဲ့သို့ ဖြစ်စေသည်သာမက အခြားပဋိပက္ခအသစ်များ (အထူးသဖြင့် မြေ အပေါင်ခံသူနှင့် အပေါင်ထားသူများအကြား) ကိုလည်း ဖန်တီးဖြစ်ပေါ်စေခဲ့ပါသည်။ တစ် နည်းအားဖြင့်ဆိုသော် ဖြိုတိသျှကိုလိုနီခေတ် ပြုပြင်ပြောင်းလဲရေးနှင့် ၂၀၁၂ ပြုပြင်ပြောင်း လဲရေး နှစ်ခုစလုံးကို လုံခြုံစိတ်ချရသော မြေယာပိုင်ဆိုင်ခွင့်အတွက်ဟု အကြောင်းပြ ကြသော်လည်း အထက်-အောက် စီမံခန့်ခွဲ သော မူဝါဒများဖြင့် အောက်ခြေအဆင့်တွင် တွေ့ကြုံခံစားရသော လက်တွေ့အဖြစ်အ



ပျက်များကို အာရုံစိုက်မှု အလွန်ပင်နည်းပါး သဖြင့် တရားဝင်ဖြစ်စေရေးလုပ်ငန်းစဉ်ကို ပိုမိုခက်ခဲရှုပ်ထွေးစေပါသည်။ မြန်မာနိုင်ငံမြေပြန့်ပိုင်းဒေသမှလယ်သမား များတွင် မြေပိုင်ဆိုင်လုပ်ကိုင်ခွင့်ပြုလုပ်ရန် စာရွက်စာတမ်းအထောက်အထားများ ရှိသော်လည်း အာဏာပိုင်များအနေ ဖြင့် ၎င်းတို့၏ လယ်ယာမြေများအား သိမ်းယူသွားခြင်းခံရနိုင်သည့်အန္တရာယ်ကို အစဉ်အမြဲရင်ဆိုင်နေကြရပါသည်။

ဤကဲ့သို့ဆိုရာတွင် LUC လက်မှတ်များသည် ယခင်စာရွက်စာတမ်းများထက် ပို၍အာမခံချက်ပေးနိုင်ချေ ရှိပုံမရကြောင်း ပေါ်လွင်ပါသည်။ အဓိကအရေးပါသော အကြံပြုချက်အနေဖြင့် ၂၀၁၂ ခုနှစ် မြေယာမှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်ကို ပြန်လည်သုံးသပ်ခြင်းဖြင့် ၎င်းလုပ်ငန်းစဉ်အတွင်း ကွာဟမှုများ ဖော်ထုတ်ပေးရန်သာမက ထိုကွာဟ ချက်များအား ကိုင်တွယ်ဖြေရှင်းနိုင်ရေးကို ဦးစားပေးဖော်ဆောင်ခြင်းအားဖြင့် ပြည်သူလူထု၏ ယုံကြည်စိတ်ချ မှုအခြေအနေ မြင့်တက်လာစေရန် လိုအပ်ပါသည်။ ထိုမျှမကသေးပဲ မြေလွှဲပြောင်းမှုများကို မှတ်တမ်းတင်နိုင်ရန် နှင့် မြေပိုင်ဆိုင်မှုမှတ်တမ်းများကိုပါ အချိန်နှင့်တစ်ပြေးညီ စနစ်တကျ ပြင်ဆင်မှတ်တမ်းတင်နိုင်ရေးအတွက် လယ် သမားများ လက်လှမ်းမီနိုင်ပြီး သင့်တင့်မျှတသည့်ကုန်ကျစရိတ်ဖြင့် တရားဝင်စာရွက်စာတမ်းဖြင့် မှတ်ပုံတင်ခြင်း လုပ် ထုံးလုပ်နည်းများလည်း လိုအပ်ပါသည်။ သင့်တော်လျော်ကန်သော မြေယာအခွန်ကောက်ခံခြင်းစနစ်ကလည်း မြေယာ အုပ်ချုပ်စီမံမှုကို ပိုမိုတိုးမြှင့်ပေးနိုင်မည်ဖြစ်သည်။ ဒေသခံတာဝန်ရှိပုဂ္ဂိုလ်များကို စွမ်းဆောင်ရည် မြှင့်တင်ပေးရန် လည်းလိုအပ်ပါသည်။

လက်တွေ့မြေယာအသုံးချမှုနှင့် တရားဝင်မြေအုပ်စုခွဲခြားပြီး အမျိုးအစားသတ်မှတ်ချက်များအကြားတွင် သဘော တရား ကွဲလွဲမှုများစွာ ရှိနေပါသေးသည်။ တာဝန်ယူဆောင်ရွက်နေရသော အဖွဲ့အစည်းများအကြား ပူးပေါင်းညှိနှိုင်း ဆောင်ရွက်မှု မရှိခြင်းကြောင့် လယ်ယာမြေများ၊ သစ်တောမြေများအပါအဝင် မြေလွတ်၊ မြေရိုင်းနှင့် ပလပ်မြေများ သည်လည်း ပြဿနာတစ်စိတ်တစ်ပိုင်းအဖြစ် အထင်အရှားရှိနေပါသည်။ မြေယာခန့်ခွဲမှုနှင့်သက်ဆိုင်သည့် အစိုးရ ဌာနအသီးသီးအား မြေအမျိုးအစားတစ်ခုချင်းစီ၏ "ပိုင်ရှင်" အဖြစ် ရှုမြင်သည့်စနစ်မှ မြေယာစီမံအုပ်ချုပ်မှု ကိစ္စ



အရပ်ရပ်အတွက် တစ်ခုတည်းသောမြေယာဌာနကိုသာ ထားရှိခြင်းအားဖြင့် "ထိန်းသိမ်းစောင့်ရှောက်ပေးသူ" အဖြစ်ရှုမြင်သည့်ပုံစံစနစ်သို့ ပြောင်းလဲကျင့်သုံးရန် လိုအပ်နေကြောင်းကို ဤအချက်က မီးမောင်းထိုးပြနေခြင်း ဖြစ်ပါသည်။[3]

ထို့အပြင် ၂၀၁၂ မြေယာပြုပြင်ပြောင်းလဲမှု အတွင်း မပြီးပြတ်နိုင်သေးသည့် ကိစ္စရပ်တစ်ခု အဖြစ် လယ်သမားများ၏လိုအပ်ချက်များ၊ စိုက်ပျိုးရေးဆိုင်ရာအလေ့အထများနှင့် မြေအသုံးချမှုအပေါ် ဥပဒေအရတားမြစ်ချက်များအကြား ကွဲလွဲမှုအချို့ကလည်း ကျန်ရှိနေပါသေးသည်။ ဆိုလိုသည်မှာ တစ်ဘက်တွင် မြေအသုံးချခွင့်များကို ကျယ်ကျယ်ပြန့်ပြန့် ခွင့်ပြုလာခြင်းနှင့် ကျန်တစ်ဘက်တွင် စပါးစိုက်ပျိုးမှုအတွက် မြေအသုံးပြုမှုအား အစဉ်ထိန်းချုပ်ကွပ်ကဲလိုသော အစိုးရ၏သဘောထား (မြန်မာ့အမျိုးသားဂုဏ်လက္ခဏာကို ဆောင်ကျဉ်းသော အဓိကသီးနှံအဖြစ် ဆန်စပါးကို အခြေခံဥပဒေအရ သတ်မှတ်ပြဋ္ဌာန်းခြင်း) တို့အကြား ဆန့်ကျင်ကွဲလွဲမှုများအား မီးမောင်းထိုးပြနေခြင်း ဖြစ်ပါသည်။ ကိစ္စရပ်အများအပြားတွင် ထိုကွဲလွဲမှုများကြောင့် လယ်ယာထုတ်ကုန်ဖြစ်ထွန်းနိုင်မှုကို အဟန့်အတားဖြစ်စေနိုင်ပြီး လယ်သမားများ၏ ဒဏ်ခံနိုင်စွမ်းကိုလည်း ထိခိုက်စေနိုင်ကြောင်း တွေ့ရှိနိုင်ပါသည်။ ၎င်းကွဲလွဲမှုများကြောင့် မြေအာမခံချက် ကင်းမဲ့စေနိုင်ပြီး ဥပဒေလိုက်နာမှုမရှိသောလယ်သမားအပေါ် ဒေသအတွင်း အဂတိလိုက်စားမှုနှင့် အာဏာအလွဲသုံးစားမှုအတွက် အခွင့်အရေးများ ဖန်တီးပေးသကဲ့သို့ ဖြစ်နိုင်ပါသည်။

အရေးတကြီးလိုအပ်နေသည်မှာ လယ်သမားများအား စိုက်ပျိုးမည့် ကောက်ပဲသီးနှံများကို လွတ်လပ်စွာ ရွေးချယ်ခွင့် အပြည့်အဝပေးရန်နှင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ၊ မြေယာထွက်ထုတ်ကုန်များ တိုးတက်လာစေရန် ဈေးကွက်အလှည့်အပြောင်းကို တုံ့ပြန်နိုင်ရန်အတွက် မြေအသုံးချခွင့်ပေါ်တွင် ကန့်သတ်ချက်များကို ပြန်လည်သုံးသပ်ရန်ဖြစ်ပါသည်။ ထိုသို့သော ဆုံးဖြတ်ချက်တစ်စုံတစ်ရာချမှတ်ရာတွင် အသင့်လျော်ဆုံးပုဂ္ဂိုလ်များမှာလည်း ၎င်းတို့ကိုယ်တိုင်သာ ဖြစ်နေကြပါသည်။ မြေယာပိုင်ဆိုင်လုပ်ကိုင်ခွင့် အာမခံချက်ရှိစေမည့် ပိုပြီးရိုးရှင်းသော မြေအသုံးချမှုအုပ်စုခွဲသည့် စနစ်အားဖြင့်သာမက သီးနှံသစ်တောရောနှောစိုက်ပျိုးသည့်စနစ်နှင့် ရေလုပ်ငန်း

---

3 ဤတွင် မြေအသုံးပြုမှုနှင့်ဆက်နွယ်သောကိစ္စရပ်များ၌ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပါဝင်ပတ်သက်မှုကို ချန်လှပ်ဖယ်ထုတ်ထားရမည်ဟု ဆိုလိုခြင်း မဟုတ်ပါ။

(မွေးမြူရေး)ကို ပူးတွဲလုပ်ကိုင်သည့် မြေယာအသုံးချမှုစနစ်ကိုပါ ပေါင်းစပ်ထည့်သွင်းခြင်းဖြင့် မြေအသုံးချမှုအုပ်စုများကို တိုးချဲ့သတ်မှတ်ပေးခြင်းကိုလည်း တပါတည်းလုပ်ဆောင်သင့်ပါသည်။ ရိုးရှင်းလွယ်ကူ၍ ဗဟိုချုပ်ကိုင်မှု လျှော့ချထားသော လုပ်ငန်းစဉ်များအားဖြင့် မြေအသုံးချမှု အပြောင်းအလဲများနှင့် မြေယာလွှဲပြောင်းမှုများအတွက် တရားဝင်လုပ်ထုံးလုပ်နည်းများကိုလည်း လယ်သမားများမှ  လက်လှမ်းမီအသုံးပြုနိုင်ပြီး ငွေကုန်ကြေးကျသက်သာမည် ဖြစ်ပါသည်။ နောက်ဆုံးအနေဖြင့် မြေအသုံးချမှုဆိုင်ရာကန့်သတ်ချက်များကို မလိုက်နာခြင်းအတွက် ချမှတ်ပြစ်ဒဏ်များကြောင့် အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းကိုပင် အာမခံချက်ကင်းမဲ့စေသည့် အကျိုးဆက်များ ( ဥပမာ - မြေယာသိမ်းယူခြင်းနှင့် များပြားလွန်းလှသော ဒဏ်ငွေကျခံစေခြင်းစသည့် ကြီးလေးသော ပြစ်ဒဏ်များ) ပေါ်ပေါက်ခြင်းမရှိစေရန် လိုအပ်ပါသည်။

လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း ကိစ္စရပ်အတော်များများတွင် မြေယာစီမံအုပ်ချုပ်မှုသည် ရပ်ရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏လက်ထဲတွင်သာရှိနေခဲ့ပြီး ၎င်းတို့သည် အစိုးရနှင့် ရွာသားများအကြား နိုင်ငံရေးပွဲစားများ[4]သဖွယ် ပါဝင်



လုပ်ကိုင်ခဲ့ကြပါသည်။ အပြန်အလှန်ထိန်းကျောင်းကွပ်ကဲမှုမရှိသည့်အနေအထားတွင် အဂတိလိုက်စားမှုမှာ နေရာအနှံ့ဖြစ်ပွားပြီး အားအနည်းဆုံးသူများကိုသာလျှင် ထိခိုက်နစ်နာစေရုံမကပဲ မြေအငြင်းပွားမှုများကို စီရင်ဆုံးဖြတ်ပေးရာတွင် လာဘ်ငွေ "အများဆုံးပေးနိုင်သူ" ကို မျက်နှာသာပေးသည်ကိုလည်း တွေ့ရှိခဲ့ရပါသည်။ အကျိုးဆက်အနေဖြင့် ရပ်ရွာလူထုသည် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအပေါ် အယုံအကြည်ကင်းမဲ့လာပြီး ဒေသခံ မြေယာကော်မတီများမှာလည်း မတူကွဲပြားသော ပုံစံအမျိုးမျိုးဖြင့် တည်ရှိနေကြပါသည်။ ထို့အပြင် လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း ကျေးရွာအဆင့်ရှိ လူမှုရင်းမြစ်များသည် ယိုယွင်းပျက်စီးခဲ့ပြီး အလွတ်သဘောဖြင့် ဖွဲ့စည်းထားသောအဖွဲ့များသည်လည်း မြေယာ အငြင်းပွားမှု ပဋိပက္ခများအား ကိုင်တွယ်ဖြေရှင်းပေးနိုင်စွမ်းမရှိကြပါ။

နောက်ဆုံးတင်ပြလိုသည်မှာ သီးခြားလွတ်လပ်သည့် ပဋိပက္ခဖြေရှင်းမှု လုပ်ထုံးလုပ်နည်းများ မရှိသည့်အချက်ဖြစ်ပါသည်။ ထိုကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် အစိုးရအနေဖြင့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အား အသေးစိတ်သုံးသပ်စိစစ်သင့်ပါသည်။ အထူးသဖြင့် ရပ်ရွာအတွင်းဖြစ်ပွားသော ပဋိပက္ခများဖြေရှင်းရာတွင် စွမ်းဆောင်ရည်အကန့်အသတ်များစွာ ရှိနေသည့်အချက်ကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ကျေးရွာအုပ်စုအဆင့် ကိုယ်စားပြုပါဝင်ခြင်းကို ပြန်လည်သုံးသပ်သင့်ပါသည်။ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံး

4 Bierschenk & al. ၂၀၀၀



သပ်ရေးကော်မရှင်၏ အကြံပြုချက်များရှိသော်ငြားလည်း အမျိုးသားမြေအသုံးချရေးပေါ်လစီတွင် အဆိုပြုထားသကဲ့သို့ပင် အကျိုးဆက်စပ်ပါဝင်သူအားလုံး၏ ပါဝင်ဆောင်ရွက်မှုဖြင့် သီးခြားလွတ်လပ်သော စောင့်ကြည့်လေ့လာရေးအဖွဲ့များကို ဆက်လက်ထားရှိရန်နှင့် ထိုအဖွဲ့၏ စွမ်းဆောင်ရည်ကိုလည်း မြှင့်တင်ပေးရန် လိုအပ်ပါသည်။ ထို့အပြင် မြေယာအငြင်းပွားမှုများ၏ အခြေအနေတည်ငြိမ်မှုကို စောင့်ကြည့်လေ့လာနိုင်ရေးအတွက် အကျိုးစီးပွား တိုက်ရိုက်ဆက်စပ်မှုမရှိသူများအား စောင့်ကြည့်စစ်ဆေးသူများအဖြစ် တာဝန်ပေးရမည်ဖြစ်ပါသည်။

နောက်တစ်ချက်အနေဖြင့် လူထုကိုယ်စားလှယ်များကို ရွေးချယ်ရန်အတွက် ခိုင်မာကောင်းမွန်သည့် လုပ်ငန်းစဉ်များ သတ်မှတ်ပေးရန်လည်း လိုအပ်လှပါသည်။ မြေယာပဋိပက္ခများ ကိုင်တွယ်ဖြေရှင်းပေးခြင်း လုပ်ထုံးလုပ်နည်းများတွင် မြေယာသမိုင်းကြောင်းများနှင့် ရှေ့အလားအလာများကိုပါ ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ ဥပဒေမူဘောင်များအားရှင်းလင်းတင်ပြရန် တာဝန်ရှိသောသက်ဆိုင်ရာများ၏ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူနိုင်မှုတို့ကို ရရှိနိုင်ရန်အတွက် ခိုင်မာသော လုပ်ထုံးလုပ်နည်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှသာ အောက်ခြေအဆင့်တွင် လက်တွေ့အသုံးတည့်မည်ဖြစ်သည်။ လူထုနှင့်အာဏာပိုင်များအတွက် ဥပဒေအသိပညာပေး စွမ်းဆောင်ရည်မြှင့်တင်မှုများကို တိုးမြှင့်လုပ်ဆောင်ရန်လည်း လိုအပ်ပါပေမည်။

ကျား-မ တန်းတူညီမျှရေးရှုထောင့်မှ အကြံပြုရပါက မြေယာစီမံအုပ်ချုပ်မှုအဖွဲ့များတွင် အမျိုးသမီးကိုယ်စားလှယ်များ ပါဝင်လာနိုင်ရန်လည်း တိုက်တွန်းအားပေးရင်း ကျားမတန်းတူညီမျှရေးကို ရှေးရှု၍ လက်ရှိမြေယာမူဘောင်ဆိုင်ရာ သတင်းအချက်အလက်များနှင့် သတင်းမျှဝေပေးမည့်နေရာများကို အောက်ခြေအဆင့်တွင်ပင် ပံ့ပိုးစီစဉ်ပေးသင့်သည်။ ကွာရှင်းခြင်း သို့မဟုတ် တရားဝင်မကွာရှင်းရသေးသော်ငြား အိမ်ထောင်သာကွဲနေခြင်း သို့မဟုတ် ခင်ပွန်းသေဆုံးခြင်း စသည့်ကိစ္စများတွင် အမျိုးသမီးများအား၏ မြေယာပိုင်ဆိုင်ခွင့် ထိခိုက်လွယ်စေနိုင်ခြင်းကို လျှော့ချနိုင်ရန်အတွက် အထူးလုပ်ငန်းစဉ်များ ရှိသင့်ပါသည်။ LUC လက်မှတ်များတွင် အိမ်ထောင်ဖက်များကိုပါ ပူးတွဲမှတ်ပုံတင်ပေးခြင်းအားဖြင့်သာမက၊ မိသားစုဖူလုံရေးနှင့် လူမှုဖူလုံရေးကိစ္စရပ်များဆိုင်ရာ အခြားဆက်စပ်ဥပဒေများအားဖြင့်လည်း အထက်ပါကိစ္စများကို ဖြေရှင်းပေးနိုင်မည်ဖြစ်ပါသည်။

# အာမခံချက်ရှိသော စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ ပေါ်ပေါက်လာစေမည့် ရေခံမြေခံကောင်းတစ်ရပ်ကို ဖန်တီးပေးခြင်း

**စိုက်** ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသအသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများအား ကျယ်ကျယ်ပြန့်ပြန့် ကူညီထောက်ပံ့ပေးမည့်မူဝါဒများတွင် မြေယာကိစ္စရပ်အပြင် အများပါဝင်သည့် ကဏ္ဍစုံချဉ်းကပ်မှုများလည်း လိုအပ်ပါသည်။ သယ်ယူပို့ဆောင်ရေးနှင့် ရေအရင်းအမြစ်စီမံခန့်ခွဲမှုဆိုင်ရာ အခြေခံအဆောက်အဦများ၊ ကျေးလက်ဒေသဘဏ္ဍာရေး၊ ဈေးကွက်များအား လက်လှမ်းမီနိုင်မှု၊ သုတေသန၊ စိုက်ပျိုးမွေးမြူရေးနည်းပညာနှင့် ကွင်းဆင်းအသိပညာပေးရေး ဝန်ဆောင်မှုများ၊ လယ်သမားအဖွဲ့များအား ဖွဲ့စည်းခြင်း စသည်တို့သည် ကိုင်တွယ်ဖြေရှင်းရန် အရေးတကြီးလိုအပ်သောကိစ္စရပ်များ ဖြစ်ကြပေသည်။ ထို့အပြင် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအတွက် တစ်သမတ်တည်းရှိသည့် ကုန်သွယ်မှုမူဝါဒများကို ရေးဆွဲရာတွင် နည်းဗျူဟာကျကျ တွေးခေါ်ဆင်ခြင်မှုများလည်း လိုအပ်မည်ဖြစ်ပါသည်။

## ကျေးလက်ဘဏ္ဍာရေးကဏ္ဍ တိုးမြှင့်လုပ်ဆောင်ခြင်း

**ကျေး** လက်ဘဏ္ဍာရေးသည် ကျေးလက်ဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်ပင်အရေးပါသောသော့ချက်တစ်ခု ဖြစ်ပါသည်။ နေရာအများအပြား လွှမ်းခြုံနိုင်မှုနှင့် ချေးငွေအတိုးနှုန်းထားများ (အခြားချေးငွေအဖွဲ့များထက် များစွာလျော့နည်းသောနှုန်းထား)အရ မြန်မာ့စိုက်ပျိုးရေးဘဏ် (MADB) ၏ ချေးငွေ အစီအစဉ်သည် လတ်တလောတွင် အထိရောက်ဆုံးဟု ထင်ရသော်လည်း ဝန်ဆောင်မှုအရည်အသွေးနိမ့်ကျခြင်း (လုံလောက်မှုမရှိသည့် ချေးငွေပမာဏများ၊ ချေးငွေထုတ်ပေးခြင်းနှင့် ပြန်ဆပ်ရသည့် ကြာချိန်ကန့်သတ်ချက်/ကြိမ်နှုန်းစသဖြင့်)၊ လူ့စွမ်းအားအရင်းအမြစ်နှင့် စွမ်းဆောင်ရည်နည်းပါးခြင်း၊ ကျေးရွာအဆင့်အတွက် ထပ်ဆင့်ချပေးရမည့် MADB မူဝါဒများနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များသည် ယင်းအစီအစဉ်မှ အကျိုးကျေးဇူးဖြစ်ထွန်းနိုင်ခြေများကို များစွာဟန့်တားနေဆဲဖြစ်ပါသည်။ စိုက်ဘဏ်အနေဖြင့် ဝန်ဆောင်မှုအရည်အသွေး တိုးမြှင့်နိုင်ရန် နက်နဲသိမ်မွေ့သော ပြုပြင်ပြောင်းလဲမှုတစ်ရပ်ကို ဖော်ဆောင်လိုပါက ချေးငွေများ (ထုတ်ပေးခြင်း၊ ပြန်ဆပ်ခြင်း၊ စသည့်)၏ သတ်မှတ်ကာလ/အကြိမ်ရေနှင့် ကိုက်ညီသည့် ကောက်ပဲသီးနှံစိုက်ပျိုးသော ရာသီစက်ဝန်းများနှင့် လယ်သမားများ၏ ငွေကြေးစီးဆင်းမှုဆိုင်ရာ ကျပ်တည်းမှုအခြေအနေများအရ သင့်တင့်လျောက်ပတ်စွာ ပြင်ဆင်လုပ်ဆောင်ပေးခြင်းသာမက အထူးသဖြင့် ဆန်စပါးမဟုတ်သည့် အခြားသီးနှံများအတွက် စိုက်ပျိုးစရိတ်ချေးငွေပမာဏကို တိုးမြှင့်ပေးခြင်း စသဖြင့် ဆောင်ရွက်သင့်





ပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် ချေးငွေဆိုင်ရာလျှောက်လွှာတင်ခြင်း၊ စီမံခန့်ခွဲခြင်း၊ ချေးငွေထုတ်ဝေပေးခြင်းနှင့် ချေးငွေပြန်ဆပ်ခြင်းစသည်များကို ပံ့ပိုးဆောင်ရွက်ပေးရန်အတွက် စိုက်ဘဏ်ကျွမ်းကျင်ဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးကာ ခန့်အပ်ထားရန်လည်း လိုအပ်ပါသည်။ ကြွေးနွံနစ်ခြင်းကြောင့် မြေယာဆုံးရှုံးမှုဖြစ်ပေါ်နိုင်ခြေ အလွန်ပင်မြင့်မားနေသေးသကဲ့သို့ ငွေစုငွေချေးအစီအစဉ်များ လက်လှမ်းမီနိုင်မှု တိုးမြှင့်ခြင်းအားဖြင့် ပုဂ္ဂလိက ငွေချေးသူများအပေါ် ကျေးလက်ဒေသ လယ်သမားများ၏ မှီခိုအားထားမှု လျော့နည်းသွားစေရန် ဆောင်ရွက်ပေးသင့်သည်ဟုလည်း အကြံပြုလိုပါသည်။ တပြိုင်နက်တည်းတွင် ကြွေးနွံနစ်မွန်းမှုကို လျော့ချပေးနိုင်ရန် အိမ်ထောင်စုများ၏ ငွေကြေးစီမံခန့်ခွဲမှုစွမ်းရည်များ တိုးတက်လာစေရေး ရည်မှန်းချက်ဖြင့် ငွေကြေးဆိုင်ရာ ပညာပေးအစီအစဉ်များကို လုပ်ဆောင်ပေးရန်လိုအပ်ပါသည်။ ချေးငွေများကို တစ်ခုထက်မက ရယူသူများ၏ ကြွေးနွံနစ်မွန်းမှုကို ရှောင်ရှားနိုင်ရန်အတွက် ဤကဲ့သို့သော အစိုးရ ထောက်ပံ့သောအစီအစဉ်များ[5]နှင့် အသေးစားငွေစုငွေချေးအဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ကြရန်လည်း အလွန်ပင်လိုအပ်နေပါသည်။

## ရေရှည်တည်တံ့သော စိုက်ပျိုးရေးတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် ဘေးအန္တရာယ်ခံနိုင်စွမ်းကို မြှင့်တင်ပေးခြင်း

အပူပိုင်းဇုန်ဒေသရှိ မိုးရေသောက်သီးနှံများအဖို့ မိုးရေရှားပါးမှု၊ ခန့်မှန်းမရနိုင်သည့် မိုးရေချိန် စသည့်အခြေအနေများနှင့် လိုက်လျောညီထွေသည့် စိုက်ပျိုးနည်းစနစ်များဖြစ်ဖို့လိုပြီး မြစ်ဝကျွန်းပေါ်ဒေသတွင်မူ စပါးတစ်မျိုးတည်းကိုသာ အဓိကထားစိုက်ပျိုးတတ်ကြသည်။ နောက်ခံအခြေအနေများ ထိုကဲ့သို့ မည်မျှပင်ကွဲပြားနေစေကာမူ နိုင်ငံတော်မှ စီမံခန့်ခွဲလျက်ရှိသော ဆည်မြောင်းနှင့် ရေစီမံခန့်ခွဲခြင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုသာမက ဒေသအခြေအနေနှင့် ကိုက်ညီသည့် ရေရှည်တည်တန့်နိုင်မြဲသော စိုက်ပျိုးရေးဆိုင်ရာ အလေ့အထများကို တပါတည်း မြှင့်တင်ပေးရေးရန် အဆိုပါနေရာနှစ်ခုလုံးတွင် လိုအပ်လျက်ရှိပါသည်။ ဤသို့လုပ်ဆောင်ရာတွင် အကျိုးရှိသည့်ရွေးချယ်မှုများ ပြုလုပ်လာနိုင်စေ

---

[5] အစိုးရမှ ရန်ပုံငွေထောက်ပံ့သော အစီအစဉ်များစွာရှိပါသည်။ ဖော်ပြရလျှင် မြန်မာ့စိုက်ပျိုးရေးဘဏ် (MADB)၊ သမဝါယမဦးစီးဌာန (သမ)၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(မြစိမ်းရောင်)နှင့် အခြားပမာဏငယ် ပံ့ပိုးမှုအစီအစဉ်များလည်းရှိပါသည်။

ရန်အတွက် လယ်သမားများအား သီးနှံများနှင့်ပတ်သက်သည့် နည်းပညာဗဟုသုတများ (ရင်းနှီးမြှုပ်နှံမှု အကျိုးအမြတ်ဖြစ်ထွန်းနိုင်မှု၊ ဒေသ၏ စိုက်ပျိုးဂေဟစနစ်များနှင့် ကိုက်ညီမှု) ကို တိုးချဲ့ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသင့်ပါသည်။

ကျေးလက်ဒေသအသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ၏ ရေရှည်တည်တန့်နိုင်မြဲမှုသည် သဘာဝဘေးဒဏ်များကို အိမ်ထောင်စုများမှ တုန့်ပြန်နိုင်စွမ်းအပေါ်တွင်လည်း မူတည်နေပါသည်။ ကျေးလက်နေ အိမ်ထောင်စုများ၏ ဘေးဒဏ်ခံနိုင်စွမ်းကို လူမှုဖူလုံရေးအစီအစဉ်များဖြင့် - အထူးသဖြင့် ကျန်းမာရေးအသုံးစရိတ်များကို ကာမိစေမည့် အစီအစဉ်များဖြင့် - မြှင့်တင်ပေးနိုင်ပါသည်။ ထိုကဲ့သို့သော အစီအစဉ်များကို ရေရှည်ဆောင်ရွက်ပေးနိုင်ရန် ကျေးရွာအဆင့်ထက်ကျော်လွန်၍ ဖွဲ့စည်းဆောင်ရွက်စေခြင်းအားဖြင့် ဖြစ်မြောက်စေမည်ဖြစ်ပါသည်။ ကျေးရွာအုပ်စုများ စုစည်းခြင်းအားဖြင့် မြန်မာနိုင်ငံတွင် အစပျိုးလာခဲ့ကြသည့် စိတ်ဝင်စားဖွယ်ကောင်းသော အစီအစဉ်များကို အခြေပြု ဖော်ဆောင်ရန် အရေးကြီးလှပါသည်။ အမျိုးသားအဆင့် သီးနှံအာမခံ အစီအစဉ်များနှင့်အညီ သီးနှံနှင့်ဆက်စပ်နေသော ဆုံးရှုံးနိုင်ခြေများကို အကာအကွယ်ပေးနိုင်မည့်နည်းလမ်းများအား ရှာဖွေခြင်းကလည်း အလွန်ပင်အကျိုးရှိနိုင်မည် ဖြစ်ပါသည်။



## လယ်ယာလုပ်သားတို့၏ အခက်အခဲများ

အသေးစားစိုက်ပျိုးရေး (လယ်ယာလုပ်သား)ကို အလုပ်အကိုင်အများအပြား၏ အရင်းအမြစ်အဖြစ် တွေ့ရပါသည်။ အပူပိုင်းဇုန်နှင့် မြစ်ဝကျွန်းပေါ်မှ အိမ်ထောင်စုအများစု ဖြစ်ကြသော ၈၀ ရာခိုင်နှုန်းကျော်သည် မိမိတို့၏ လယ်ယာအတွင်းတွင် လုပ်ကိုင်နေကြကြောင်း တွေ့ရှိရပါသည်။ ထိုဒေသမှ ၄၂ ရာခိုင်နှုန်းသော အိမ်ထောင်စုများတွင် လယ်လုပ်သားအဖြစ် လုပ်အားခရသော မိသားဝင်အနည်းဆုံး တစ်ဦးရှိကြောင်းကိုလည်း တွေ့ ရှိနိုင်ပါသည်။ အကျိုးဆက်အနေဖြင့် ရိတ်သိမ်းခြွေလှေ့စက်ကြီးများကဲ့သို့သော အကြီးစားလယ်ယာစက်ပစ္စည်းများ[6] ဖြင့် စက်မှုအစားထိုးခြင်းအစီအစဉ်ကိုဆောင်ရွက်ရာတွင် လယ်လုပ်သားအလုပ်ကို မှီခိုအားထားနေရသော မိသားစုများ၏ အလုပ်အကိုင်အခွင့်အလမ်းအား ဖယ်ထုတ်သကဲ့သို့ မဖြစ်အောင် အထူးဂရုပြုဆောင်ရွက်သင့်ပါသည်။ ၎င်းတို့အဖို့ အခြားအသက်မွေးဝမ်းကျောင်းမှုနည်းလမ်းများနှင့် မြို့ပြဒေသတွင် သွားရောက်လုပ်ကိုင်နိုင်မည့် အလုပ်အကိုင်များ ပို၍နည်း

---

6 သို့သော် လယ်ကွင်းများအတွက် အသေးစားစက်ပစ္စည်းများ (ဥပမာ ပါဝါထွန်စက်များ) ကို လက်လုပ်မီအသုံးပြုနိုင်မှုသည် အရေးပါလှပါသည်။



ပါးသည့်အချက်ကိုလည်း သတိပြုသင့်ပါသည်။

မြစ်ဝကျွန်းပေါ်ဒေသမှ ထိုမိသားစုများအတွက်လည်း ၎င်းအန္တရာယ်သည် အလွန်ပင်ကြီးလေးလှပေသည်။ မြစ်ဝကျွန်းပေါ်တွင် မြေယာမဲ့များနှင့် မြေကွက်ငယ်များ (သုံးဧကထက်နည်းသောမြေ)ကိုသာ ပိုင်ဆိုင်သူများသည် လယ်လုပ်သားအဖြစ် အဓိကလုပ်ကိုင်ကြပါသည်။ [7] တစ်ဘက်တွင် အရည်အသွေးအခြေပြု လေ့လာမှုစစ်တမ်းအရ တွေ့ရှိရသည်မှာ မြစ်ဝကျွန်းပေါ်တွင် စိုက်ရေးပျိုးရေး ရာသီချိန်များတွင် ( ဥပမာ ကောက်စိုက်ရာသီနှင့် ရိတ်သိမ်းရာသီ) အလုပ်သမားရှာရန် ခက်ခဲလှပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ လယ်သမားအများအပြားသည် နွေရာသီတွင် ၎င်းတို့၏လယ်ယာမြေတစ်ခုလုံးကို ထွန်ယက်စိုက်ပျိုးနိုင်ခြင်းမရှိသောကြောင့်လည်း ဖြစ်နိုင်ပါသည်။ သို့သော် ဤအခက်အခဲကြောင့် မြေယာမဲ့များ သို့မဟုတ် မြေကွက်ငယ်လေးများကိုသာပိုင်ဆိုင်သော လယ်သမားများအတွက် နွေရာသီတွင် မြေယာယီအသုံးပြုခွင့် ရရှိနိုင်ပါသည်။ ထို့ကြောင့် လယ်လုပ်သားများကို အားကိုးအားထားပြုရခြင်းသည် အလုပ်အကိုင် ဖန်တီးပေးနိုင်ရန်အတွက်သာမက မြေယာမဲ့များအတွက် မြေယာယာယီအသုံးပြုခွင့်ရရှိစေရန် ဓနဥစ္စာပြန်လည်ခွဲဝေပေးသည့် လုပ်ထုံးလုပ်နည်းတစ်ခုအဖြစ် အတိုင်းအတာတစ်ခုအထိ အကျိုးသက်ရောက်နိုင်မည်ဖြစ်ပါသည်။ ဤကဲ့သို့သော လယ်လုပ်သားနှင့် လယ်သမားများအကြား နှစ်ဦးနှစ်ဘက် အကျိုးပြုသော အစီအမံပုံစံစနစ်သစ်များကို လက်တွေ့စမ်းသပ်သင့်ပါသည်။

---

7 အပူပိုင်းဇုန်တွင်မူ လယ်လုပ်သားအဖြစ်လုပ်ကိုင်ခြင်းကို မြေပိုင်ဆိုင်မှုအုပ်စုအမျိုးမျိုးတွင် ပို၍ ညီညီမျှမျှ တွေ့ရှိပါသည်။

## မူဝါဒရေးရာနှင့် အရေးယူဆောင်ရွက်မှုအား ထိရောက်စွာ ဦးစားပေးဖော်ဆောင်နိုင်ရန်အတွက် ကျေးလက်အိမ်ထောင်စုများ၏ မတူကွဲပြားမှုကို ထည့်သွင်းစဉ်းစားခြင်း

မြေများနှင့် ကျေးလက်စားဝတ်နေရေးဖူလုံမှုကို အထောက်အကူပေးသည့် လုပ်ဆောင်ချက်များတွင် လုပ်ကွက်ငယ်တောင်သူများကို တူညီသည့် အမျိုးအစားတစ်ခုတည်းအဖြစ် သတ်မှတ်ခွဲခြား၍ မရကြောင်းကိုလည်း သတိချပ်ရန် လိုအပ်ပါသည်။ အမှန်စင်စစ် ရာသီစက်ဝန်းအရ လက်ဝယ်ထား ရှိသော မြေယာအရွယ်အစားနှင့် အသက်မွေးဝမ်းကျောင်းမှု နည်းဗျူဟာများအားဖြင့် လုပ်ကွက်ငယ်တောင်သူများကို ခွဲခြားသတ်မှတ်နိုင်မည် ဖြစ်သည်။ ဥပမာအနေဖြင့် "လယ်ယာအထူးပြု လုပ်ကွက်ငယ်တောင်သူများ" သည် စိုက်ပျိုးရေး ကိုသာ အမှီပြုလုပ်ကိုင်နေကြပြီး (နှင့် လယ်ယာအလုပ်) "လုပ်ငန်းမျိုးစုံလုပ်ကိုင်သောသော လုပ်ကွက်ငယ်တောင်သူ များ"အနေဖြင့် လယ်ယာပြင်ပအခန်းကဏ္ဍများအပါအဝင် ပိုမိုထွေပြားသော လုပ်ငန်းဆောင်တာများကိုပါ လုပ်ကိုင် ကြပါသည်။ လယ်ယာအထူးပြုသူများအနေဖြင့် စိုက်ပျိုးမြေပမာဏ မည်မျှပင်ဖြစ်စေကာမူ မျိုးစုံလုပ်ကိုင်သော တောင်သူများထက် စားဝတ်နေရေးဖူလုံမှုအတွက် ပို၍စိုးရိမ်ပူပန်ကြရပါသည်။

ထိုနည်းတူစွာပင် မြေယာမဲ့အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများကို ပိုမိုစေ့စပ်သေချာစွာ လေ့လာခြင်းအားဖြင့် လေ့လာဆန်းစစ်မှုပြုလုပ်ခဲ့သည့်ဒေသများရှိ မြေရယူသုံးစွဲနိုင်မှုဆိုင်ရာ မရေရာမှုများနှင့် စပ်လျဉ်း၍ မသိမသာကွဲပြားနေသည့် လက္ခဏာအင်္ဂါရပ်များကို ပိုမိုဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါသည်။ အကယ်စင်စစ် "မြေယာမဲ့"ဟူသော အုပ်စုတစ်ခု (အသုံးအနှုန်းတစ်ခု) တည်းတွင်ပင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းခွင်တွင် လုပ်ကိုင် သည့် အခြေအနေအမျိုးမျိုးရှိသော အိမ်ထောင်စုများပါဝင်ပါသည်။ "စိုက်ပျိုးရေးအလုပ်လုပ်သည့် မြေယာမဲ့များ" ဆိုသည်မှာ ယာယီအစီအမံများဖြင့် စိုက်ပျိုးထွန်ယက်သူများ (သီးစားချခြင်း၊ မြေငှားရမ်းခြင်းစသဖြင့်)၊ လယ်အလုပ် များအပေါ်တွင် အဓိကမှီခိုအားထားသူများအပါအဝင် အလုပ်အမျိုးစုံဖြင့် လယ်ယာပြင်ပအလုပ်များကို အဓိကမှီခို အားထားကြသူများကိုပါ ဆိုလိုပါသည်။

အိမ်ထောင်စုတစ်စုအနေဖြင့် စိုက်ပျိုးမြေရယူသုံးစွဲနိုင်ခြင်း ရှိ၊ မရှိ အဆုံးအဖြတ်ပေးသည့် အဓိကအချက်တစ် ချက်မှာ ထိုအိမ်ထောင်စု၏ ဘဝသံသရာစက်ဝန်းပင် ဖြစ်ပါသည်။ သက်တမ်းနုသေးသည့်အိမ်ထောင်စုများအဖို့ လတ်တလောတွင် မြေယာပိုင်ဆိုင်မှုမရှိသေးသော်ငြားလည်း နောက်နောင်တွင် အမွေရရှိလာပါက စုဆောင်းငွေများဖြင့်



မြေ ဝယ်ယူနိုင်သေးသည်ဖြစ်ရာ မြေယာပိုင်ဆိုင်မှုမရှိခြင်းသည် အခိုက်အတန့်မျှသာဖြစ်ပေသည်။ သို့ရာတွင် အသက် ၄၀ - ၅၀ ကျော်အရွယ်ဦးစီးသည့် မိသားစုများအဖို့မူ မြေယာမဲ့ခြင်းသည် ထာဝရမြေယာမဲ့ခြင်းပင် ဖြစ်သွားနိုင်ပါသည်။ မတူညီသော အသက်အရွယ်အုပ်စုများ၏ သီးခြားလိုအပ်ချက်များကို တုံ့ပြန်ဖြည့်ဆည်းပေးနိုင်သည့် မူဝါဒများနှင့် အသက်မွေးဝမ်းကျောင်းမှု အထောက်အကူပြု လုပ်ငန်းဆောင်တာများကိုလည်း ထည့်သွင်းစဉ်းစားရန် အလွန်အရေးကြီးလှပါသည်။ "သက်တမ်းနုနယ်သည့်" လုပ်ကွက်ငယ်တောင်သူများနှင့် မြေယာမဲ့အိမ်ထောင်စုများအား ဦးစားပေးကာ ၎င်းတို့၏ လယ်ယာစိုက်ပျိုးရေးစီမံချက်များအတွက် သီးခြားကူညီပံ့ပိုးမှုများ ဥပမာ-အပူပိုင်းဇုန်မှ "သက်တမ်းနု" အိမ်ထောင်စုများအား ကျွဲနွားများ ဝယ်ယူပိုင်ဆိုင်နိုင်ရေးနှင့် မြစ်ဝကျွန်းပေါ်ဒေသရှိ "ငယ်ရွယ်သော" လုပ်ကွက်ငယ်တောင်သူ မြေယာမဲ့များအတွက်ကိုမူ မြေလွတ်များအား ယာယီအစီအမံများဖြင့် လက်လှမ်းမီအသုံးပြုနိုင်စေရန် ချထားပေးခြင်းတို့ လိုအပ်ပါသည်။

မြေယာမဲ့မှုဖြစ်ရပ်တွင် လေ့လာဆန်းစစ်မှုပြုလုပ်ခဲ့သည့်ဒေသများ၏ သမိုင်းကြောင်းနှင့် စိုက်ပျိုးရေးဆိုင်ရာဝိသေသများအကြား ဆက်နွယ်မှုမြောက်များစွာ ရှိပါသည်။ ဥပမာ အပူပိုင်းဇုန်သည် မြန်မာ့လူမှု အဖွဲ့အစည်း၏ မူလအစတည်ရာဒေသဖြစ်ကာ အခြေကျပြီးဖြစ်သော ကျေးရွာများနှင့် ခိုင်မာသော လူမှုဖွဲ့စည်းပုံလည်းရှိပါသည်။ မြစ်ဝကျွန်းပေါ်ဒေသကမူ နယ်ပယ်သစ်တွင် အခြေချသည့် သက်တမ်းနုနယ်သေးသော လူမှုအဖွဲ့အစည်းဖြစ်ပြီး "တာဝန်ကျေ စပါးမဖြစ်မနေ ပေးသွင်းရသည့်" မူဝါဒ စသည်တို့၏ သက်ရောက်မှုကို ပိုမိုခံစားခဲ့ကြရပါသည်။

ထိုအကြောင်းများကြောင့် မြေယာမဲ့နှုန်းသည် များသောအားဖြင့် အပူပိုင်းဇုန်ကျေးရွာများထက် မြစ်ဝကျွန်းပေါ်တွင် ပိုမိုမြင့်မားလေ့ရှိပါသည်။ ထို့အပြင် ဒေသတစ်ခုတည်းအတွင်းရှိ ကျေးရွာများအကြားတွင်လည်း ကြီးမားသော ကွာခြားချက်များရှိနေပြန်သည့်အတွက် မြေရယူသုံးစွဲနိုင်မှုကို ဆုံးဖြတ်ရာတွင် ရှုပ်ထွေးမှုနှင့် အချက်အလက်အမျိုးမျိုး (ဥပမာ - ဒေသန္တရစိုက်ပျိုးရေး ဂေဟစနစ်ဆိုင်ရာ အခြေအနေများ၊ ဒေသန္တရအဆင့်ရှိ အာဏာဆက်နွယ်မှုများ၏ အရေးပါမှု စသည်များ) ရောယှက်ဆက်စပ်မှုတို့ကို ဖော်ပြနေပါသည်။ ဤကွာခြားချက်များ ကြည့်ခြင်းအားဖြင့် မြေယာပိုင်ဆိုင်လုပ်ကိုင်ခွင့်အတွက် အတိုင်းအတာကြီးမားသည့်စစ်တမ်းများနှင့် "အခြေအနေအားလုံးနှင့်ကိုက်ညီသည့်" အလားသဏ္ဍာန်တူသည့် နည်းလမ်းများသည် ဒေသအလိုက်နှင့် အခြေအနေအလိုက်ဖြစ်ပေါ်နေသော ပြဿနာများကို ထိရောက်စွာဖြေရှင်းနိုင်မည်မဟုတ်ကြောင်း သိရှိနိုင်ပါသည်။ မြေ ပြန်လည်ချထားပေးရေးစီမံချက်များတွင် ဥပမာအနေဖြင့် အသက်အရွယ်ပိုကြီးသော စိုက်ပျိုးရေးလုပ်ကိုင်သူ (အသက် ၄၀ အထက် ဦးစီးသည့် အိမ်ထောင်စု) မြေယာမဲ့ အိမ်ထောင်စုများနှင့် လယ်လုပ်သမားအဖြစ်သာ အဓိကလုပ်ကိုင်စားသောက်သော မြေယာမဲ့ အိမ်ထောင်စုများကို ဦးစားပေးရန် လိုအပ်သည်။







# သုတေသန၏ နောက်ခံအကြောင်းအရာ

ဤဆန်းစစ်လေ့လာမှုအား "မြန်မာ့ မြေပြန့်ကျေးလက်ဒေသရှိ မြေယာပိုင်ဆိုင်လုပ်ကိုင်ခွင့် - မြန်မာနိုင်ငံ၏ ကဏ္ဍစုံမူဝါဒပိုင်းဆိုင်ရာ အပြန်အလှန် နီးနှောဖလှယ်ပွဲတွင် ညှိနှိုင်းဆွေးနွေးဆောင် ရွက်ရန်အတွက် ကျေးလက်ဒေသမှ မြေယာရပ်ကိစ္စများအား သိရှိနားလည်မှုဖော်ဆောင်ရေး" စီမံချက်အောက်မှ ဖော်ထုတ်လာသော တင်ပြချက်တစ်ရပ်ဖြစ်ပါသည်။ အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာ ဖူလုံရေးရန်ပုံငွေအဖွဲ့ (LIFT) ၏ ထောက်ပံ့မှုဖြင့် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလတွင် စတင်ဖော်ဆောင်သော ဤလေ့လာ မှုသည် နယ်ပယ်ပေါင်းစုံမှ

နိုင်ငံတကာနှင့် မြန်မာသုတေသနပညာရှင် ၁၁ ဦး ပါဝင်သော သုတေသနအဖွဲ့မှ နှစ်နှစ်ကျော် ကြာ နှံ့စပ်စုံလင်စွာ ပြုလုပ်ခဲ့သည့် သုတေသန(ကွင်းဆင်း လေ့လာမှုမှာ ၁၃ လ ကြာမြင့်သော)၏ ရလဒ်တစ်ခု ဖြစ်ပါ သည်။

၂၀၁၂ခုနှစ် မြေယာပြုပြင်ပြောင်းလဲမှုများနှင့် တဆက်တည်းဖြစ်ပေါ်လာသည့် မြန်မာနိုင်ငံ၏ နိုင်ငံရေး အကူး အပြောင်းကာလအတောအတွင်း အရေးတကြီးလိုအပ်နေသောနှစ်များအတွင်း ဤသုတေသနအား ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။ ယခင်နှင့်လက်ရှိ မြေယာနှင့်စိုက်ပျိုးရေးမူဝါဒများ၏ အောက်ခြေအဆင့်တွေ့ကြုံရသော လက်တွေ့ဖြစ်ရပ်မှန်များကို မှတ်တမ်းတင်ခဲ့ပြီး မြေယာရယူသုံးစွဲခွင့် ပုံစံနစ်များ၊ မြေယာလက်လွှဲမှုများ၊ မြေယာပိုင်ဆိုင်လုပ်ကိုင်ခွင့် အာမခံချက်ကင်းမဲ့မှုများနှင့် လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း မြေယာဆုံးရှုံးမှု သို့မဟုတ် မြေယာလက်ဝယ်စုဆောင်းမှုပုံစံများကို လေ့လာဆန်းစစ်ခဲ့ပါသည်။

ထို့အပြင် ဤလေ့လာဆန်းစစ်မှုတွင် အဆိုပါကိစ္စရပ်များနှင့်အတူ လယ်ယာစိုက်ပျိုးမှုစနစ်များ၊ သဘာဝသယံဇာတသုံးစွဲမှု၊ အသက်မွေးဝမ်းကျောင်းမှု မဟာဗျူဟာများအကြား အပြန်အလှန်ဆက်နွယ်နေမှုများကိုလည်း လေ့လာစိစစ်ခဲ့ပါသည်။ နောက်ဆုံးအနေဖြင့် မြန်မာနိုင်ငံ၏ သီးခြား နိုင်ငံရေး-စီးပွားရေး ဖြစ်တည်မှုအခြေအနေများကို အခြေပြုကာ အသက်မွေးဝမ်းကျောင်းမှု အာမခံချက်ရှိမှုနှင့် မြေယာကဏ္ဍအကြား ချိတ်ဆက်မှုများကိုပါ စူးစမ်းလေ့လာထားပါသည်။

ဤလေ့လာဆန်းစစ်မှုအား ကျေးရွာပေါင်းဆယ့်ရှစ်ရွာတွင် ဆောင်ရွက်ခဲ့ရာ ယင်းရွာတို့မှာ ဗိုလ်ကလေးနှင့် မော်လမြိုင်ကျွန်းမြို့နယ်များ (မြစ်ဝကျွန်းပေါ်ဒေသ)မှ ရွာကိုးရွာနှင့် မုံရွာနှင့်ယင်းမာပင်မြို့နယ်များ (အပူပိုင်းဇုန်)မှ ရွာကိုးရွာ ဖြစ်ပါသည်။ လေ့လာဆန်းစစ်မှုတွင် အဆင့် ၃ ဆင့် ပါရှိပြီး အရည်အသွေးပိုင်းဆိုင်ရာဆန်းစစ်မှုနှင့် ကိန်းဂဏန်းအချက်အလက်တိုင်းတာမှုဆိုင်ရာ နည်းစနစ်များကို ပေါင်းစပ်အသုံးပြုထားခြင်းဖြစ်ပါသည်။ လေ့လာဆန်းစစ်မှုအား ပုံဖော်တင်ပြသည့်အဆင့်တွင် အဓိကကျသည့် သတင်းအချက်အလက်ပေးနိုင်သူများအား တွေ့ဆုံမေးမြန်းခြင်းများ၊ ဦးတည်အုပ်စု ဆွေးနွေးပွဲများ၊ အိမ်ထောင်တစ်စုချင်းဆီ အလွတ်သဘော တွေ့ဆုံမေးမြန်းမှုများအား အခြေခံထားပါသည်။

ဤအဆင့်မှ ကျေးရွာ၏ ရေခံမြေခံအခြေအနေများ၊ လူမှုရေးအဖွဲ့အစည်းများ၊ မြေယာဆိုင်ရာ လှည့်ပြောင်းနိုင်စွမ်းနှင့် လက်လွှဲရောင်းချမှုလုပ်ငန်းကိစ္စများ စသည်တို့နှင့်ဆက်စပ်သည့် ကနဦးသတင်းအချက်အလက်များကို ရရှိစေပါသည်။ အရည်အသွေးဆိုင်ရာ အချက်အလက်ကောက်ယူမှုအဆင့်တွင်မူ ကျေးရွာသုံးရွာကိုသာ ရွေးချယ်ကာ အိမ်ထောင်စုများ၏ နောက်ခံအချက်အလက်များ၊ အမွေဆက်ခံရရှိမှု၊ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများနှင့် မြေရပိုင်ခွင့်များအား နောက်ဆုံးလွှဲပြောင်းခဲ့မှုများနှင့် အစီအမံများအကြောင်းကိုသာ အဓိကထားသည့် တွေ့ဆုံမေးမြန်းမှုများကို ပြုလုပ်ပါသည်။

နောက်ဆုံးအရေးအတွက် တိုင်းတာဆန်းစစ်မှုဆိုင်ရာအဆင့်တွင် နယ်မြေဒေသ နှစ်ခုစလုံးမှ ကျေးရွာပေါင်း ကိုးရွာရှိ စုစုပေါင်း ၁,၁၁၈ အိမ်ထောင်စုကို လွှမ်းခြုံနိုင်ခဲ့ပြီး အိမ်ထောင်စုများ၏ လူဦးရေနှင့် အခြားသောအခြေခံအချက်အလက်များကို စာရင်းကောက်ယူခြင်း၊ မြေယာအမွေဆက်ခံရရှိမှုနှင့် အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများကို လေ့လာခဲ့ပါသည်။ အဓိကတွေ့ရှိချက်များအား ဆက်လက်ဖော်ပြထားပါသည်။



# နှစ်ပေါင်း ၁၅၀ အကြာ မြန်မာ့လယ်ယာအသိုင်းအဝိုင်းအား အမြစ်ဖြုတ်ခြင်းသည် မည်သူ၏ကိုယ်ကျိုးအတွက်နည်း

၁၈၅၂ ခုနှစ်တွင် အောက်မြန်မာပြည်အား ဗြိတိသျှတို့ နယ်ချဲ့သိမ်းပိုက်ခဲ့သည့်အချိန်မှစ၍ လုပ်ဆောင်ခဲ့သော မြန်မာ့စိုက်ပျိုးရေးကဏ္ဍအပေါ် သက်ရောက်မှုရှိခဲ့သည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအားလုံး၏ ကျိုးကြောင်းတူညီ ဆက်စပ်မှုရှိသည့် အခြေခံဦးတည်ချက်မှာ လယ်သမားများအား မြေငှားဘဝမှ မြေပိုင်ရှင်ဘဝသို့ ရောက်ရှိလာသည်အထိ ကူညီပေးရန်ဖြစ်ပါသည်။ သို့သော် ယင်းမှာ အလွန်ပင် ခက်ခဲရှုပ်ထွေးလှပါသည်။ အကြောင်းမှာ မြန်မာနိုင်ငံအား ဗြိတိသျှတို့ စတင်အုပ်ချုပ်ခဲ့သည့်အချိန် ၁၈၉၁ ခုနှစ် လူဦးရေသန်းခေါင်စာရင်းအရ နိုင်ငံ့လူဦးရေ၏ ကြီးမားသည့်အစိတ်အပိုင်း (၆၄ ရာခိုင်နှုန်း) သည် ကိုယ်ပိုင်မြေပေါ်တွင် ထွန်ယက်စိုက်ပျိုးနေသူများဖြစ်ကြပြီး၊ မြေရှင်ကြီးများ ၁ ရာခိုင်နှုန်း၊ သူရင်းငှား ၂၆ ရာခိုင်နှုန်းနှင့် မြေယာမဲ့ လယ်ယာအလုပ်သမား ၈ ရာခိုင်နှုန်းသာရှိကြောင်း မှတ်တမ်းတင်ထားသောကြောင့်ဖြစ်သည်။

အမှန်စင်စစ် ကိုလိုနီခေတ်မတိုင်မီကာလတွင် အထက်မြန်မာပြည် ကျေးလက်ဒေသ၏ ဩဇာရှိသည့် အလွှာလူတန်းစားတွင် မျိုးရိုးစဉ်ဆက်အရိုက်အရာဆက်ခံလာသော ရွာသူကြီးများမှ အုပ်ချုပ်ခဲ့ကြပါသည်။ ထိုရွာသူကြီးများသည် ၎င်းတို့၏ စီရင်ခွင့်ရှိရာဒေသအတွင်းရှိ မြေအားလုံးကို ပိုင်ဆိုင်ခွဲဝေစီမံခွင့်ရှိပုံရပြီး athis ဟုခေါ်သည့် မိမိဘာသာ ဖူလုံစွာ စိုက်ပျိုးလုပ်ကိုင်စားသောက်နေသော လွတ်လပ်သည့်လယ်သမားထုကို အုပ်ချုပ်ခဲ့ကြပါသည်။ မြေယာများအား ဘုံပိုင်ဆိုင်မှုစနစ်ဖြင့် ဖွဲ့စည်းထားပြီး ထိုမြေများပေါ်တွင် နေထိုင်လုပ်ကိုင်ခွင့်အား ရွာသူကြီးမှ အနီးကပ်ကြီးကြပ်ပါသည်။ (Lieberman 1991 : 27)။ လွတ်လပ်သူများဖြစ်စေ၊ လယ်ကျွန်များ (အရာတော်မြေ သို့မဟုတ် သာသနာ့မြေတွင် လုပ်ကိုင်သူများ) ဖြစ်စေ၊ မည်သည့်လယ်သမားများမဆိုသည် ရပ်ရွာအကြီးအမှူးများ (ရွာလူကြီးများ၊ ဘုရင့်အရာထမ်းများ) နှင့် နည်းလမ်းမျိုးစုံဖြင့် ဆက်နွယ်မှုရှိကြပြီး ၎င်းလယ်သမားများအနေဖြင့် လူမှုရေးအရသာမက၊ စီးပွားရေးအရပါ ကာကွယ်စောင့်ရှောက်မှု ရရှိကြပါသည်။

ထို့ကြောင့် ဗြိတိသျှတို့၏ ရည်မှန်းချက်ဟုယူဆရသော ယင်းပန်းတိုင်နှင့် ဆန့်ကျင်စွာ ထိုနှစ်ပေါင်း ၁၅၀ သည် အမှန်စင်စစ် အကြီးအမှူးများနှင့် လယ်သမားများကြား ပေါင်းစည်းမှုအား အကြောင်းအမျိုးမျိုးဖြင့် ဆုတ်ယုတ်ပျက်ပြယ်စေသော အချိန်ကာလမျှသာဖြစ်ပါသည်။ ပထမဦးဆုံးအကြောင်းပြချက်တစ်ခုမှာ လူတစ်ဦးချင်းစီထံမှ နိုင်ငံ့အတွက် အကောက်ခွန်ပေးဆောင်ရသည့်စနစ်ကို အသက်သွင်းခဲ့ခြင်းဖြစ်ပါသည်။ ဗြိတိသျှတို့မှ ryotwari စနစ်[1]အား စတင်မိတ်ဆက်ကျင့်သုံးလာခြင်းနှင့်အတူ နှစ်ပေါင်းများစွာ ဘိုးဘွားစဉ်ဆက် မြေယာအသုံးချပိုင်ခွင့်အယူအဆဖြစ်သော ဓားမဦးချ လယ်ယာလုပ်ကိုင်မှုပုံစံမှ လူတစ်ဦးချင်းစီအား မြေပိုင်ဆိုင်ခွင့်တောင်းခံစေသည့်စနစ်သို့ ပြောင်းလဲကာ မြေသည်လည်း ကုန်ပစ္စည်းတစ်ခု (သို့မဟုတ် အနည်းဆုံးအနေဖြင့် ချေးငွေများရယူနိုင်ရန် အပေါင်ပစ္စည်းတစ်ခု) ဖြစ်လာခဲ့ရပါသည်။

ကိုလိုနီအုပ်ချုပ်ရေးယန္တရားသည် ကျေးရွာအုပ်စုများသို့ ရောက်ရှိလာသည်နှင့်အမျှ ရွာသူကြီးများသည် ယင်းအုပ်ချုပ်ရေးမှ ကျောထောက်နောက်ခံပြုပေးထားသည့် အထက်တန်းစားအလွှာများ ဖြစ်လာကြပါသည်။ ဆန်စပါးထုတ်လုပ်ရေးတွင် နိုင်ငံတကာဈေးကွက်များသို့ စပေါင်းတင်ပို့နိုင်ရန် ဆောင်ရွက်မှုနှင့်အတူ နောက်ဆက်တွဲအနေဖြင့် ငွေကြေးအရလဲလှယ်မှုနည်းလမ်း အသက်ဝင်ခြင်းနှင့် တန်ဖိုးကွင်းဆက်တိုးချဲ့ဆောင်ရွက်မှုတို့ကလည်း ယခင်က အကြီးအမှူးများနှင့် လယ်သမားများအကြား ဆက်ဆံရေးကိုလည်း ပျက်ပြားစေခဲ့သည့်အကြောင်းအရင်းတစ်ခု ဖြစ်ပါသည်။ ခြုံကြည့်မည်ဆိုပါက ရွာသူကြီးများနှင့် အကြီးအမှူးများထက် မြေပိုင်ရှင်များနှင့် ငွေချေးငှားသူများကသာ ပိုမိုအရေးပါလာသည်နှင့်အမျှ စိုက်ပျိုးရေးသမားတစ်ဦး၏ လူမှုတန်ဖိုးမှာ စီးပွားရေးအကျိုးအမြတ်ရရှိမှုအောက်၌သာ မေးမှိန်သွားခဲ့ရပါသည်။ ရလဒ်အနေဖြင့် ၁၉၃၀ ခုနှစ်မတိုင်မီတွင် ထွန်ယက်စိုက်ပျိုးနေသောမြေ စုစုပေါင်း၏ သုံးပုံတစ်ပုံသည် လယ်သမားမဟုတ်သူများ လက်တွင်းသို့ ကျရောက်ခဲ့ရပြီး လေးပုံတစ်ပုံအား လယ်သမားများကို မြေယာငှားရမ်း လုပ်ကိုင်စေသည့် အခြားဒေသမှ မြေပိုင်ရှင်များက ပိုင်ဆိုင်လာကြပါသည်။

ဤအခြေအနေအား မြေငှားအဖြစ်မှ မြေပိုင်ရှင်များအဖြစ် ပြောင်းလဲဖြစ်တည်နိုင်စေရန် ရည်ရွယ်လျက် ၁၉၄၈ နိုင်ငံပိုင်ပြုရေးဥပဒေနှင့် နောက်ဆက်တွဲမူဝါဒများ (၁၉၅၃ လယ်ယာမြေနိုင်ငံပိုင်ပြုရေးဥပဒေ၊ ၁၉၆၄ သီးစားချထားရေးဥပဒေနှင့် နည်းဥပဒေများ)ကို ပြဋ္ဌာန်းခဲ့ပါသည်။ သို့သော် မြန်မာ့ရိုးရာယဉ်ကျေးမှုလယ်ယာစိုက်ပျိုးမှုစနစ်သည် အမြစ်မှဆွဲနုတ်ခံထားရပြီး[2] ဖြစ်ကာ ထွန်ယက်စိုက်ပျိုးနိုင်သည့် မြေဆီသြဇာကောင်းသောမြေများ နည်းပါးလာခြင်းနှင့် အတူ ၁၉၃၀ ပြည့်လွန်နှစ် စီးပွားပျက်ကပ်ကြီး (Great Depression) စသည်တို့ကြောင့် တောင်သူလယ်သမား အများအပြားမှာ ထွန်ယက်စိုက်ပျိုးလုပ်ကိုင်ရန်နှင့် ရံဖန်ရံခါဖြစ်ပွားလေ့ရှိသော စီးပွားရေးအကျပ်အတည်းများ (အဖျက်ပိုးများကျရောက်ခြင်း၊ ရာသီဥတုဖောက်ပြန်မှု) ကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ငွေအင်အား မတတ်နိုင်ကြတော့ပါ။ လယ်ယာမြေနိုင်ငံပိုင်ပြုရေးဥပဒေအရ လယ်ယာမြေများ ပြန်လည်ခွဲဝေပေးရေးကို ကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်ခဲ့ခြင်းမရှိသည့်အပြင် (စိုက်ပျိုးမြေ ၁၇ ရာခိုင်နှုန်းကိုသာ နိုင်ငံပိုင်ပြုလုပ်နိုင်ခဲ့သည်) ရိတ်သိမ်းထားသောကောက်ပဲသီးနှံများထဲမှ(အထူးသဖြင့်) ဆန်စပါး (တာဝန်ကျေစပါး)ကို သတ်မှတ်ထားသည့် ဈေးနှုန်းဖြင့် ခွဲတမ်းအတိုင်း အစိုးရအဝယ်ဒိုင်များသို့ မဖြစ်မနေ ရောင်းချရမည့်မူဝါဒများက အကြီးစားလယ်သမားများကို အကျိုးဖြစ်ထွန်းစေသော

[1] လူတစ်ဦးချင်းကိုအခြေခံ၍ အခွန်ပေးချေနိုင်ရန်အတွက် လူတစ်ဦးချင်းစီထံမှ တိုက်ရိုက်သတ်မှတ်ကောက်ခံသောစနစ် ဖြစ်ပါသည်။

2 ဗြိတိသျှကိုလိုနီအုပ်ချုပ်ရေးနှင့်အတူ ပေါ်ထွန်းလာသည့် မြစ်ဝကျွန်းပေါ်ဒေသထက် သမိုင်းကြောင်း ပိုမိုရှည်လျားသည့် အပူပိုင်းဇုန်မှလယ်သမားများ အနေဖြင့် ထိုကဲ့သို့သောအပြောင်းအလဲများ၏ သက်ရောက်မှုကို တောင့်ခံနိုင်စွမ်းပိုမို ရှိခဲ့ကြပါသည်။

လည်း အသေးစားနှင့် အလတ်စားလယ်သမားများ (စပါးစိုက်ပျိုး ဧက ၁၆ ဧက အောက်)ကိုမူ ထိခိုက်နစ်နာစေခဲ့ပါသည်။ လေ့လာခဲ့သော ကျေးရွာများတွင် မြေယာငှားရမ်းလုပ်ကိုင်မှု နည်းပါးလှသည်ကို တွေ့ရပါသည်။ ဖုန်နှစ်ခုစလုံးရှိ မြေယာမဲ့အိမ်ထောင်စုများ၏ ပျမ်းမျှ ၁၆ ရာခိုင်နှုန်းသည် ယာယီအစီအမံများဖြင့် ထွန်ယက်စိုက်ပျိုးနေကြခြင်းဖြစ်ပြီး ထွန်ယက်စိုက်ပျိုးသူ အိမ်ထောင်စုများအားလုံး (မြေအသုံးချခွင့် အပြီးအပိုင်ရရှိထားသော အိမ်ထောင်စုများနှင့် ယာယီအစီအမံများဖြင့် ထွန်ယက်စိုက်ပျိုးနေသော မြေယာမဲ့အိမ်ထောင်စုများ)အနေဖြင့်ဆိုလျှင် မြေယာငှားရမ်းလုပ်ကိုင်မှု ၁၃ ဒသမ ၅ ရာခိုင်နှုန်းမျှသာရှိပါသည်။ ပို၍စိုးရိမ်ဖွယ်ကောင်းသည့်အချက်မှာ ဖုန်နှစ်ခုစလုံးတွင် ပျမ်းမျှ မြေယာမဲ့အိမ်ထောင်စုသည် ၅၀ ရာခိုင်နှုန်းနီးပါးအထိ မြင့်တက်လာနေခြင်းပင်ဖြစ်သည် (မြစ်ဝကျွန်းပေါ်တောင်ပိုင်း၊ ကြက်လျှာ ကျေးရွာအုပ်စုရှိ ပေချောင်းကျေးရွာတွင် ၈၀ ရာခိုင်နှုန်းအထိပင် မြင့်မားနေသည်)။ ဗြိတိသျှတို့ ကောက်ယူခဲ့သည့် ၁၈၉၁ လူဦးရေသန်းခေါင်စာရင်းကို အခြေခံတွက်ချက်မည်ဆိုလျှင် နှစ်ပေါင်း ၁၅၀ အတွင်းတွင် မြေယာမဲ့လယ်လုပ်သားများ ရာခိုင်နှုန်းသည် စုစုပေါင်းလူဦးရေ၏ ၈ ရာခိုင်နှုန်း မှ ၅၀ ရာခိုင်နှုန်းအထိမျှ မြင့်တက်လာခဲ့သည်ကို တွေ့ရှိရသည်။[3]

၂၀၁၂ ခုနှစ်တွင် "ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို ရှေးရှုလျက်"[4] ပြုပြင်ပြောင်းလဲရေးတစ်ရပ် ပြုလုပ်ခဲ့ခြင်းဖြင့် ယခင်တည်ရှိခဲ့သည့်စနစ်ကို ဖျက်သိမ်းပြီး တစ်ဦးချင်း၏ မြေယာအခွင့်အရေးအပေါ်အခြေခံသော လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များ (LUCs) ထုတ်ပေးကာ မြေအသုံးချခွင့်များ လွှဲပြောင်းမှုအား တရားဝင်ခွင့်ပြုပေးခဲ့ခြင်းဖြစ်ပါသည်။ လက်တွေ့တွင် ဤပြုပြင်ပြောင်းလဲမှုအနေဖြင့် အောက်ခြေရှိမြေယာပိုင်ဆိုင်လုပ်ကိုင်ခွင့်နှင့် မြေယာကဏ္ဍအရွေ့များကို သိသာသောပြောင်းလဲမှုများ ဆောင်ကြဉ်းပေးနိုင်ခြင်း မရှိခဲ့ပါ။ အကြောင်းမှာ လယ်သမားများသည် ထိုကဲ့သို့သော တရားဝင်ပြုပြင်ပြောင်းလဲမှု မရှိခင်ကတည်းကပင် ၎င်းတို့၏ မြေများအား ရောင်းဝယ်၊ ငှားရမ်း သို့မဟုတ် ပေါင်နှံထားကြသောကြောင့် (၂၀၁၂ မတိုင်မီက ထိုကဲ့သို့သော လွှဲပြောင်းမှုများကို ဥပဒေအရ ပိတ်ပင်တားမြစ်ထားသော်လည်း) ဖြစ်ပါသည်။

အဆိုပါ မြေယာလုပ်ပိုင်ခွင့် (LUC) လက်မှတ်များသည် လုပ်ပိုင်ခွင့်လွှဲပြောင်းမှုများကို တရားဝင် ပြုလုပ်ပေးခြင်းဖြင့် အာမခံချက်ပိုမိုရရှိစေနိုင်မည်ဟု မျှော်လင့်ခဲ့ရသော်လည်း လက်တွေ့တွင် အတားအဆီးအချို့ ရှိနေဆဲဖြစ်ပါသည်။ အထူးသဖြင့် မြေကွက်တစ်ကွက်အား နှစ်ပိုင်း သို့မဟုတ် ၎င်းထက်ပို၍ပိုင်းခြမ်းကာ လက်မှတ်ထုတ်ပေးခြင်းကြောင့်ဟု ဆိုရပေမည်။ သို့သော် မြန်မာ့ မြေပြန့်ကျေးလက်ဒေသရှိ မြေယာပိုင်ဆိုင်လုပ်ကိုင်ခွင့်များ၏ မရေရာမှုများသည် အဓိကအားဖြင့် အကောင်အထည်ဖော်သည့် မော်ဒယ်ပုံစံများထက် ထိုစနစ်ကိုယ်တိုင်ကြောင့် ဖြစ်ပေါ်နေခြင်း ဖြစ်ပါသည်။ မြန်မာ့လယ်ယာအသိုင်းအဝိုင်း၏ ဖွဲ့စည်းမှုစနစ်နှင့်စပ်လျဉ်း၍ ဗြိတိသျှကိုလိုနီတို့၏ လွဲမှားသော အယူအဆမှစ၍ "လယ်သမားတို့၏ ဝင်ငွေနှင့် ခံစားခွင့်နှင့် ကောင်းကျိုးထက် နိုင်ငံ၏ စိုက်ပျိုးရေးထုတ်လုပ်နိုင်စွမ်း တိုးမြှင့်ရေးကိုသာ ဦးစားပေးထားသောမူဝါဒများအဖြစ် ယိမ်းယိုင်သွားခဲ့သည့်" မြန်မာ့အုပ်ချုပ်ရေးလုပ်ငန်းစဉ် (Fujita နှင့် Okamoto ၂၀၀၆) အထိ အကျိုးပြုခြင်းထက် ကုန်ထုတ်လုပ်ရေးကိုသာ ဦးစားပေးထားသည့် အထက်-အောက် စီမံမှုအသွင်

[3] LIFT ၏ ကိန်းဂဏန်းများအရ နိုင်ငံတစ်ဝှမ်းတွင် ၄၆ % ရှိသည် (၂၀၁၂)။ သို့သော် ယင်းသည် တောင်ပေါ်ဒေသမှ တိုင်းရင်းသားများ၏ ထုံးတမ်းစဉ်လာမြေပိုင်ဆိုင်လုပ်ကိုင်ခွင့်များကိုပါ ထည့်သွင်းတွက်ချက်၍ ရရှိသော ကိန်းဂဏန်း ဖြစ်ပါသည်။ တောင်ပေါ်ဒေသများရှိ မြေယာမဲ့ရာခိုင်နှုန်းသည် မြေနိမ့်ဒေသများနှင့် နှိုင်းယှဉ်လျှင် များစွာနည်းပါး (ရံဖန်ရံခါ မြေယာမဲ့သူမရှိ) ပါသည်။

[4] ၂၀၁၂ ခုနှစ် မေလ မြေယာပြုပြင်ပြောင်းလဲရေးများ စတင်သည့်အချိန်တွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း (၂၀၁၁-၂၀၁၅) ပြောကြားသော မိန့်ခွန်းကို ဖော်ပြခြင်းဖြစ်ပါသည်။



ဆောင်သော ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်အဖြစ်သာ ရှိနေပါသည်။ ဗြိတိသျှကိုလိုနီစနစ်အုပ်ချုပ်ရေး စတင်လာသောအခါ ကျေးရွာအတွင်း ပေါ်ပေါက်တတ်သော မြေယာပဋိပက္ခများမှာ အဓိကအားဖြင့် နစ်မျိုးနစ်စားရှိကြောင်း၊ ၎င်းမှာ အမွေဆက်ခံသူများအကြား မြေယာခွဲဝေခြင်းနှင့် ပေါင်နှံထားသောမြေအား ပြန်လည်ရယူရန် ကြိုးပမ်းခြင်းမှ ပေါ်ပေါက်လာသော ပဋိပက္ခများဖြစ်ကြောင်း (သန့်မြင့်ဦး၊ ၂၀၀၄၊ ၂၃၂) လေ့လာမှတ်သားနိုင်ပါသည်။ ၂၀၁၄ ခုနှစ် LUC လက်မှတ်များ ထုတ်ပေးပြီးနောက်တွင် ဖြစ်ပွားလာသော ပဋိပက္ခများတွင်လည်း အလားတူသဘောသဘာဝ ရှိနေသည်ကို ဤလေ့လာမှုအရ တွေ့ရှိရပါသည်။ ၂၀၁၂ ခုနှစ် ပြုပြင်ပြောင်းလဲရေးများတွင် အမွေဆက်ခံမှုဆိုင်ရာ မြေခွဲဝေမှုပြဿနာများများစားစားမရှိခဲ့သော်လည်း ယခင်က နှုတ်ကတိဖြင့် ပြုလုပ်လေ့ရှိသည့် မြေအသုံးပြုခွင့် အစီအမံများကို တရားဝင်အဖြစ်ပြောင်းလဲရာတွင် အခက်အခဲပြဿနာများရှိတတ်ပါသည်။ အမှန်စင်စစ် LUC လက်မှတ်များ ထုတ်ပေးခြင်းသည် ပဋိပက္ခအဟောင်းများ (အစိုးရသို့ပေးသွင်းရမည့် (တာဝန်ကျေစပါး)) ကောက်ပဲသီးနှံခွဲတမ်း မပြည့်မီခြင်းကြောင့် လယ်သမားများမှ ၎င်းတို့၏ စိုက်ပျိုးမြေများကို လွှဲပြောင်းပေးရခြင်းစသဖြင့်)ကို ပြန်လည်မီးမွှေး ပေးသကဲ့သို့ ဖြစ်စေသည်သာမက အခြားပဋိပက္ခအသစ်များ (အထူးသဖြင့် မြေအပေါင်ခံသူနှင့် အပေါင်ထားသူများအကြား) ကိုလည်း ဖန်တီးဖြစ်ပေါ်စေခဲ့ပါသည်။

တစ်နည်းအားဖြင့်ဆိုသော် ဗြိတိသျှ ကိုလိုနီခေတ် ပြုပြင်ပြောင်းလဲရေးနှင့် ၂၀၁၂ ပြုပြင်ပြောင်းလဲရေး နှစ်ခုစလုံးသည် အထက် - အောက်စီမံခန့်ခွဲသော မူဝါဒများသည် လုံခြုံစိတ်ချရသော မြေယာပိုင်ဆိုင်ခွင့်အတွက်ဟု အကြောင်းပြကြသော်လည်း အထူးသဖြင့် အောက်ခြေအဆင့်တွင် တွေ့ကြုံခံစားရသော လက်တွေ့အဖြစ်အပျက်များကို အရှုံးစိုက်မှုနည်းပါးပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ကို တရားဝင်ဖြစ်စေရေးလုပ်ငန်းစဉ်အတွင်း ရှုပ်ထွေးခက်ခဲမှုကို ယူဆောင်လာသကဲ့သို့ဖြစ်နေပါသည်။ အမှန်စင်စစ် LUC လက်မှတ်များ ထုတ်ပေးခြင်းသည် လယ်ယာမြေ အာမခံချက်ရှိလာစေရန် အမှန်တကယ် အထောက်အကူပြုခြင်း ရှိ၊ မရှိအပေါ် မေးခွန်းထုတ်စရာဖြစ်ပါသည်။ မြန်မာနိုင်ငံမြေပြန့်ဒေသမှ လယ်သမားများသည် မြေယာပိုင်ဆိုင်မှုကို တရားဝင်ဖြစ်စေမည့် စာရွက်စာတမ်းများကို ယခင်ကတည်းက လက်ဝယ်ရှိထားပြီးဖြစ်ပါသည်။ သို့သော် လယ်သမားများသည် အာဏာပိုင်များအနေဖြင့် ၎င်းတို့၏ လယ်ယာမြေများအား သိမ်းယူသွားခြင်းခံရနိုင်သည့်အန္တရာယ်ကို အစဉ်အမြဲရင်ဆိုင်နေကြရပါသည်။ ဤကဲ့သို့ဆိုရာတွင် LUC လက်မှတ်များသည် ယခင်စာရွက်စာတမ်းများထက်ပို၍ အာမခံချက်ပေးနိုင်ချေ ရှိပုံမရပါ။ သို့သော် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် မရရှိသောလယ်သမားများကိုမူ အာမခံချက် ပိုနည်းသွားအောင် လုပ်ဆောင်နိုင်ပါသည်။ သို့ပါသောကြောင့် ဤလေ့လာဆန်းစစ်ချက်၏ရည်ရွယ်ချက်မှာ ဒေသန္တရအဆင့်တွင် လက်တွေ့ တွေ့ကြုံနေရသော မြေယာ လုည့်ပြောင်းနိုင်မှုဖြစ်စဉ်များကို ပိုမိုနားလည်သိရှိစေရန်နှင့် လယ်ယာထွန်ယက်စိုက်ပျိုးနေသည့် အိမ်ထောင်စုများ (လယ်သမားများနှင့် မြေယာမဲ့များ) ရင်ဆိုင်နေရသည့် ကိစ္စရပ်များကို အမြင်သစ်ဖြင့် ရှုမြင်နိုင်စေရန် ဖြစ်ပါသည်။



# မြေယာပိုင်ဆိုင်နိုင်ရေးနှင့် အာမခံချက်ရှိသော အသက်မွေးဝမ်းကျောင်းမှု – ဤအရာသည် မြေယာပိုင်ဆိုင်လုပ်ကိုင်ခွင့်အပေါ် မူတည်ပါသလား

အထက်တွင် ရှင်းပြခဲ့သကဲ့သို့ မြန်မာ့လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် နှစ်ပေါင်း ၁၅၀ အကြာ "မြေယာအငှားချ/သီးစားချထားမှု တိုက်ဖျက်ရေး" အစီအစဉ်ကြောင့် ကြီးမားသော ပြောင်းလဲမှုကို ကြုံတွေ့ခဲ့ရပြီး နောက်ဆုံးတွင် မြေယာမဲ့အိမ်ထောင်စုများစွာ (တစ်နိုင်ငံလုံးတွင် ၄၆ ရာခိုင်နှုန်း[5]၊ လေ့လာမှုပြုခဲ့သော မြစ်ဝကျွန်းပေါ်မှ ကျေးရွာများတွင် ၆၂ ရာခိုင်နှုန်း၊ အပူပိုင်းဇုန်ရှိ ကျေးရွာများတွင် ၄၁ ရာခိုင်နှုန်း) ပေါ်ထွက်စေခဲ့ပါသည်။ သီးစားချထားမှုကို မရေရာသည့် မြေယာပိုင်ဆိုင်လုပ်ပိုင်ခွင့် အခြေအနေတစ်ရပ်အဖြစ် မှတ်ယူကြစမြဲဖြစ်ပြီး ယင်းသည် တစ်ဦးချင်း၏ အမြဲတမ်း မြေပိုင်ဆိုင်မှုဖြစ်ပြီး နောက်ပိုင်းတွင် တရားဝင်မြေပိုင်ဆိုင်ခွင့်များနှင့် ဆန့်ကျင်ဘက်ဖြစ်နေပါသည်။ သို့သော် Lavigne- Delville(၂၀၀၆) က မြေယာပိုင်ဆိုင်လုပ်ကိုင်ခွင့် အာမခံချက်ရှိခြင်းနှင့် ပုဂ္ဂလိကပိုင်ဆိုင်မှုတို့ကို မရောထွေးကြရန်သာမက ရပိုင်ခွင့်များ၏ သဘောသဘာဝ (ဥပမာ - တရားဝင် သို့မဟုတ် တရားမဝင်၊ အမြဲတမ်း သို့မဟုတ် ယာယီ) သည် မြေယာအာမခံချက်ကို ဆိုလိုသည်ဟု ထင်ယောင်ထင်မှားဖြစ်စေနိုင်ခြင်းတို့ကို သတိပြုရန် အကြံပြုထားပါသည်။ ခိုင်လုံပြီး ကျိုးကြောင်းဆီလျော်သည့် စနစ်ကျသော ပဋိပက္ခဖြေရှင်းခြင်း လုပ်ထုံးလုပ်နည်းများမရှိပါဘဲ မြေယာပိုင်ဆိုင်လုပ်ကိုင်ခွင့် (မြေယာပိုင်ဆိုင်ခွင့် တရားဝင်ရှိနေခြင်း)ကို မေးခွန်းထုတ်၍ပင်မရနိုင်သည့် အခြေအနေကို ဆိုလိုပါသည်။ ဤအဓိပ္ပါယ်ဖွင့်ဆိုချက်ကို လက်ခံနိုင်သည်ဆိုပါက မြေယာပိုင်ဆိုင်လုပ်ကိုင်ခွင့် မသေချာမရေရာဖြစ်နေခြင်းကြောင့် မြေယာပိုင်ဆိုင်ခွင့် တရားဝင်အထောက်အထားရရှိထားသော အိမ်ထောင်စုများတွင်ပင် ထိုအခွင့်အရေး၏ ရေရှည်တည်တန့်နိုင်မှုအပေါ် စိုးရိမ်ပူပန်နေမှုများရှိသည်ကို လက်ခံရပါမည်။

ဤအချက်ကို အခြေပြု၍ ယခုလေ့လာမှု၏ တွေ့ရှိချက်များကို တင်ပြလိုပါသည်။

[5] LIFT 2012.

## ၂ – ၁ မြေယာရယူသုံးစွဲခွင့်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း အာမခံချက်ရှိမှု မြစ်ဝကျွန်းပေါ်ဒေသနှင့် အပူပိုင်းဇုန်တို့မှ မတူညီသောဆက်စပ်မှုများ

မြစ်ဝကျွန်းပေါ်ဒေသနှင့်အပူပိုင်းဇုန် နှစ်နေရာစလုံးတွင် စိုက်ပျိုးရေးနှင့် မြေယာပိုင်ဆိုင်နိုင်ရေးတို့သည် ကျေးလက်ဒေသများရှိ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းအများစုတွင် အရေးပါသော အစိတ်အပိုင်းတစ်ခုအဖြစ် ရှိနေပါသည်။ သို့ရာတွင် ဤလေ့လာဆန်းစစ်ချက်အရ ထိုဒေသနှစ်ခု၏ မြေယာရယူသုံးစွဲနိုင်ရေးဆိုင်ရာ နည်းဗျူဟာများနှင့် ဦးတည်ချက်ပန်းတိုင်များမှာမူ မတူညီကြောင်း တွေ့ရှိရပါသည်။

အလုံးစုံရေးသားထားသည့် သုတေသနစာတမ်းပါ အခန်း VII.6 နှင့် VII.7 ရှိ ဆွေးနွေးချက်များကို ခြုံငုံကာ လေ့လာမည်ဆိုပါက မြေယာရယူသုံးစွဲနိုင်ရေးသည် မြစ်ဝကျွန်းပေါ်အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းမှုကို အာမခံချက်ပေးနိုင်ရန်အတွက် အခြေခံလိုအပ်ချက်ဖြစ်ကြောင်း ဖော်ပြနေပါသည်။ ဤအချက်အား မြေကွက်ငယ်များ (၁၀ ဧကအောက်၊ များသောအားဖြင့် ၂ ဒသမ ၅ မှ ၅ ဧကအကြား)ကို အစဉ်အမြဲ အသုံးပြုခွင့်ရရှိထားသော အိမ်ထောင်စုများတွင် ထင်ထင်ရှားရှားတွေ့ရှိနိုင်ပါသည်။ ထိုအိမ်ထောင်စုများသည် ပင်မဝင်ငွေအတွက် စိုက်ပျိုးရေးကို အားမထားကြသော်လည်း လယ်ယာမြေသည် ၎င်းတို့အတွက် အရင်းအနှီးတစ်ခု (နှင့် ချေးငွေများရယူနိုင်သည့် အာမခံချက်တစ်ခုသဖွယ်) အဖြစ် အခြားနည်းလမ်းများဖြင့် ဝင်ငွေရှာဖွေနိုင်ရန် အထူးသဖြင့် မွေးမြူရေးလုပ်ငန်းအတွက် အထောက်အကူပြုပါသည်။ အခြားတစ်ဖက်တွင် ယာယီမြေယာအစီအမံများဖြင့် မြေယာယာယီလုပ်ကိုင်ခွင့်ရရှိသော မြေယာမဲ့လယ်သမားအိမ်ထောင်စုများ (မြစ်ဝကျွန်းပေါ်တွင် လေ့လာခဲ့သော မြေယာမဲ့အိမ်ထောင်စုများထဲမှ ၂၇ ရာခိုင်နှုန်း) နှင့် မြေယာမဲ့အိမ်ထောင်စုများအကြား ဝင်ငွေနှင့် စုဆောင်းငွေများ သိသိသာသာကွာဟမှုရှိသည်ကိုလည်း တွေ့ရှိရပါသည်။ တစ်နည်းအားဖြင့်ဆိုသော် ယာယီအစီအမံများ (မြေရှင်များထံမှ သီးစားချထားပေးမှု၊ မြေငှားရမ်းလုပ်ကိုင်မှု) ဖြစ်စေကာမူ မြေယာအသုံးပြုနိုင်ရေးသည် မြစ်ဝကျွန်းပေါ်ဒေသရှိ လူမှုစီးပွား အခြေအနေများကို မြင့်တက်လာစေရန် ထောက်ပံ့ပေးသည့် နည်းလမ်းတစ်သွယ်ဖြစ်ပါသည်။



အပူပိုင်းဇုန်တွင်မူ ဒေသခံများ၏ လူမှုစီးပွားအခြေအနေများတွင် ရွေ့လျားပြောင်းလဲမှုကို တွေ့ရခဲ့သည်။ အသက် ၄၀ မှ ၅၀ အရွယ်သို့ ရောက်လာသောအခါတွင် အရွယ်အစားကြီးမားသော လယ်ယာ မြေများ (၁၀ ဧကအထက်) ကို ပိုင်ဆိုင်ကာ အခြေတကျဖြစ်သော လယ်သမားအိမ်ထောင်စုများ ဖြစ်လာကြပါသည်။ လေ့လာမှုအရ ထိုလယ်သမားများသည် လုပ်ကွက်ငယ်များဖြင့် စတင်လုပ်ကိုင်လာခဲ့ရာမှ (၅ ဧကခန့်မှ) အခြားနည်းလမ်းအမျိုးမျိုးဖြင့် (လယ်ယာပြင်ပ အလုပ်များမှ) ရရှိလာသည့် ဝင်ငွေများကို အရင်းပြုကာ တိုးချဲ့လာနိုင်ကြခြင်းဖြစ်ကြောင်း သိရှိရပါသည်။ အထိခိုက်အလွယ်ဆုံးသူများမှာမူ အရည်အသွေးညံ့ဖျင်းသော လယ်ယာမြေများကို (မြေဆီဩဇာ

ညှံ့ဖျင်း၊ ရေသွင်းစိုက်ပျိုးရန် ခက်ခဲ) ထွန်ယက်စိုက်ပျိုးကာ ကြိုးစားရပ်တည်နေကြရသူများ ဖြစ်ပါသည်။ စိတ်ဝင်စားဖွယ်ကောင်းလှသည်မှာ ယာယီအစီအမံများဖြင့် လယ်ယာမြေများကို အသုံးပြုနိုင်သော မြေယာမဲ့အိမ်ထောင်စုများမှာ စစ်တမ်းကောက်ယူ လေ့လာခဲ့သော မြေယာမဲ့အိမ်ထောင်စုအားလုံး၏ ၆ ရာခိုင်နှုန်းသာ (ယာယီအစီအမံဖြစ် မြေယာများကို အသုံးပြုနေသော မြေယာမဲ့ ၂၇ ရာခိုင်နှုန်းရှိသော မြစ်ဝကျွန်းပေါ်နှင့် နှိုင်းယှဉ်လျှင်) ရှိသည့် အချက်ဖြစ်ပါသည်။

ဦးစွာဖော်ပြလိုသည်မှာ ဒေသနှစ်ခုတွင် မြေယာအသုံးပြုနိုင်ခြင်းနှင့် အသက်မွေးဝမ်းကျောင်းမှု အာမခံချက်တို့နှင့် ပတ်သက်၍ မတူညီသောအခြေအနေရှိကြောင်း ဖြစ်ပါသည်။ မြစ်ဝကျွန်းပေါ်ဒေသတွင် ယာယီအစီအမံများ (သီးစားချထားမှုပုံစံတစ်ခု)သည် နောက်ပိုင်းတွင် အမြဲတမ်းမြေအသုံးပြုပိုင်ခွင့်ကို ရရှိစေနိုင်မည့် နည်းလမ်းတစ်ခုဖြစ်ပါသည်။[6] ထို့အပြင် နွေရာသီတွင် မိမိတို့၏ လယ်ယာမြေတစ်ခုလုံးတွင် စပါးစိုက်ပျိုးနိုင်ခြင်းမရှိသော လယ်သမားများသည် ၎င်းတို့နှင့်နီးစပ်သည့် မြေယာမဲ့အိမ်ထောင်စုများနှင့် သဘောတူခွင့်ပြုချက်ရယူကာ ၎င်းတို့၏ လယ်မြေတစိတ်တဒေသကို ထွန်ယက်စိုက်ပျိုးခွင့်ပြုကြကြောင်း လေ့လာမှုတွင် တွေ့ရှိရပါသည်။ ထို့ကြောင့် များသောအားဖြင့် "အာမခံချက်မရှိ" ဟု ယူဆလေ့ရှိသည့် ယာယီအစီအမံများသည် မြစ်ဝကျွန်းပေါ်ဒေသတွင်မူ အမြဲတမ်းမြေအသုံးချခွင့်ကို ရရှိစေရန်အတွက် အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ပိုမိုကျယ်ပြန့်စွာဆိုရလျှင် အသက်မွေးမှုလုပ်ငန်းများ အာမခံချက်ရှိလာနိုင်ရန် အထောက်အကူပြုပါသည်။ အပူပိုင်းဇုန်တွင်မူ မြေအသုံးပြုမှုအာမခံချက်ရရှိရေးအတွက် အမြဲတမ်းမြေအသုံးချခွင့်သည် မရှိမဖြစ်လိုအပ်ကြောင်း လေ့လာတွေ့ရှိခဲ့သည့် အခြေအနေများက ညွှန်ပြနေသည်။ သို့ရာတွင် အသက်မွေးဝမ်းကျောင်းမှု အာမခံချက်နှင့် ပတ်သက်၍ မြေ၏အရည်အသွေးသည်သာလျှင် အဓိကအချက် ဖြစ်နေပါသည်။

ထို့ကြောင့် မြေယာပိုင်ဆိုင်လုပ်ကိုင်ခွင့်မူဘောင်သည် အနည်းဆုံးအနေဖြင့် ကျေးရွာအဆင့်တွင် (နှင့် ကျေးရွာအတွင်းရှိ အစီအမံများအတွက်) တစ်ဦးတစ်ယောက်၏ မြေအသုံချခွင့်များရရှိရေးသာမက တစ်ဆင့်ခံအသုံးချခွင့်များကိုပင် (ယာယီအစီအမံများဖြင့်) ရရှိနိုင်အောင် ဆောင်ရွက်ပေးရာတွင် အတော်ပင်ထိရောက်မှုရှိပုံရပါသည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၆၀ ကျော်အတွင်း မြေလုပ်ပိုင်ခွင့် အာမခံချက်မရှိခြင်းသည် များသောအားဖြင့် မြေလုပ်ပိုင်ခွင့်တစ်ခုတည်းထက် အခြားသောနယ်ပယ်များနှင့် ပိုမိုသက်ဆိုင်နေပါသည်။ မြစ်ဝကျွန်းပေါ်ဒေသတွင် အစိုးရမှ ဆန်စပါးထုတ်လုပ်မှုအပေါ် စဉ်ဆက်မပြတ်ထိန်းချုပ်လာမှုနှင့် ယင်းနှင့်ဆက်စပ်သည့် စပါးမဖြစ်မနေပေးသွင်းစေသည့် မူဝါဒများသည် မြေယာပိုင်ဆိုင်လုပ်ကိုင်ခွင့်နှင့် ဆက်နွယ်သည့် အခြေအနေများကိုပါ မတည်မငြိမ်ဖြစ်စေခဲ့ပါသည်။

မြေယာအရောင်းအဝယ်မှုကို ဖြစ်ပေါ်စေသည့်အချက်မှာ လုပ်ကွက်ငယ်တောင်သူများအနေဖြင့် အခြားမည်သည့် နည်းလမ်းမဆို ပိတ်ပင်ခံရမည်ဖြစ်သဖြင့် ၎င်းတို့ပေးသွင်းရမည့် စပါးခွဲတမ်းအစား ၎င်းတို့၏မြေယာများကို ရောင်းချသည့် နည်းလမ်းကိုသာ ရွေးချယ်ကြရခြင်းပင်ဖြစ်သည်။ ကိန်းဂဏန်းအချက်အလက်ဆိုင်ရာ စစ်တမ်းတွေ့ရှိချက်အရ မြစ်ဝကျွန်းပေါ်ဒေသရှိ လက်ရှိမြေယာမဲ့အိမ်ထောင်စုများ၏ ပျမ်းမျှ ၉ ရာခိုင်နှုန်း နှင့် အပူပိုင်းဇုန်တွင် ၃ ရာခိုင်နှုန်း တို့သည် တချိန်က အမြဲတမ်းမြေအသုံးချခွင့်ကို ပိုင်ဆိုင်ခဲ့သူများဖြစ်ပြီး လွန်ခဲ့သော နှစ်ပေါင်း ၂၅ နှစ်အတွင်းတွင်သာ ထိုလုပ်ပိုင်ခွင့်ကို လက်လွှတ်ဆုံးရှုံးခဲ့ကြခြင်း ဖြစ်ပါသည်။ အပူပိုင်းဇုန်ရှိ အသက်မွေးဝမ်းကျောင်းမှု အာမခံချက်မရှိခြင်းသည် မြေလုပ်ပိုင်ခွင့်အာမခံချက်မရှိခြင်းနှင့် မသက်ဆိုင်ပါ။ အမှန်စင်စစ် မိုးရွာသွန်းမှုအခြေအနေကို ခန့်မှန်းရခက်ခဲလှသည့်အတွက်

[6] အထူးသဖြင့် ဤသည်မှာ မိသားစုဆွေမျိုးများထဲမှ မြေပိုင်သူများနှင့် သီးစားစိုက်ပျိုးမှုအစီအမံများထားရှိ လုပ်ကိုင်သည့် မြေယာမဲ့အိမ်ထောင်စုများအတွက် ပိုမိုသင့်တော်ပါလိမ့်မည်။

လယ်သမားများသည် "ရာသီဥတုနှင့် အလောင်းအစားပြုရင်း" သီးနှံမျိုးစုံ ချဲ့ထွင်စိုက်ပျိုးကြရပါသည်။ အထူးသဖြင့် သီးညှပ်စိုက်ပျိုးရေးနည်းစနစ်များ၏ ကျေးဇူးကြောင့် ထိုသို့လုပ်ဆောင်နိုင်ခြင်းဖြစ်ပါသည်။ ဥပမာ မိုးများမည်ဟု မျှော်လင့်နိုင်သည့်အခြေအနေတွင် ဝင်ငွေပိုတိုးစေမည့် တန်ဖိုးမြင့်ကောက်ပဲသီးနှံများကို စိုက်ပျိုးကြပြီး တစ်ချိန်တည်းတွင် နှမ်းသို့မဟုတ် ပြောင်းကဲ့သို့ တန်ဖိုးနည်းသော်လည်း တစ်မျိုးတစ်ဖုံဖြင့် ဝင်ငွေရှိစေရန်အာမခံချက်ရှိပြီး မိသားစုစားသုံးမှုအတွက်လည်း အထောက်အကူပြုနိုင်မည့် ရာသီဥတုဒဏ် ပိုမိုခံနိုင်ရည်ရှိသောသီးနှံများကို ၎င်းတို့၏ လယ်ယာမြေတစ်စိတ်တစ်ပိုင်းတွင် စိုက်ပျိုးထားကြပါသည်။ မြေဆီသြဇာကောင်းမွန်သော လယ်ယာမြေများ နည်းပါးလာမှုနှင့် လယ်ရေသွင်းနိုင်မှုအခြေအနေ ညီမျှမှုမရှိခြင်း၊ လယ်ရေသွင်းနိုင်သည့်တိုင် ရေသွင်းစနစ် ပြုပြင်ထိန်းသိမ်းမှု အားနည်းခြင်းနှင့် ရရှိနိုင်သည့်ရေရင်းမြစ်များမှ လိုသည်ထက် ပိုမိုထုတ်ယူသုံးစွဲမှုများက ဒေသ၏ စိုက်ပျိုးရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအလားအလာကို ထိခိုက်စေသည့်အကြောင်းများ ဖြစ်ပါသည်။ တစ်ဖက်တွင်လည်း စိုက်ပျိုးမြေဆိုင်ရာ နယ်နိမိတ်သတ်သတ်မှတ်မှတ်မရှိသည့် အခြေအနေတွင် လူဦးရေများပြားလာခြင်းဆိုင်ရာဖိအားကလည်း မြေယာများကို ခွဲခြမ်းပိုင်းခြားခြင်းနှင့် မြေယာပိုင်ဆိုင်မှု အရွယ်အစား သေးငယ်လာစေခြင်းတို့ကို ဖြစ်ပေါ်စေသည်ဟု ယူဆရပါသည်။

## ၂ - ၂ မြေယာအသုံးပြုနိုင်ရေး တိုးတက်ကောင်းမွန်လာစေရန်အတွက် ပိုမိုထိရောက်သော ပြုပြင်ပြောင်းလဲမှုများ လိုအပ်ပါသလား

မြေ အသုံးပြုပိုင်ခွင့်သည် ယခုလက်ရှိမြေယာမူဘောင်အတွင်းတွင် အနည်းဆုံးအနေဖြင့် မြေပြန့်ပိုင်းဒေသများ၌ အာမခံချက်ရှိသည်ဟု ယူဆမည်ဆိုလျှင် မြေယာအသုံးပြုနိုင်ရေးသည် အိမ်ထောင်စုအများအပြားအတွက် အဓိကစိုးရိမ်ပူပန်နေရသည့်အကြောင်းရင်း ဖြစ်ပေလိမ့်မည်။ အလုံးစုံရေးသားထားသည့် သုတေသနစာတမ်းပါ အခန်း VII.6 ကို လေ့လာရာတွင် လူမှုစီးပွားရေးအရ အတန်းအစားအမျိုးမျိုးအကြား မြေယာလုပ်ကိုင်နိုင်





ရေးနှင့် ဆက်လက်ထိန်းသိမ်းထားနိုင်ရေး ရှန်းကန်ကြိုးပမ်းရမှုများကို ဖော်ပြထားပါသည်။ လေ့လာမှုပြုခဲ့သောဇုန်ဒေသနှစ်ခုအကြားတွင် မြေယာအသုံးပြုနိုင်ရေးအတွက် အချို့အုပ်စုများကို ချန်လှပ်ထားသည့် ဖြစ်စဉ်များသည်လည်း ကွာခြားနေပြန်ပါသည်။

အပူပိုင်းဇုန်တွင် လယ်သမားများအနေဖြင့် လူမှုစီးပွားအခြေအနေများကို ထိန်းသိမ်းပြီး ဖန်တီးတိုးချဲ့နိုင်ရန် အလှူတူသူအချင်းချင်း လက်ထပ်ခြင်း၊ မြေခွဲခြမ်းပိုင်းခြားမှုများကို ရှောင်လွှဲနိုင်မည့် အမွေခွဲဝေမှုပုံစံများကို ကျင့်သုံးခြင်းနှင့် အချို့သားသမီးများအား လယ်ယာပြင်ပအသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများကို စီစဉ်လမ်းညွှန်မှုစသဖြင့် ၎င်းတို့ကာလကြာမြင့်စွာ ကျင့်သုံးလာခဲ့ကြသော နည်းဗျူဟာများကို ကျင့်သုံးသည့် ပိုမိုခိုင်မာသောလူမှုဖွဲ့စည်းပုံမျိုးကိုတွေ့ရသည်။[7] မြစ်ဝကျွန်းပေါ်ဒေသတွင် မြေယာအသုံးပြုနိုင်ရေးနှင့် စုဆောင်းနိုင်မှုတို့သည် များသောအားဖြင့် အာဏာပိုင်များ (ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ သို့မဟုတ် မြေတိုင်းတာဝန်ခံ) နှင့် ဆက်ဆံရေးနှင့် သက်ဆိုင်ပါသည်။ သို့သော် ဒေသခံများ၏ လူမှုစီးပွားအခြေအနေပြောင်းလဲမှု (မြေယာမဲ့ရာမှတဆင့် မြေယာပိုင်ဆိုင်

7 အမွေခွဲဝေမှုစနစ်တွင် အမွေခံများကြား သာတူညီမျှ မြေခွဲဝေခြင်းထက် မိသားစုပိုင်ပစ္စည်းများထဲမှ စိုက်ပျိုးရေးဆိုင်ရာအမွေပစ္စည်းနှင့် စိုက်ပျိုးရေးဆိုင်ရာမဟုတ်သော အမွေပစ္စည်းများကို ပိုင်းခြမ်းကာ ပြန်လည်ခွဲဝေယူခြင်းစသည်တို့ပါဝင်သည်။ (အခန်း VIII.1.1 ကို ကြည့်ပါ)

လာရန် လုပ်နိုင်စွမ်းနှင့် အပြန်အလှန်အားဖြင့် ပိုင်ဆိုင်ရာမှ လက်လွတ်ဆုံးရှုံးရမှု) သည် ယေဘုယျအားဖြင့် စပါး မဖြစ်မနေ ပေးသွင်းစေသည့် မူဝါဒကြောင့်လည်း အပူပိုင်းဇုန်ထက် ပိုမိုမြင့်မားပါသည်။ သို့သော် မြေယာမဲ့ အိမ်ထောင်စုများအားလုံး၏ရပ်တည်မှုအခြေအနေသည် မရေမရာဖြစ်မနေသလို မြေယာမဲ့များအားလုံးသည် မြေယာအသုံးပြုနိုင်မှုမှ ကန့်သတ်ချန်လှပ်ခံထားရသူများလည်း မဟုတ်ကြပေ။ ဆန်းစစ်လေ့လာချက်များနှင့် အခန်း VII.7 တွင် ဖော်ပြထားသည့် ကြိုတင်ပြင်ဆင်သတိပြုရမည့်အချက်များအရ မြစ်ဝကျွန်းပေါ်တွင် လေ့လာခဲ့သည့် အိမ်ထောင်စုများ၏ ၂၇ ရာခိုင်နှုန်းသည် စိုက်ပျိုးမြေများကို အသုံးပြုနိုင်ရန် လိုအပ်နေပြီး အပူပိုင်းဇုန်တွင် ၁၈ ရာခိုင်နှုန်း လိုအပ်နေပါသည်။ ဤကိန်းဂဏန်းများအရ အိမ်ထောင်စုများ၏ ရှေ့ရေးအလားအလာများ (လက်ရှိ မြေယာမဲ့နေသော သက်တမ်းငယ် အိမ်ထောင်စုများသည် နောက်ပိုင်းတွင် မြေယာရယူသုံးစွဲခွင့်ရရှိလာနိုင်သည့်အချက်[8]) နှင့် မြေယာမဲ့သူအားလုံးသည် အသက်မွေးဝမ်းကျောင်း မှုအတွက် လယ်ယာစိုက်ပျိုးမှုလုပ်ငန်းကိုသာ မှီခိုအားထားနေခြင်းမဟုတ်ကြောင်း စသည်တို့ကို ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါသည်။ သို့သော် စိုက်ပျိုးမြေများ အသုံးပြုခွင့်မရရန် ချန်လှပ်ခံထားရသောမြေများကို အိမ်ထောင်စုများအတွက် မည်သို့ပံ့ပိုးပေးမည်နည်း။

လက်ရှိပြုပြင်ပြောင်းလဲရေးများတွင် ယခင်အစိုးရခေတ်အတွင်း မတရားသိမ်းယူခံထားရသော မြေများအတွက် နေရာပြန်လည်ချထားပေးထားပြီးဖြစ်ပါသည်။ သို့သော် များသောအားဖြင့် သိမ်းယူထားသော မြေများပေါ်တွင် လက်ရှိမြေပိုင်ဆိုင်သူများနှင့် စာချုပ်ချုပ်ဆိုကာ အခြားလယ်သမားများက ထွန်ယက်စိုက်ပျိုးနေကြခြင်းဖြစ်သဖြင့် လယ်ယာမြေပြန်လည် ခွဲဝေပေးရေးလုပ်ငန်းစဉ်မှာ ခက်ခဲကြန့်ကြာနေပါသည်။ အမှန်စင်စစ် မြေသိမ်းယူခဲ့ချိန်မှစကာ လက်ရှိပိုင်ရှင်အထိ အကြိမ်ကြိမ် ပိုင်ရှင်လွှဲပြောင်းပြီးဖြစ်နေသည့်အတွက် ပိုမိုကျယ်ပြန့်ပြီး ခိုင်မာသေချာသော လျော်ကြေးအစီအစဉ်တစ်ခုမျှမရှိခဲ့လျှင် မြေပိုင်ဆိုင်ခွင့်ရှိသူ သို့မဟုတ် အကျိုးခံစားခွင့်ရှိသူကို သတ်မှတ်ဆုံးဖြတ်ပေးရန်မှာ ခက်ခဲပြီး ပဋိပက္ခအဖုံဖုံ ဖြစ်ပေါ်စေနိုင်ပါသည်။ သီအိုရီအရ ဖြစ်နိုင်ခြေရှိသောနည်းလမ်းတစ်ခုမှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ (VFV) အဖြစ် သတ်မှတ်ထားသည့် မြေယာအမျိုးအစားများထဲမှ မြေလွတ်မြေရိုင်းများပေါ်တွင် မြေယာမဲ့အိမ်ထောင်စုများအား နေရာချပေးရန်ပင်ဖြစ်သည်။

သို့သော် မြစ်ဝကျွန်းပေါ်ဒေသတွင် များသောအားဖြင့် စိုက်ပျိုးဖြစ်ထွန်းမှုမရှိသောမြေများ (ရေနက်စပါးစိုက်ကွင်းများ၊ နွေရာသီတွင် ဆားငန်ရေဝင်ရောက်ရာနေရာများ၊ ရေကြီးရေလျှံဖြစ်တတ်သောနေရာများ စသဖြင့်) ဖြစ်နေတတ်ပါသည်။ မြေလွတ်စစ်စစ် ဟုတ်၊ မဟုတ်လည်း အငြင်းပွားဖွယ်ဖြစ်နေတတ်ပါသည်။ တစ်နည်းအားဖြင့် မြေပုံပေါ်တွင် VFV အဖြစ် ဖော်ပြထားသောမြေနေရာများသည်လည်း အမှန်စင်စစ် လူများနေထိုင်လုပ်ကိုင်နေသောမြေများ ဖြစ်နေနိုင်ပါသည်။ ထိုကြောင့် စိုက်ပျိုးမြေအမျိုးအစားတစ်ခုချင်းစီနှင့် ယင်းတို့၏ စိုက်ပျိုးဖြစ်ထွန်းနိုင်မှုတို့ကို ထည့်သွင်းစဉ်းစားထားသော မြေလက်ဝယ်ပိုင်ဆိုင်ခြင်းဆိုင်ရာ လယ်ယာခြံမြေ ပြုပြင်ပြောင်းလဲရေးများကို ဆောင်ရွက်ခြင်းသည်သာ မြေပိုင်ဆိုင်နိုင်ရေးနှင့်စပ်လျဉ်း၍ ညီတူညီမျှမှုများရရှိစေရန် တစ်ခုတည်းသောနည်းလမ်း ဖြစ်ပါသည်။ သို့သော် ဥစ္စာနေပြန်လည်ခွဲဝေပေးမှုအပေါ် အများသဘောတူကြည်ဖြူမှု အခိုင်အမာရရှိရန်ဆောင်ရွက်ခြင်းနှင့် မြေယာစီမံအုပ်ချုပ်မှုအဖွဲ့အစည်းစနစ်များအား ကျေးရွာအဆင့်အထိ ပြုပြင်ပြောင်းလဲခြင်းများမရှိပါက ဤသို့သောပြုပြင်ပြောင်းလဲရေးများကို ဆောင်ရွက်နိုင်ရန် ဖြစ်နိုင်မည်မဟုတ်ပေ။

[8] ဤအခန်း၏ အပိုင်း ၅-၃ ကို ကြည့်ပါ။



# လက်ရှိမြေယာပြုပြင်ပြောင်းလဲမှုကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း

မြန်မာနိုင်ငံ၏ မြေပြန့်ဒေသများနှင့်စပ်လျဉ်း၍ လက်ရှိလယ်ယာမြေဥပဒေ (၂၀၁၂ ခုနှစ်တွင် ပြဋ္ဌာန်းသည့်) သည် အဓိကပြောင်းလဲမှုကြီးနှစ်ခုကို ဖော်ဆောင်ခဲ့ပါသည်။ ပထမတစ်ခုမှာ မြေယာများအား ရောင်းချခွင့်၊ လဲလှယ်ခွင့်၊ ပေါင်နှံခွင့်နှင့် ငှားရမ်းခွင့်တို့ကို တရားဝင်ခွင့်ပြုခြင်း ဖြစ်ပြီး တတိယတစ်ခုမှာ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ (LUCs) ထုတ်ပေးခြင်း ဖြစ်ပါသည်။ ဤပြုပြင်ပြောင်းလဲရေးကို လုပ်ဆောင်ရခြင်း၏ အရင်းခံအကြောင်းမှာ တစ်ဦးချင်း မြေအသုံးချပိုင်ခွင့်များကို ကာကွယ်ပေးရန်အတွက် တစ်ဦးချင်းပိုင်ဆိုင်မှု မူဘောင်တစ်ခုအောက်တွင် မြေအသုံးချပိုင်ခွင့်များကို တရားဝင်အဖြစ် ပြုလုပ်ပေးရန် လိုအပ်နေသောကြောင့် ဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲရေးလုပ်ငန်း ဆောင်ရွက်ချက်များကို လွယ်ကူစေရန်အတွက် စီမံအုပ်ချုပ်ရေးအဖွဲ့အမျိုးမျိုးကို ဖွဲ့စည်းကာ မြေပိုင်ဆိုင်ခွင့်တင်ပြလာမှုများကို စိစစ်ခြင်းနှင့် ပဋိပက္ခများကိုဖြေရှင်းခြင်းစသဖြင့် တရားဝင်မြေပိုင်ဆိုင်မှုလက်မှတ်များ ထုတ်ပေးသည့်လုပ်ငန်းစဉ်အား ဆောင်ရွက်စေခြင်း ဖြစ်ပါသည်။ မြေအသုံးချခွင့်များကို ကာကွယ်ပေးရန်ဟူသည့် အယူအဆကို ယေဘုယျအားဖြင့် ကြိုဆိုလက်ခံနိုင်စဖွယ် ဖြစ်သော်လည်း တရားဝင်ဖြစ်စေခြင်းဟူသည့် တွေးခေါ်ယူဆမှုမှအစ ဤလုပ်ငန်းစဉ်တွင် လိုအပ်ချက်ပေါင်း မြောက်များစွာ ရှိနေပါသည်။ နိုင်ငံတကာအဆင့်၌ပင်လျှင် မြေအသုံးချခွင့်များကို တရားဝင်ပြုလုပ်ပေးခြင်းဖြင့် မြေယာပိုင်ဆိုင် လုပ်ကိုင်ခွင့် အာမခံချက်ရရှိလာစေရန် ဆောင်ရွက်ပေးနိုင်ကြောင်းနှင့် ထိုသို့မဖြစ်မနေ ဆောင်ရွက်ပေးရမည်ဟူသည့် အချက်နှင့် စပ်လျဉ်း၍ အချေအတင် ငြင်းခုံဆွေးနွေးမှုများ ပြုခဲ့ကြသည်မှာ ကြာမြင့်လှပြီဖြစ်ပါသည်။

ဤအချက်နှင့် ပတ်သက်၍ အလွန်နိုင်လုံသောလေ့လာမှုတစ်ခုမှ သတိပေးအကြံပြုထားသည့်အချက်မှာ "မြေယာအခွင့်အရေးများအား တရားဝင်ဖြစ်စေခြင်း၊ မြေယာပိုင်ဆိုင်လုပ်ကိုင်ခွင့် အာမခံချက်ရှိခြင်း၊ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုနှင့် လူမှုရေး တည်ငြိမ်အေးချမ်းမှု စသည်တို့အကြားတွင် ရုပ်ပိုင်းဆိုင်ရာ ဆက်နွယ်မှုမရှိ" ဟူ၍ ဖြစ်ပါသည် ('Land

Tenure and Development' Technical Committee, ၂၀၁၅-၁၂)။ ထို့ပြင် မြေအသုံးချခွင့်များကို တရားဝင်ဖြစ်စေမှု နည်းလမ်းကို အသုံးပြုကာ မြေလုပ်ပိုင်ခွင့်အား ကာကွယ်စောင့်ရှောက်ပေးဖို့ဆိုလျှင်ပင် အဓိကကျသည့် အောက်ပါ အခြေခံစည်းမျဉ်းအချို့ကို လိုက်နာဆောင်ရွက်သင့်ပါသည်။

**မြေယာအခွင့်အရေးများအား နိုင်မာစွာတရားဝင်ဖြစ်စေရေးအတွက် လိုက်နာရမည့် အဓိကစည်းမျဉ်းများ**

မြေပိုင်ဆိုင်ခွင့်လက်မှတ်များသည် အောက်ပါအချက်များနှင့်ပြည့်စုံလျှင် မြေယာပိုင်ဆိုင်လုပ်ကိုင်ခွင့် အာမခံချက်အတွက် အထောက်အကူဖြစ်ပါလိမ့်မည် -

၁။ တရားဝင်ဖြစ်စေခြင်း လုပ်ထုံးလုပ်နည်းများသည် မြေယာအခွင့်အရေးဆိုင်ရာ လက်တွေ့ဖြစ်ရပ်များနှင့် ကိုက်ညီမှုရှိခြင်း

၂။ နည်းလမ်းအသွယ်သွယ်ဖြင့် မြေအသုံးချသူများ ကြုံတွေ့နေရသည့် ပြဿနာများနှင့် လိုအပ်ချက်များကို ထိရောက်စွာ ဖြည့်ဆည်းတုံ့ပြန်မှုပေးခြင်း

၃။ နိုင်ငံတော်အနေဖြင့် မြေအသုံးချသူများ၏ တရားဝင်ရပိုင်ခွင့်များကို အသိအမှတ်ပြုပေးခြင်း သို့မဟုတ် ၎င်းတို့၏ သဘောတူညီချက်များကို စစ်မှန်ကြောင်း အတည်ပြုပေးခြင်း

၄။ တရားဝင်ဖြစ်စေမှုလုပ်ထုံးလုပ်နည်းကို လူတိုင်းမှရယူအသုံးပြုနိုင်ခြင်းနှင့် ထိရောက်မှုရှိခြင်း

၅။ စံသတ်မှတ်ချက်များနှင့် လုပ်ပိုင်ခွင့်များအား နည်းလမ်းအမျိုးမျိုးဖြင့် ထိထိရောက်ရောက် အပြန်အလှန် ချိတ်ဆက်မှုရှိကာ ယုံကြည်အားထားလောက်သော လုပ်ထုံးလုပ်နည်းများဖြင့် အဖွဲ့အစည်းဆိုင်ရာ အသိုက်အဝန်း တစ်ရပ်၏ အစိတ်အပိုင်းအဖြစ် ရပ်တည်ခြင်း

၆။ ပြည်သူလူထုမှ ဥပဒေရေးရာလုပ်ထုံးလုပ်နည်းများကို အကျိုးရှိစွာအသုံးချနိုင်ရေးအတွက် မြေယာဆိုင်ရာ သတင်းအချက်အလက်များအား အချိန်နှင့်တစ်ပြေးညီရရှိခြင်း

၇။ ရပိုင်ခွင့်များကို စီမံဆောင်ရွက်ပေးရန် တာဝန်ရှိအဖွဲ့အစည်းများသည် ၎င်းတို့၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ကြခြင်း

ရင်းမြစ် - 'Land Tenure and Development' Technical Committee (၂၀၁၅-၃၃)

ဤစည်းမျဉ်းများကို အခြေခံကာ ဆင်ခြင်သုံးသပ်ချက်များ၊ လက်ရှိဆောင်ရွက်နေသော မြေယာပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ပိုမိုတိုးတက်ကောင်းမွန်စေရန်အတွက် အောက်ပါဆွေးနွေးချက်များနှင့် အကြံပြုချက်များကို တင်ပြထားပါသည်။ အောက်ဖော်ပြပါအတိုင်း တင်ပြလိုပါသည်။

## ၃ – ၁ မြေအသုံးချပိုင်ခွင့်များအား လက်တွေ့ဖြစ်ရပ်နှင့်အညီ တရားဝင်အဖြစ်ဆောင်ရွက်သည့်လုပ်ငန်းစဉ်တစ်ရပ်

မြန်မာနိုင်ငံတဝှမ်းလုံး၌ LUC လက်မှတ်ပေါင်း ကိုးသန်းခန့်အား တိုတောင်းလှသောကာလအတွင်း ထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။ မြေယာမှတ်ပုံတင်ခြင်းများအား လက်ရှိမြေတိုင်းဦးစီးဌာနမှ စာရွက်စာတမ်းများဖြစ်သည့် မြေခွန်လက်ခံဖြတ်ပိုင်းများ၊ တောင်သူလယ်သမားမှတ်တမ်းများ၊ ပုံစံ ၁၀၅၊ ကွက်စိတ်

စာရင်းမြေပုံများစသည့် စာရွက်စာတမ်းများအား ပြန်လည်ပြင်ဆင်မြှင့်တင်ခြင်းမပြုလုပ်ဘဲ နောက်ဆုံးတည်ဆဲ အချက်အလက်များနှင့်ကိုက်ညီအောင် ဆောင်ရွက်ခဲ့ခြင်းကြောင့်သာ ဤကဲ့သို့မြန်ဆန်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုကဲ့သို့ အလျှင်စလိုဆောင်ရွက်မှုကြောင့် လုပ်ထုံးလုပ်နည်းများတွင် သွေဖည်လမ်းလွဲမှုများ ဖြစ်ပေါ်ခဲ့ပြီး ကွင်းဆင်းစစ်ဆေးချက်များနှင့် အတည်ပြုခြင်းများလည်း အလွန်ပင်နည်းပါးခဲ့ပါသည်။ မြေ အမှန်တကယ် ပိုင်ဆိုင်သူများနှင့် တရားဝင်လက်မှတ်ရသူများ၊ မှတ်ပုံတင်ထားသော မြေအရွယ်အစားစသဖြင့် အမှန်တကယ် ကိုက်ညီမှု ရှိ၊ မရှိကိုပင် မေးခွန်းထုတ်စရာဖြစ်နေပါသည်။

ထို့အပြင် ထိုစာရွက်စာတမ်းများသည် ဒေသခံ "အာဏာပိုင်များ" (ရွာလူကြီး၊ ရပ်မိရပ်ဖများနှင့် တစ်ခါတရံ တစ်ရွာတည်းနေ ဆွေမျိုးသားချင်း သို့မဟုတ် အိမ်နီးချင်းများ) ၏ အတည်ပြုချက်ထက်ပင် အရေးပါအရာရောက်မှု နည်းပါးလေ့ရှိတတ်သည်ကို လေ့လာဆန်းစစ်ချက်အရ တွေ့ရှိနိုင်ပါသည်။ ထုံးတမ်းစဉ်လာ မြေလုပ်ပိုင်ခွင့်စနစ်နှင့်အညီ ဒေသန္တရအဆင့်တွင် လုပ်ဆောင်သောနည်းစနစ်သည် (ဒေသခံအာဏာပိုင်များ ပါဝင်သော ဒေသန္တရအဆင့်အစီအမံများတွင် ဥပဒေစနစ်အား သိသိသာသာ ဘေးချိတ်ထားတတ်ကြသည့်တိုင်အောင်) များသောအားဖြင့် အဆင်ပြေချောမွေ့စွာ လည်ပတ်လေ့ရှိပါသည်။ ဥပဒေနှင့် ဒေသခံတို့၏ အလွတ်သဘောကျင့်သုံးသည့် အစဉ်အလာများအကြား ကွဲပြားနေမှုများကို အခွင့်ကောင်းယူကာ ကိုယ်ကျိုးရှာလိုသူများ၏ နည်းစနစ်မကျသော ကျင့်သုံးမှုများကြောင့် အပြောင်းအလဲဖြစ်စေတတ်သော ပြဿနာအများစု ဖြစ်ပွားပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။[9] LUC လက်မှတ်များ ထုတ်ပေးသည့် လုပ်ငန်းစဉ်တွင် ဤအချက်ကို အထင်အရှား တွေ့ရပါသည်။ ထိုလုပ်ငန်းစဉ်အား အလျင်စလို လုပ်ဆောင်ခဲ့ခြင်းကြောင့် ယခင်မူဝါဒများက ဖန်တီးပေးခဲ့သော အာဃာတ တရားများ ပြန်လည်ရှင်သန်လာစေပြီး ကျေးရွာအတွင်း ပဋိပက္ခ ထောင်ပေါင်းများစွာကိုလည်း ပေါ်ပေါက်စေခဲ့ပါသည်။ ဒေသခံများအချင်းချင်းအကြားတွင် ဒေသအတွင်းအစီအမံများ (ဥပမာ လယ်ပြန်ငွေပြန်) အထူးသဖြင့် ဆန့်ကျင်ဘက်ဖြစ်နေသော ဥပဒေများနှင့်စပ်လျဉ်း၍ ပဋိပက္ခများ ဖြစ်ပေါ်တတ်ပါသည်။ ယခုအခါ ထို LUC လက်မှတ်များသည် ယာယီအစီအမံများ (ဥပမာ အပေါင်ထားခြင်း သို့မဟုတ် သီးစားချခြင်း) ကို တရားဝင်ဖြစ်အောင် ပြုလုပ်ပေးခဲ့ပြီဖြစ်သော်လည်း ပုဒ်မ ၆၄/၁ အရ လယ်ယာမြေပေါ်တွင် ငါးနှစ်ဆက်တိုက် ထွန်ယက်စိုက်ပျိုးသူတစ်ဦးအနေဖြင့် ထိုမြေကို ပိုင်ဆိုင်လုပ်ကိုင်လိုကြောင်း တောင်းဆိုခွင့်ပေးထားဆဲ ဖြစ်ပါသည်။

ဤအစီရင်ခံစာတစ်လျှောက် တင်ပြခဲ့သည့်အတိုင်း ယခင်မြေယာဥပဒေ မူဘောင်များအရ တားမြစ်ထားသော်လည်း မြေလွှဲပြောင်းမှုများ ထိထိရောက်ရောက် ရှိနေဆဲဖြစ်ပါသည်။ ထို့ကြောင့် စုပေါင်းမြေယာထားရှိခြင်း၊ မြေယာခွဲခြမ်းခြင်းဖြစ်စဉ်များ၏ ရှောင်တခင်လုပ်ဆောင်ချက်ဟု ယူဆ၍ရနိုင်သည့် LUC လက်မှတ်များထုတ်ပေးခြင်းသည် သတ်မှတ်ထားသော အချိန်ကာလအတောအတွင်း အကောင်အထည်ဖေါ်ရမည့် စိန်ခေါ်ချက်တစ်ရပ် ဖြစ်နေပေသည်။ တည်ဆဲဥပဒေအရ ကြွေးမြီပိနေခြင်း၊ လွှဲပြောင်းခြင်း သို့မဟုတ် အမွေဆက်ခံခြင်းစသည့် အခက်အခဲများကြောင့် မြေအသုံးချပိုင်ခွင့် အခြေအနေအပြောင်းအလဲ တစ်စုံတစ်ရာကြုံတွေ့ရပါက - မဖြစ်မနေ စနစ်တကျမှတ်ပုံတင်ရမည်ဖြစ်သော်လည်း ကွင်းဆင်းအထောက်အထားများအရ စာရင်းမြေပုံများသည် အလွန်ပင်ခေတ်နောက်ကျနေပြီဖြစ်ကြောင်း တွေ့ရှိရပါသည်။ မြေအသုံးချခွင့်လွှဲပြောင်းမှုများအား တရားဝင်အဖြစ် ဆောင်ရွက်ပေးမည့် မြေယာစီမံခန့်ခွဲမှုနှင့်

---

[9] ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် စီမံချုပ်ဆိုသော "တရုတ်ဖရဲသီး" အငှားစာချုပ်များကြောင့် လယ်သမားများပင်လျှင် ဥပဒေချိုးဖောက်သူများ ဖြစ်စေခဲ့သည့် သာဓကအနေဖြင့် ရှုမြင်နိုင်ပါသည်။ (သုတေသနစာတမ်းအပြည့်အစုံပါ VI.3.1 ကို ကြည့်ရန်)



ပတ်သက်သော ဌာနဆိုင်ရာ တာဝန်ခံများအား လယ်သမားအများစုအနေဖြင့် ချဉ်းကပ်ရန် မလွယ်ကူသည့်အပြင် ၎င်းတို့၏ ဥပဒေမူဘောင်ဆိုင်ရာ ဗဟုသုတသည်လည်း အလွန်ပင်နည်းပါးလှပေသည်။

## အကြံပြုချက်များ

ယေဘုယျဆန်သော်လည်း အလွန်တရာအရေးပါလှသည့် အကြံပြုချက်တစ်ခုမှာ အများပါဝင်နိုင်ပြီး ကျိုးကြောင်းဆီလျော်မှုရှိသော မြေယာဥပဒေမူဘောင်တစ်ခု ဖော်ထုတ်နိုင်ရန် တည်ဆဲဥပဒေများ ကို လေ့လာသုံးသပ်ခြင်းအားဖြင့် မြေအသုံးချပိုင်ခွင့်များ၏ အာမခံချက်ရှိမှုကို ထိခိုက်စေနိုင်သည့် ကွဲလွဲဆန့်ကျင်နေသော သဘောတရားများကို ဖော်ထုတ်ရမည် ဖြစ်ပါသည်။ ထိုသို့ သုံးသပ်လေ့လာ ရာတွင် နည်းဥပဒေများကို ရှုံးတွင်းလေ့လာမှုသာမက မြေပြင်တွင် လက်တွေ့ကျင့်သုံးနေသည့် အစဉ်အလာများကိုပါ နှိုင်းဆနိုင်စေရန်အတွက် ကွင်းဆင်းလေ့လာမှုများကိုလည်း ပြုလုပ်သင့်ပါသည်။ ဤနည်းဖြင့် အားလုံးကိုလွှမ်းခြုံနိုင်သော မြေယာဥပဒေရေးဆွဲသတ်မှတ်နိုင်ရန် လိုအပ်သည့်သိမြင်မှုများကို ရရှိနိုင်မည်ဖြစ်ပါသည်။

မြေယာစီမံအုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပိုမိုတိကျသော အကြံပြုချက်များမှာ -

- ၂၀၁၂ ခုနှစ် မြေယာမှတ်ပုံတင်မှုလုပ်ငန်းစဉ်ကို ပြန်လည်သုံးသပ်ခြင်းဖြင့် ၎င်းလုပ်ငန်းစဉ်အတွင်းရှိ ကွာဟချက်များကို ဖော်ထုတ်ရန်နှင့် ပြည်သူလူထု၏ ယုံကြည်စိတ်ချမှုအခြေအနေ တိုးတက်လာစေရေးအတွက် ထိုကွာဟချက်များအား ကိုင်တွယ်ဖြေရှင်းရမည့်နည်းလမ်းကို ဦးစားပေးအစီအစဉ်အဖြစ် ရှာဖွေရန်လိုအပ်ပါသည်။
- မြေလွှဲပြောင်းမှုများကို မှတ်တမ်းတင်နိုင်ရန်နှင့် မြေပိုင်ဆိုင်မှုမှတ်တမ်းများကိုပါ အချိန်နှင့်တစ်ပြေးညီ စနစ်တကျ ပြင်ဆင်မှတ်တမ်းတင်သွားနိုင်ရန်အတွက် လယ်သမားများလက်လှမ်းမီနိုင်ပြီး အကုန်အကျလည်း သက်သာမည့် လက်တွေ့ကျသော လုပ်ထုံးလုပ်နည်းများ လိုအပ်ပါသည်။ ထိုကဲ့သို့ဆောင်ရွက်ခြင်းအားဖြင့် မြေအသုံးချ၊ လွှဲပြောင်း

မှုများကို မှတ်တမ်းတင်နိုင်ရန်အတွက် modalities များကို အဆင်ပြေချောမွေ့စေရန် ရည်ရွယ်ပါသည်။ လယ်သမားများကိုလည်း လက်လှမ်းမီနိုင်သော ကျေးရွာအဆင့် စီမံအုပ်ချုပ်ရေးအဖွဲ့ကို တစ်ခုတည်းသာထားရှိပြီး မြေအသုံးပြုခွင့် လွှဲပြောင်းမှုများ၊ မြေအသုံးပြုခွင့်အတွက် ခွဲဝေပိုင်းခြမ်းခြင်းနှင့် စုပေါင်းခြင်း၊ မြေအသုံးပြုမှု အပြောင်းအလဲများကို မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်ကို စနစ်ကျနသောလုပ်ငန်းစဉ်နှင့် လယ်သမားများ တတ်နိုင်သော အခကြေးသာ ပေးဆောင်စေခြင်းဖြင့် ထိုအဖွဲ့မှ ထောက်ခံအတည်ပြုပေးနိုင်ရမည်ဖြစ်သည်။

- မြေခွန်စနစ်တစ်ခု (နှစ်စဉ်ကြေး၊ လွှဲပြောင်းခွန်၊ - betterment tax မြေရောင်းချမှုမှ ရရှိသည့် ထပ်တိုးတန်ဖိုးအပေါ် ကောက်ခံသည့်အခွန်အပါအဝင်[10]) ထားရှိခြင်းသည် မြေအသုံးချပိုင်ခွင့်များကို ကာကွယ်စောင့်ရှောက်ပေးရန်၊ မှတ်ပုံတင်စာရင်းများကို အချိန်နှင့်တစ်ပြေးညီ မှတ်တမ်းတင်နိုင်ရန်နှင့် မြေဈေးကစားမှုများ လျော့ချနိုင်ရန်အတွက် အထိရောက်ဆုံးနည်းလမ်းဖြစ်လာနိုင်ပြီး တချိန်တည်းတွင် မြေစီမံအုပ်ချုပ်မှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်း စဉ်ဆက်မပြတ်ပံ့ပိုးပေးနိုင်ရန် လိုအပ်သည့် အခွန်ဘဏ္ဍာကိုလည်း ရရှိစေနိုင်ပါသည်။
- ဒေသန္တရအဆင့်များတွင် မြေယာနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေရသည့် အစိုးရအဖွဲ့အစည်းများ (DALMS, DoF/ MONREC နှင့် GAD) အနေဖြင့် မြေယာနှင့်ဆက်နွယ်သော ဥပဒေများကို ပိုမိုနားလည်သိရှိလာစေရန်အတွက် စွမ်းရည်မြှင့်တင်မှုများ ပြုလုပ်ပေးရန်လည်း လိုအပ်လှပေသည်။
- လယ်သမားများအတွက်လည်း လယ်ယာမြေဥပဒေနှင့်ပတ်သက်သော အသိပညာဗဟုသုများ နှင့် ရှင်းလင်းသော အကြောင်းပြန်ကြားမှုများ (ရပိုင်ခွင့်များနှင့် တာဝန်များ) ကို ပံ့ပိုးပေးရမည်ဖြစ်ပါသည်။ မြေယာဥပဒေများနှင့် ဆက်စပ်လုပ်ထုံးလုပ်နည်းများအား လယ်သမားများမှ ပိုမိုနားလည်သိရှိလာစေရန်အတွက် မြေယာဥပဒေအသိပညာပေး အစီအစဉ်များကိုပါ ပူးတွဲလုပ်ဆောင်ပေးရန် လိုအပ်ပါသည်။
- မြေအသုံးချပိုင်ခွင့် စိတ်ပိုင်းခြင်း (နှင့်ပေါင်းစည်းခြင်း) တို့အတွက် ရှင်းလင်းပြတ်သားသော လုပ်ထုံးလုပ်နည်း တစ်ရပ်ကို ချမှတ်ထားရပါမည်။

## ၃ - ၂ မြေပုံရေးဆွဲခြင်းနှင့် ဇုန်သတ်မှတ်ခြင်း အောက်ခြေအဆင့် မြေအသုံးချမှုများကို သုံးသပ်တင်ပြခြင်း

လက်တွေ့မြေယာအသုံးချမှုနှင့် တရားဝင်သတ်မှတ်ထားသော မြေအသုံးချမှုအမျိုးအစား ခွဲခြားသတ်မှတ်မှုများအကြားတွင် ကွဲပြားမှုများစွာ ရှိနေပါသည်။ တောင်ပေါ်ဒေသမှ တောင်ယာများနှင့် ရွှေ့ပြောင်းတောင်ယာများသာမက မြေနိမ့်ပိုင်းဒေသမှ စိုက်ပျိုးမြေအများအပြားအား အခြားသော

[10] ပိုင်ဆိုင်ထားသည့်မြေအတွက် လုပ်ကွက်ငယ်တောင်သူများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေလောက်သည့် နှစ်စဉ်ကြေးအား မြေဈေးကစားမှုများကို ဟန့်တားရန်အတွက် သတ်မှတ်ကောက်ခံနိုင်ပါသည်။ ထို့အပြင် ယခင်မြေပိုင်ရှင်များအား အခွန်ပေးဆောင်ခြင်းကို မရှောင်ရှားပဲ ၎င်းတို့၏ မြေယာလွှဲပြောင်းမှုများကို တင်ပြလာနိုင်ရန် လှုံ့ဆော်အားပေးနိုင်သည့်ပမာဏလည်း ဖြစ်ဖို့လိုပါသည်။ လယ်ယာမြေများအတွက် နှစ်စဉ်ကြေးများကို ဗြိတိသျှကိုလိုနီခေတ်ကအတိုင်း မြေတစ်ဧက ၆ ကျပ်နှုန်းဖြင့်သာ ကောက်ခံနေဆဲဖြစ်ပါသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စာရေးဝန်ထမ်းများသည် အခွန်ကောက်ရန် သွားရောက်ရမည့်ခရီးစရိတ်ကိုသုံးစွဲမည့်အစား မြေခွန်များကို ၎င်းတို့ဘာသာပေးဆောင်လိုကြသည်ကို သာဓကအနေဖြင့် တွေ့ရပါသည်။ ပြည်သူပြည်သားများမှ ၎င်းတို့၏ လုပ်ဆောင်ချက်များ မှတ်ပုံတင်လိုစိတ်ကို အားပေးသည့်အနေဖြင့် အပြီးအပိုင်လွှဲပြောင်းမှုများ (အမွေဆက်ခံခြင်း၊ ရောင်းချခြင်း)အတွက် လွှဲပြောင်းခွန်သည် နည်းပါးသောပမာဏသာ ဖြစ်သင့်ပါသည်။ နောက်ဆုံးအနေဖြင့် betterment tax ဟုခေါ်သည့် မြေရောင်းချမှုမှရရှိမည့် ထပ်တိုးတန်ဖိုးအတွက် ကောက်ခံမည့်အခွန်ကမူ အခြားမြေခွန်များနှင့် နှိုင်းစာလျှင် ပိုမိုမြင့်မားသော ပမာဏဖြစ်သင့်ပါသည်။ ထိုအခွန်ဘဏ္ဍာသည် မြေဈေးကစားခြင်းကို ကြိုတင်ကာကွယ်နိုင်ရန် ကူညီပေးမည်ဖြစ်ပါသည်။

မြေအသုံးချမှုပုံစံများ၊ များသောအားဖြင့် သစ်တောမြေ သို့မဟုတ် ပလပ်မြေနှင့် မြေလွတ်မြေရိုင်းအုပ်စုများ (VFV) အနေဖြင့်သာ ထည့်သွင်းခြင်းခံရပါသည်။ ကိစ္စရပ်တော်တော်များများတွင် ထိုကဲ့သို့သောဖြစ်ရပ်များသည် လက်ရှိ အခြေအနေအရ တရားမဝင်ပိုင်နက်ကျူးလွန်မှုကြောင့် ဖြစ်ပေါ်ခြင်း မဟုတ်ပေ။ မြစ်ဝကျွန်းပေါ်တွင် တွေ့ရှိရတတ်သော ကိစ္စရပ်များတွင် လွန်ခဲ့သော ၁၀ နှစ်မှ အနှစ် ၂၀ အတွင်းတွင် စိုက်ပျိုးမြေအဖြစ် မှတ်ပုံတင်ထားခြင်းမရှိသော မြေများ အား ခုတ်ထွင်ရှင်းလင်းကာ ယခုအချိန်တွင်မူ ထိုမြေများပေါ်၌ လယ်သမားများအနေဖြင့် အခြေတကျထွန်ယက်စိုက်ပျိုး နေကြခြင်းဖြစ်ပါသည်။ အပူပိုင်းဇုန်တွင်မူ စီမံလန်းစိုပြေရေး စီမံချက်များကြောင့် ယခင်ထွန်ယက်စိုက်ပျိုးနေသော မြေများကို သစ်တောမြေများအဖြစ် သတ်မှတ်ခြင်းခံခဲ့ရပါသည်။ ဇုန်နှစ်ခုစလုံးတွင် လယ်သမားများသည် မြေအသုံး ချခွင့်များ ရရှိရန်အတွက် အစီအမံအမျိုးမျိုးဖြင့် အလွတ်သဘောအရသာ ဖြေရှင်းဆောင်ရွက်ခဲ့ကြရပါသည်။

၂၀၁၃ ခုနှစ်အစောပိုင်းတွင် ယခင်အစိုးရမှ တစ်နိုင်ငံလုံးကို လွှမ်းခြုံသည့် နိုင်ငံတော်သမ္မတ၏ ညွှန်ကြားချက်ဖြင့် မြေပြင်ရှိ လက်တွေ့ဖြစ်ရပ်များနှင့်အညီ မြေယာအမျိုးအစား ပြန်လည်ခွဲခြားသတ်မှတ်ချက်တစ်ရပ်ကို မိတ်ဆက်ဖော် ဆောင်ခဲ့ပါသည်။ အဓိကရည်ရွယ်ချက်မှာ သစ်တောကြိုးဝိုင်းများနှင့် သစ်တောမြေများတွင် ကာလအတန်ကြာ အခြေ ချနေထိုင်လာခဲ့ကြသော ကျေးရွာများနှင့် အိမ်ထောင်စုများ၏ အချက်အလက်အတိအကျကို ကောက်ယူကာ ရွာသစ် များအဖြစ် သတ်မှတ်ပေးရန် ဖြစ်ပါသည်။ ဤမူဝါဒဖြင့် မြေဧက ပေါင်း ၁,၆၈၁,၆၆၇ အား လယ်ယာမြေများအဖြစ် ပြောင်းလဲသတ်မှတ်ပေးနိုင်ခဲ့သည်ဟု သစ်တောဦးစီးဌာနမှ ထုတ်ပြန်ခဲ့ပါသည်။ ထိုကဲ့သို့ အများပြည်သူထံ ထုတ်ပြန်ကြေညာထားသော လုပ်ဆောင်ချက်များရှိခဲ့သော်ငြားလည်း သက်ဆိုင်ရာလယ်သမားများသည် ယခု



အချိန်အထိ မြေယာပိုင်ဆိုင်မှု LUC လက်မှတ်များ လက်ခံရရှိခြင်း မရှိသေးပဲ မြစ်ဝကျွန်းပေါ်နှင့် အပူပိုင်းဇုန်ရှိ အိမ်ထောင်စုအတော်များများသည် သစ်တောမြေများအဖြစ်သတ်မှတ်ထားသော မြေများပေါ်တွင် ထွန်ယက်စိုက် ပျိုးနေဆဲဖြစ်သဖြင့် မြေယာလုပ်ပိုင်ခွင့် အာမခံချက်မရှိကြသေးပါ။ တာဝန်ယူဆောင်ရွက်နေရသော အဖွဲ့အစည်းများ ကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုမရှိခြင်းကြောင့် လယ်ယာမြေများ၊ သစ်တောမြေများ၊ မြေလွတ်၊ မြေရိုင်းနှင့် ပလပ် မြေများကို အမျိုးအစားသတ်မှတ်မှုဆိုင်ရာ ကိစ္စရပ်များ အထင်အရှားရှိနေဆဲဖြစ်ပါသည်။ ဤအချက်က မြေယာခန့်ခွဲမှု ဆိုင်ရာ အစိုးရဌာနတစ်ခုစီအား သက်ဆိုင်ရာ မြေအမျိုးအစားများ၏ "ပိုင်ရှင်"အဖြစ် ရှုမြင်သည့်စနစ်မှ မြေယာ စီမံအုပ်ချုပ်မှုများအတွက် မြေယာဌာနတစ်ခုတည်းသာထားရှိကာ ထိုဌာနမှ ထိန်းသိမ်းစောင့်ရှောက်ပေးသည့် ပုံစံစနစ် သို့ ပြောင်းလဲကျင့်သုံးရန် လိုအပ်နေကြောင်းကို ဤအချက်က မီးမောင်းထိုးပြနေပါသည်။[11]

[11] မြေအသုံးပြုမှုနှင့်ဆက်နွယ်သော ကိစ္စရပ်များ၌ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပါဝင်ပတ်သက်မှုကို ချန်လှပ်ဖယ်ထုတ်ထားရမည်ဟု ဆိုလိုခြင်း မဟုတ်ပါ။



## အကြံပြုချက်များ

- မြေယာများကို လက်တွေ့အသုံးချမှုများနှင့် ကိုက်ညီစေရန်နှင့် ကျေးလက်လယ်သမားများ၏ လက်ရှိမြေလုပ်ပိုင်ခွင့်များကို ကာကွယ်ပေးရန်အတွက် မြေဧရိယာများအား အမျိုးအစား အုပ်စုပြန်လည်ခွဲခြားသတ်မှတ်ပေးမည့် လုပ်ထုံးလုပ်နည်းတစ်ခုကို ရှင်းရှင်းလင်းလင်းချမှတ်ဆောင်ရွက်ခြင်း
- နိုင်ငံတော်အဆင့်၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်များအပြင် ပိုအရေးကြီးသည်မှာ ရပ်ကျေးအုပ်စုအဆင့်များတွင် လူထုပါဝင်ရေးဆွဲသော မြေအသုံးချမှု စီမံကိန်းများကိုအခြေခံကာ မြေအမျိုးအစား အုပ်စုခွဲခြင်း/ဇုန်သတ်မှတ်ခြင်း
- လုပ်ငန်းများထပ်နေခြင်းကို လျှော့ချရန်နှင့် မြေယာစီမံအုပ်ချုပ်မှုနှင့် ခန့်ခွဲမှု၏ အကျိုးသက်ရောက်နိုင်စွမ်း တိုးတက်ကောင်းမွန်လာစေရန်အတွက် မြေယာဌာနတစ်ခုတည်းကိုသာ တည်ထောင်နိုင်မည့် နည်းလမ်းများကို ရှာဖွေခြင်း

## ၃ – ၃ မြေအသုံးပြုသူများ၏ အသုံးပြုပိုင်ခွင့်ကို အပြည့်အဝပေးခြင်းဖြင့် ၎င်းတို့၏ စွမ်းဆောင်ရည် မြှင့်ပေးခြင်း

ဤအစီရင်ခံစာတစ်ခုလုံးတွင် ဖော်ပြခဲ့သကဲ့သို့ပင် လယ်သမားများ၏ လိုအပ်ချက်များ၊ ၎င်းတို့၏ ကျင့်သုံးမှုများနှင့် မြေအသုံးပြုမှုအား ဥပဒေအရတားမြစ်ချက်များကြား ကွဲလွဲမှုအချို့ ရှိနေပါသည်။ ထိုကွဲပြားမှုများက လယ်ယာထုတ်ကုန် ဖြစ်ထွန်းနိုင်စွမ်းနှင့် လယ်သမားများမှ ဘေးအန္တရာယ်ခုခံနိုင်စွမ်းတို့ကို ထိခိုက်စေနိုင်သည်ကို တွေ့ရပါသည်။ မြေအသုံးပြုပိုင်ခွင့်များအပေါ် ယခင်ကန့်သတ်ထားချက်များ အကျုံးဝင်နေဆဲ ဖြစ်သကဲ့သို့ မြေလုပ်ပိုင်ခွင့်မူဘောင်ကို စတင်ကျင့်သုံးလာခြင်းနှင့် မြေအသုံးပြုခွင့်များကို ကျယ်ကျယ်ပြန့်ပြန့်ခွင့်ပြုလာ

ခြင်းအကြားတွင်ရှိသော သဘောတရား ဆန့်ကျင်ကွဲလွဲမှုများကို ဖော်ပြရလျှင် - တစ်ဘက်တွင် အစိုးရ၏ ဆန်စပါးအပေါ် အစဉ်အလေးပေးဆောင်ရွက်မှု - မြန်မာ့အမျိုးသား လက္ခဏာတစ်ရပ်အဖြစ် အဓိကကောက်ပဲသီးနှံများဆိုင်ရာ အခြေခံဥပဒေထည့်သွင်းခြင်းနှင့် ဆန်စပါးစိုက်ပျိုးမှုအတွက် မြေအသုံးပြုမှုအား ထိန်းချုပ်လိုသောသဘောထားကလည်း ကျန်တစ်ဘက်တွင် တွေ့မြင်ရပါသည်။




သို့ပါသောကြောင့် လက်ရှိလယ်ယာမြေဥပဒေအရ ကောက်ပဲသီးနှံရွေးချယ်မှုအပေါ် ကန့်သတ်ချက်များစွာ ရှိနေဆဲဖြစ်ကာ လယ်သမား၏ မြေအသုံးပြုခွင့်ရရှိရန် အခက်အခဲဖြစ်စေပါသည်။ LUC လက်မှတ် (ပုံစံ ၇) တွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်အချို့သည် လုံလောက်မှု မရှိသည့်အပြင် လယ်သမားများ၏ စိတ်အားထက်သန်မှု ကင်းမဲ့လာစေကာ ရည်ရွယ်ချက်ရှိရှိဖြင့် "ဥပဒေချိုးဖောက်" သည့်အဖြစ်သို့ ရောက်ရှိစေပါသည်။ ဥပမာ အပူပိုင်းဇုန်မှ လုပ်ကွက်ငယ် တောင်သူများသည် သနပ်ခါးပင်ကဲ့သို့သော မိုးခေါင်ရေရှားဒဏ်ခံနိုင်သောသီးနှံမျိုးကို ပြောင်းလဲစိုက်ပျိုးရန် အလွန်ပင်စိတ်ဝင်စားကြသော်လည်း ဥပဒေအရ ၎င်းတို့၏ ယာနှင့်စပါးစိုက်သည့်လယ်များတွင် နှစ်ရှည်ပင်များ စိုက်ပျိုးခွင့်အတွက် ဗဟိုအဆင့်အထိ တရားဝင်ခွင့်ပြုချက် တောင်းခံရပါမည်။

ထို့အပြင် ပလပ်ထားရမည့်ကာလ ကန့်သတ်ထားချက်များ[12]မှာလည်း အစဉ်သဖြင့် ဆီလျော်အပ်စပ်မှုရှိသည်ဟု မဆိုလိုပါ။ ဥပမာ အပူပိုင်းဇုန်တွင် မြေလုပ်ထားရန်အတွက် ပိုမိုကောင်းမွန်သောစနစ်များနှင့် ရည်ရွယ်ချက်ပေါင်းစုံဖြင့် စိုက်ပျိုးသောအပင်များသည် မြေဆီသြဇာ ကြွယ်ဝလာစေရန် နှင့် စိုက်ပျိုးရေးထုတ်ကုန်ထုတ်လုပ်နိုင်စွမ်း မြင့်မားတိုးတက်လာစေရန် အထောက်အကူပြုနိုင်ပြီး တပြိုင်တည်းတွင် အခြားသောအကျိုးကျေးဇူးများ (မြေဆီလွှာနှင့် ရေ ထိန်းသိမ်းစောင့်ရှောက်မှု၊ ထင်းလောင်စာထုတ်လုပ်မှု၊ ငွေဖြစ်လွယ်သော ကောက်ပဲသီးနှံမျိုးများဖြင့် ဝင်ငွေဖန်တီးခြင်းစသဖြင့်) ကိုလည်း ရရှိစေနိုင်ပါသည်။

လယ်သမားများသည် ဥပဒေအရ ကန့်သတ်ချက်များကို လိုက်နာရမည်ဆိုပါက ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထိခိုက်မည်ဖြစ်ပြီး ကန့်သတ်ချက်များကို ချိုးဖောက်ပြန်လျှင်လည်း ကျေးရွာလူကြီးများနှင့် ကျေးရွာအုပ်စုအာဏာပိုင်များအတွက် "ဥပဒေလိုက်နာမှုမရှိသော" လယ်သမားအပေါ် အဂတိလိုက်စားခွင့်နှင့် အခွင့်အာဏာ အလွဲသုံးစားခွင့်ပြုသကဲ့သို့ ဖြစ်စေနိုင်ပါသည်။ ထို့အပြင် ကုန်ကျမှုစရိတ်များပြားမှုကြောင့် အချို့သော သတ်မှတ်ချက်များကို လိုက်နာနိုင်ရန်အတွက် အဟန့်အတားဖြစ်စေသည့် အခြေအနေများလည်း ရှိပါသည် (ဥပမာ- သီးနှံအမျိုးအစား ပြောင်းလဲစိုက်ပျိုးရန်အတွက် ဗဟိုအဆင့်အထိ ခွင့်ပြုချက်တောင်းရာတွင် ကုန်ကျစရိတ် မြင့်မားလှပါသည်)။ ထို့ကြောင့် အဂတိလိုက်စားမှုများကို ပို၍ပင်တိုးပွားစေပါသည်။ နောက်ဆုံးအနေဖြင့် ဤကန့်သတ်ချက်များအား မလိုက်နာပါက သတ်မှတ်ထားသော ပြစ်ဒဏ်များထဲမှ အချို့(ဒဏ်ကြေးများ၊ ထောင်ဒဏ်များ)သည် ပြင်းထန်ပြီး မြေကိုပါ လက်လွှတ်ဆုံးရှုံးခံရနိုင်သည့်အတွက် မြေအာမခံချက်ကင်းမဲ့မှုကိုပင် ဖြစ်ပေါ်စေနိုင်ပါသည်။

---

12 နောက်ဆုံးပြဋ္ဌာန်းထားသော လယ်ယာမြေဥပဒေတွင် "ခိုင်လုံသောအကြောင်းပြချက်မရှိပဲ လယ်ယာမြေ လုပ်ထားခြင်းမပြုရ" ဟု ဖော်ပြပါရှိပါသည်။

## အကြံပြုချက်များ

- လယ်သမားများအား စိုက်ပျိုးသီးနှံများ ရွေးချယ်မှုတွင် နှစ်ရှည်သီးပင်များအပါအဝင် ဆန္ဒရှိသလို ရွေးချယ်ခွင့်အပြည့်အဝပေးရန် အရေးတကြီးလိုအပ်နေပါသည်။ ၎င်းတို့၏ အသက်မွေးမှုလုပ်ငန်းများ တိုးတက်စေရန်နှင့် မြေအသုံးချမှု အကျိုးရှိစေရန်သာမက ဈေးကွက်၏ ပြောင်းလဲမှုတို့ကို တုံ့ပြန်နိုင်ရန် ဆုံးဖြတ်ချက်များ ချမှတ်ရန် အသင့်လျော်ဆုံးပုဂ္ဂိုလ်များမှာ ၎င်းတို့ကိုယ်တိုင်သာ ဖြစ်ပါသည်။
- မြေအသုံးချမှုအုပ်စုခွဲသည့်စနစ်အား ပိုမိုရိုးရှင်းစေခြင်းအားဖြင့် မြေယာပိုင်ဆိုင်လုပ်ကိုင်ခွင့်ကို အာမခံချက်ပိုမိုပေးနိုင်မည့် မြေအသုံးချမှု အမျိုးအစားများကို ထပ်မံဖြည့်စွက်ရန်သာမက သီးနှံသစ်တောရောနှောစိုက်ပျိုးသည့်စနစ်နှင့် ငါးပုဇွန်မွေးမြူရေးပူးတွဲလုပ်ကိုင်သည့် မြေအသုံးချမှုများကို လယ်ယာမြေအသုံးချမှုစသည့် အမျိုးအစားများပါ ပေါင်းစပ်ထည့်သွင်းခြင်းဖြင့် မြေအသုံးချမှုအုပ်စုများကို တိုးချဲ့သတ်မှတ်ပေးရန် ဖြစ်ပါသည်။
- အချို့သော ကန့်သတ်ချက်များ ကျန်ရှိနေသေးသောကြောင့် မြေအသုံးပြုမှု ပြောင်းလဲခြင်းများအတွက် ရိုးရှင်းလွယ်ကူ၍ ဗဟိုချုပ်ကိုင်မှုလျှော့ချထားသော လုပ်ငန်းစဉ်ဖြင့် ဥပဒေ လုပ်ထုံးလုပ်နည်းများအား လက်လှမ်းမီအသုံးပြုနိုင်မှုနှင့် ငွေကုန်ကြေးကျ သက်သာမှုရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။
- မြေအသုံးပြုမှုဆိုင်ရာ ကန့်သတ်ချက်များကို မလိုက်နာပါက ချမှတ်သောပြစ်ဒဏ်များသည် အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်း အာမခံချက်ကိုပင်ထိခိုက်နိုင်ခြင်းမျိုးအထိ မဖြစ်စေရန် အတွက် ထိုပြစ်ဒဏ်များကို ပြန်လည်သုံးသပ်ရန် လိုအပ်လှပါသည်။

## ၃ - ၄ မြေအငြင်းပွားမှုပဋိပက္ခ ကိုင်တွယ်ဖြေရှင်းခြင်း

မြေလုပ်ပိုင်ခွင့် အာမခံချက်အတွက် ထိရောက်သော ပဋိပက္ခဖြေရှင်းမှုလုပ်ထုံးလုပ်နည်းများကို ပံ့ပိုးဖော်ဆောင်ပေးရန် လိုအပ်ပါသည်။ သို့သော် လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း မြေယာစီမံအုပ်ချုပ်မှုများသည် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ လက်ထဲတွင်သာ အများစုရှိနေခဲ့ပြီး ၎င်းတို့သည် အစိုးရနှင့်ရွာသားများအကြား နိုင်ငံရေးပွဲစားများ[13] သဖွယ် ဆောင်ရွက်ပေးနေကြပါသည်။ အပြန်အလှန်ထိန်းကျောင်းကွပ်ကဲမှုမရှိသည့်အတွက် အဂတိလိုက်စားမှုများ အနံ့အပြားဖြစ်ပွားပြီး အားအနည်းဆုံးသူများ ထိခိုက်နစ်နာကြရပါသည်။ အငြင်းပွားမှုများကို စီရင်ဆုံးဖြတ်ပေးရာတွင် လာဘ်ငွေ "အများဆုံးပေးနိုင်သူ" ကို မျက်နှာသာပေးကာ ဆုံးဖြတ်သည့်အမှုကိစ္စပေါင်းများစွာကို လေ့လာဆန်းစစ်ချက်အရ တွေ့ရှိခဲ့ရပါသည်။ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တွင် ကျေးရွာရှိ အစဉ်အလာအရ အထက်တန်းစားအလွှာများ (ဆိုလိုသည်မှာ ရွာသူကြီး၊ အုပ်စုစာရေးများ၊ အုပ်စုမြေစာရင်းဝန်ထမ်းများ၊ လူကြီးဟု သတ်မှတ်ခံထားရသူများနှင့် ရပ်မိရပ်ဖများ)ဖြင့် ပါဝင်ဖွဲ့စည်းဆောင်ရွက်စေသဖြင့်

13 Bierschenk & al. ၂၀၀၀

မြေယာကိစ္စရပ်များအပါအဝင် အုပ်ချုပ်စီမံရေးလုပ်ငန်းများအတွက် တာဝန်ယူဆောင်ရွက်ကြရသည့်အတွက် အစိုးရဖွဲ့စည်းပုံများ၏ ပြည့်စုံလုံလောက်မှုအပေါ် မေးခွန်းထုတ်စရာ ဖြစ်လာပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ၅၀ အတွင်း မြန်မာ့ပိုင်းဒေသများရှိ မြေလုပ်ပိုင်ခွင့်များအတွက် အများဆုံးအသုံးပြုသည့် အမျိုးမျိုးအဖုံဖုံဖြစ်နေသော ဥပဒေနှင့် ထုံးတမ်းစဉ်လာစနစ်များသည်လည်း ရွာသူရွာသားများ၏ နိုင်ငံတော်အစိုးရနှင့် ချမှတ်ထားသောမူဝါဒများအပေါ် အယုံအကြည်ကင်းမဲ့မှုဖြစ်စေသော အကျိုးဆက်ဖြစ်ပါသည်။ ၎င်း၏ အကျိုးဆက်အနေဖြင့် များမကြာမီက အုပ်ချုပ်ရေးလုပ်ငန်းစဉ်ဆိုင်ရာ အပြောင်းအလဲများကို အခွင့်ကောင်းယူကာ ဥပဒေအရ တရားမျှတမှုနှင့် လူမှုရေးဆိုင်ရာ တရားမျှတမှုကိုပါ အရေးဆိုသည့် အခြေအနေတစ်ရပ်ကို ဖြစ်ပေါ်စေခဲ့ပါသည်။ မြစ်ဝကျွန်းပေါ်နှင့် အပူပိုင်းဇုန်နှစ်ခုစလုံးတွင် လယ်ယာမြေပိုင်ဆိုင်သော အိမ်ထောင်စုများ၏ ပျမ်းမျှ ၇ ရာခိုင်နှုန်းခန့် (သစ်တောမြေများတွင် ထွန်ယက်စိုက်ပျိုးနေသော "မြေပိုင်ရှင်များ" မပါဝင်)သည် LUC တွင် ပါဝင်သည့်အချက်အချို့အား သင့်တင့်မျှတမှုမရှိကြောင်း ထောက်ပြခဲ့ကြပါသည်။ LUC လက်မှတ်မရရှိသော အိမ်ထောင်စုများအတွက် မြေယာအခွင့်အရေး ငြင်းပယ်ခံရသည့်အကြိမ်အရေအတွက် နစ်ဆခန့်ပိုများနေတတ်သည်။ အရည်အသွေးအခြေပြု စစ်တမ်းကောက်ယူမှု တွေ့ရှိချက်များအရ အလားတူကိစ္စများမှာအထက်တွင် ဖော်ပြခဲ့သည်ထက်ပင် ပိုမိုများပြားကြောင်း ဖော်ပြထားသော်လည်း အရေအတွက်အခြေပြု စစ်တမ်းကောက်ယူမှု အစီအရင်ခံမှုတွင်မူ မြေယာအငြင်းပွားမှုများကို ပိုမိုဦးစားပေးထားသောကြောင့် ထိုအရေးဆိုမှုနှုန်းထားမှာ ပိုမိုနည်းပါးပါသည်။

နိုင်ငံတော်အစိုးရ၏ ဒေသခံရပ်မိရပ်ဖ အပါအဝင် အုပ်ချုပ်ရေးမှူးများအား အစိုးရပွဲစားများအဖြစ် ထိထိရောက်ရောက် ဆောင်ရွက်ပေးရန် အားပေးအားမြှောက်လုပ်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းများ၏ အကျိုးသက်ရောက်မှုအနေဖြင့် ရပ်ရွာလူထုသည် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအပေါ် အယုံအကြည်ကင်းမဲ့လာပြီး ဒေသခံမြေယာကော်မတီများမှာလည်း မတူကွဲပြားသော ပုံစံအမျိုးမျိုးဖြင့် တည်ရှိနေကြပါသည်။ ထို့အပြင် လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း ကျေးရွာအဆင့်ရှိ လူမှုအရင်းအမြစ် (social capital) သည်လည်း ယိုယွင်းပျက်စီးခဲ့ပါသည်။ ဒေသခံရပ်ရွာလူထုခေါင်းဆောင်အများစုသည် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး/ရွာသူကြီးများအဖြစ် ဆောင်ရွက်လာသောအခါ သို့မဟုတ်



သမိုင်းတစ်လျှောက်ရှိခဲ့သည့် ဒေသခံမြေယာကော်မတီများတွင် တနည်းမဟုတ်တနည်းဖြင့် ပါဝင်လာရသောအခါ ၎င်းတို့သည် ကြားနေသူများ မဟုတ်ကြတော့ပါ။ အလွတ်သဘောဖြင့် ဖွဲ့စည်းထားသောအဖွဲ့များသည် မြေယာအငြင်းပွားမှုပဋိပက္ခများအား ကိုင်တွယ်ဖြေရှင်းပေးနိုင်စွမ်း မရှိကြပါ။ ယင်းအခြေအနေသည် မြစ်ဝကျွန်းပေါ်တွင် ပိုမိုထင်ရှားပါသည်။ လူမှုစီးပွားအခြေအနေပြောင်းလဲ (mobility) ပိုမိုများပြားခြင်း၊ အကြီးအမှူးများနှင့်လယ်သမားများကြား ဆက်ဆံရေးအားကောင်းခြင်းနှင့်တူညီသော "အလှူ" အတွင်းတွင်ပင် အိမ်ထောင်စုများအချင်းချင်းကြား ချိတ်ဆက်မှုများအားနည်းခြင်းစသည့် အချင်းလက္ခဏာများက ဖော်ပြနေပါသည်။ ထို့ပြင် မြစ်ဝကျွန်းပေါ်တွင် လယ်သမားများ၊ မြေအငှားချသူများနှင့် မြေယာမဲ့အိမ်ထောင်စုများကြား ပြင်းထန်လှသော အပြိုင်အဆိုင်တောင်းဆိုမှုများမှာ ရှိနေပါသည်။

နောက်ဆုံး တင်ပြလိုသည်မှာ သီးခြားလွတ်လပ်သော ပဋိပက္ခဖြေရှင်းမှု လုပ်ထုံးလုပ်နည်းများ မရှိသည့်အချက်ဖြစ်ပါသည်။ ပဋိပက္ခများနှင့်ပတ်သက်၍ ဩဇာအာဏာရှိသူများအား လူမှုရေးအရ ဘေးဖယ်ခံထားရခြင်း အန္တရာယ်မှ ကာကွယ်ရန် ထိုလုပ်ထုံးလုပ်နည်းများ အထူးလိုအပ်လျက်ရှိပါသည်။ (သမ္မတ ဦးသိန်းစိန်လက်ထက်က ဖွဲ့စည်းခဲ့သော) "သိမ်းယူထားသော လယ်ယာမြေများ၊ အခြားမြေများနှင့်စပ်လျဥ်းသည့် ပထမအကြိမ်လွှတ်တော် မြေယာစုံ\စမ်းစစ်ဆေးရေးကော်မရှင်" ၏ အတွေ့အကြုံများကို သုံးသပ်ခြင်းနှင့် လက်ရှိ (NLD အစိုးရလက်ထက် အသစ်ဖွဲ့စည်းထားသော) "သိမ်းယူထားသောမြေများနှင့် အခြားမြေများ ပြန်လည်စိစစ်ရေးကော်မတီများ" ကို လေ့လာခြင်းဖြင့် ထိုကြိုးပမ်းမှုနှစ်ခုစလုံးသည် တူညီသောအုပ်ချုပ်ရေးလုပ်ငန်းစဉ်ဆိုင်ရာ အားနည်းချက်များကို ရင်ဆိုင်ကြရသည်ဟု ကောက်ချက်ချနိုင်ပါသည်။ ယင်းမှာ ကျေးရွာအုပ်စုနှင့် မြို့နယ်အဆင့်များရှိ အောက်ခြေတွင်ဖွဲ့စည်းထားသော အဖွဲ့အစည်းများ၏ အဖွဲ့ဝင်များမှာ ယခင်ကတည်းက မြေနှင့်သဘာဝသယံဇာတများအပေါ် ဩဇာအာဏာရှိခဲ့ကြသူများ (ကိုယ်ကျိုးစီးပွားဆက်စပ်မှုတစ်စုံတစ်ရာရှိသူနေများ)ပင် ဖြစ်နေသည်ဟူသောအချက်ပင် ဖြစ်ပါသည်။

ထိုအချက်ကို ကိုင်တွယ်ဖြေရှင်းရန်အတွက် လုပ်ဆောင်သင့်သည်များကို အမျိုးသားမြေအသုံးချမှုမူဝါဒမှ အဆိုပြုထားရာ ကိုယ်ကျိုးစီးပွား ဆက်စပ်မှုရှိသောသူများအားလုံး ပါဝင်သည့် သီးခြားလွတ်လပ်သော စောင့်ကြည့်လေ့လာရေးအဖွဲ့များဖွဲ့စည်းကာ အကျိုးစီးပွားအရ တိုက်ရိုက်ပတ်သက်မှုမရှိသူများကို စောင့်ကြည့်စစ်ဆေးရေးမှူးများအဖြစ် ခန့်အပ်ရန်၊ မြေယာအငြင်းပွားမှုများ ဖြေရှင်းပုံကို စောင့်ကြည့်လေ့လာရန်တို့ ပါဝင်ပါသည်။ ထို့အပြင် မြေအငြင်းပွားမှုများကို ဖြေရှင်းရန်အတွက် အစိုးရဌာနများ၊ အဖွဲ့အစည်းများ၊ လယ်သမားများနှင့် ပုဂ္ဂလိကကဏ္ဍတို့ သုံးပွင့်ဆိုင်ပါဝင်သော သီးခြားလွတ်လပ်သည့် အနညာတခုံသမာဓိနည်းဖြင့် ကိုင်တွယ်ဖြေရှင်းသည့် လုပ်ငန်းစဉ်ကို စတင်ကျင့်သုံးရန်လည်း အဆိုပြုထားပါသည်။ တရားမျှတမှုကို လက်လှမ်းမီနိုင်မှု တိုးတက်ကောင်းမွန်လာစေရန်အတွက် မြေအငြင်းပွားမှုများတွင် ဥပဒေဆိုင်ရာ အထောက်အကူများ၊ မြေယာအငြင်းပွားမှုအတွက် အသုံးလိုသော သတင်းအချက်အလက်များ ပံ့ပိုးပေးခြင်းတို့ကို အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ တာဝန်ယူဆောင်ရွက်ခွင့်ပြုရန်လည်း အဆိုပြုထားပါသည်။ ထို့အပြင် သီးခြားလွတ်လပ်သော ခုံသမာဓိအဖွဲ့များ၊ တရားရုံးများနှင့် အခြားသော အငြင်းပွားမှုဖြေရှင်းပေးသည့် လုပ်ထုံးလုပ်နည်းများအား လယ်သမားများနှင့် အခြားမြေအသုံးပြုသူများ အလွယ်တကူ လက်လှမ်းမီအသုံးပြုနိုင်မှု တိုးတက်စေရန်အတွက် ရှင်းလင်းသော လုပ်ထုံးလုပ်နည်းဆိုင်ရာ လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်ရန်လည်း ဖော်ပြထားပါသည်။ သို့သော် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလတွင် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ နိုင်ငံတော်သမ္မတရုံးသို့ အမှာစာတစ်စောင်ပေးပို့ရာတွင် အမျိုးသား မြေအသုံးချမှုမူဝါဒတွင် ပါရှိသည့် အချို့အပိုင်းများကို ပယ်ဖျက်ရန် အကြံပြုထားပါသည်။ အထူးသဖြင့် မြေအငြင်းပွား

မှုများအတွက် အထူးတရားရုံးအသစ်များနှင့် လွတ်လပ်သောတရားစီရင်ဆုံးဖြတ်ရေး လုပ်ထုံးလုပ်နည်းများနှင့် သက်ဆိုင်သောအချက်များ ဖြစ်ပါသည်။[14]

## အကြံပြုချက်များ

- အစိုးရအနေဖြင့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အား အသေးစိတ်သုံးသပ်စိစစ်ရန် လိုအပ်ပါသည်။ အထူးသဖြင့် ရပ်ရွာတွင် ဖြစ်ပွားသောပဋိပက္ခများကို ဖြေရှင်းရာတွင် စွမ်းဆောင်ရည် အကန့်အသတ်များစွာ ရှိနေသည့်အချက်ကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ကျေးရွာအုပ်စုအဆင့် ကိုယ်စားပြုပါဝင်ခြင်းကို ပြန်လည်သုံးသပ်သင့်ပါသည်။
- မြေယာအငြင်းပွားမှုများ တည်ငြိမ်မှုအခြေအနေကို စောင့်ကြည့်လေ့လာနိုင်ရန်အတွက် အကျိုးဆက်စပ်သူအားလုံး၏ ပါဝင်ဆောင်ရွက်မှုဖြင့် သီးခြားလွတ်လပ်သော စောင့်ကြည့်လေ့လာရေးအဖွဲ့များကို ဆက်လက်ထားရှိရန်နှင့် ထိုအဖွဲ့အား စွမ်းဆောင်ရည်မြှင့်တင်ရန် လိုအပ်သည်။ ထို့အပြင် အကျိုးစီးပွားတိုက်ရိုက်ဆက်စပ်မှုမရှိသူများအား စောင့်ကြည့်စစ်ဆေးရေးမှူးများအဖြစ် တာဝန်ပေးရမည် ဖြစ်ပါသည်။ ဤနေရာတွင် လူထုကိုယ်စားလှယ်များကို ရွေးချယ်ရန်အတွက် ခိုင်မာကောင်းမွန်သည့် လုပ်ငန်းစဉ်များကို သတ်မှတ်ပေးရန်လည်း လိုအပ်ပါသည်။
- မြေယာများ၏ သမိုင်းကြောင်းနှင့် ရှေ့အလားအလာများကို ထည့်သွင်းစဉ်းစားနိုင်စွမ်းရှိသည့် ပဋိပက္ခဖြေရှင်းမှု လုပ်ထုံးလုပ်နည်းများကိုလည်း အဆင့်မြှင့်တင်ရပါမည်။
- ခိုင်မာသော လုပ်ထုံးလုပ်နည်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှသာ အောက်ခြေအဆင့်တွင် လက်တွေ့အသုံးတည့်စေရန် ဥပဒေမူဘောင်များအား ရှင်းလင်းတင်ပြရန်တာဝန်ရှိသော သက်ဆိုင်ရာများ၏ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူနိုင်မှုတို့ကို ရရှိနိုင်မည်ဖြစ်ပါသည်။
- ဒေသန္တရအဆင့်တွင် လူထုနှင့်အာဏာပိုင်များအတွက် ဥပဒေအသိပညာပေး စွမ်းရည်မြှင့်မှုများကို တိုးမြှင့်လုပ်ဆောင်ရန်ဖြစ်ပါသည်။

## ၃ - ၅ LUC လက်မှတ်များ – တစ်ဦးချင်းပိုင်ဆိုင်မှုဖြင့် (ကျားမတန်းတူညီမျှမှုအပါအဝင်) မြေယာစီမံခန့်ခွဲမှုနှင့် မိသားစုပိုင် မြေယာစီမံခန့်ခွဲမှု

ဗြိတိသျှကိုလိုနီခေတ်မှစတင်ကာ မြေနိမ့်ဒေသများရှိ မြေစီမံအုပ်ချုပ်မှုတွင် "တစ်ဦးချင်းပိုင်ဆိုင်မှု" (ဦးပိုင်) အား မူဘောင်အဖြစ် သတ်မှတ်ခဲ့သော်လည်း မြေစီမံခန့်ခွဲမှုအား တစ်သီးပုဂ္ဂလ လုပ်ဆောင်စေရမည်ဟု ဤမူဘောင်တွင် မပါဝင်ပါ။ မကြာခဏအသုံးပြုလေ့ရှိသည့် ဘိုးဘပိုင်မြေဟူသည့် အသုံးအနှုန်းသည် မြေယာ စီမံ

[14] ဘာသာပြန်မူကြမ်းမှ ကောက်နုတ်ချက် "အပိုင်း (၆) တွင် မြေနှင့်သက်ဆိုင်သောအငြင်းပွားမှုများကို ဖြေရှင်းရန်အတွက် အထူးတရားရုံးများနှင့် လွတ်လပ်သည့် သုံးပွင့်ဆိုင်အနညာတခုံသမာဓိနည်းကို အသုံးပြုရန် ဖော်ပြထားပါသည်။ မြေအသုံးပြုခွင့်များနှင့် မြေပိုင်ဆိုင်လုပ်ကိုင်ခွင့်တို့အား သက်ဆိုင်ရာ ဦးစီးဌာနများမှ စီမံဖြေရှင်းပေးလိုက်ပြီဖြစ်ပြီး မြေပိုင်ဆိုင်မှုနှင့် အမွေဆက်ခံမှုများကို တရားရုံးမှ ဖြေရှင်းပေးပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းအထူးတရားရုံးများနှင့် လွတ်လပ်သော သုံးပွင့်ဆိုင်အနညာတ ခုံသမာဓိလုပ်ငန်းစဉ်များ မထည့်သွင်းသင့်ပါ."

ခန့်ခွဲမှု၏ မျိုးဆက် တစ်ဆက်ပြီးတစ်ဆက် လက်ဆင့်ကမ်းမှုနှင့် မိသားစုလိုက် စီမံခန့်ခွဲမှုတို့ကို ပေါ်လွင်စေပါသည်။ သို့သော် လက်ရှိ မြေပိုင်ဆိုင်မှုလက်မှတ်ထုတ်ပေးနေသည့် လုပ်ငန်းစဉ်တွင် မြေစီမံခန့်ခွဲမှုနှင့် ဆက်စပ်၍ ပြောင်းလဲမှုအချို့ရှိပါသည်။ ပထမဦးစွာ မြေယာဥပဒေသစ်၏ မြေယာမှတ်ပုံတွင်ခွင့်တွင် ကျား-မ ခွဲခြားထားမှု မရှိသော်လည်း အိမ်ထောင်ဦးစီးအခြေပြုကာ မြေပိုင်ဆိုင်ခွင့် လက်မှတ်များကို ထုတ်ပေးလေ့ရှိပြီး အိမ်ထောင်ဦးစီးများမှာ များသောအားဖြင့် အမျိုးသားများ ဖြစ်ကြပါသည်။ Shivakumar Srinivas နှင့် ဦးစောလှိုင် (၂၀၁၅၊ ၃၆) တို့ ရေးသားချက်အရ "ပူးတွဲပိုင်ဆိုင်ခွင့်ထားရှိခြင်း (မြေကွက်များအား ဇနီးမောင်နှံနှစ်ဦးစလုံး၏ အမည်များဖြင့် မှတ်ပုံတင်ထားခြင်း) နည်းလမ်းဆိုင်ရာ သတင်းအချက်အလက်အနည်းငယ်ကိုသာ အမျိုးသမီးများအား ပံ့ပိုးပေးကြပါသည်" ဟု မှတ်ချက်ပြုခဲ့ကြပါသည်။ ကျား-မ တန်းတူရေးကိစ္စရပ်များအပြင် မြေအသုံးချပိုင်ခွင့်များကို အမျိုးသမီးများအနေဖြင့် သာတူညီမျှစွာ လက်လှမ်းမီရရှိစေမှု ပျက်ကွက်ခြင်း၊ အထူးသဖြင့် အိမ်ထောင်စုတစ်ခုလုံးမှ စီမံခန့်ခွဲလေ့ရှိသော မြေအတွက်ပင် လျှင် လူပုဂ္ဂိုလ်တစ်ဦးတည်းကိုသာ LUC လက်မှတ်ထုတ်ပေးခြင်းသည် သင့်လျော်မှု ရှိ၊ မရှိ မေးခွန်းထုတ်စရာ ဖြစ်လာပါသည်။



ဤလေ့လာဆန်းစစ်ချက်မှ ဖော်ပြသည့်အတိုင်း မြေအသုံးချမှုဆိုင်ရာ ဆုံးဖြတ်ချက်များအား အနည်းဆုံးအနေဖြင့် အိမ်ထောင်စုကို ဦးဆောင်ဦးရွက်ပြုနေသည့် မိဘနှစ်ပါးမှ ဆုံးဖြတ်လေ့ရှိကြပြီး မကြာခဏဆိုသလို သားသမီးများနှင့် တိုင်ပင်ဆွေးနွေးကာ ဆုံးဖြတ်ကြခြင်း ဖြစ်ပါသည်။ LUC လက်မှတ်များအား လူတစ်ဦးတစ်ယောက်၏ မြေအသုံးပြုပိုင်ခွင့်များကို တရားဝင်ဖြစ်စေသည့် တစ်ခုတည်းသော တရားဝင် စာရွက်စာတမ်းများအဖြစ် ထုတ်ပေးခြင်းဖြစ်သည့်အတွက် တရားဝင်မြေ မှတ်ပုံတင်စာရင်းများနှင့် အောက်ခြေတွင် လက်တွေ့အသုံးပြုမှုများကြား သဘောတရားကွဲလွဲမှုများကို နဂိုကတည်းက ဖန်တီးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်အား

ဖြင့် မြေယာစီမံခန့်ခွဲရာတွင် ပိုမိုနက်ရှိုင်းသော အပြောင်းအလဲများကိုပင် ဖြစ်ပေါ်နိုင်ပါသည်။ အကြောင်းမှာ အစိုးရ၏ မြန်မာ့စိုက်ပျိုးရေးဘဏ် (MADB/ စိုက်ဘဏ်) တွင် ချေးငွေရယူမည်ဆိုလျှင် LUC လက်မှတ်ကို တင်ပြရမည်ဖြစ်ပြီး အများဆုံးမြေ ၁၀ ဧကအတွက် ချေးငွေ ထုတ်ပေးပါသည်။ ထိုကန့်သတ်ထားချက်ကို ရှောင်လွှဲရန်အတွက် မိသားစု အများအပြားသည် ၎င်းတို့၏ မြေပိုင်ဆိုင်ခွင့် လက်မှတ်ထုတ်ပေးချိန်တွင် ၁၀ ဧကစီ ခွဲခြားစိတ်ပိုင်းကာ မိသားစုဝင် များအကြား၊ များသောအားဖြင့် သားသမီးများအား ခွဲဝေထားကြပါသည်။

ထိုသို့ မိသားစုအတွင်း စီမံလုပ်ဆောင်ထားကြသော်လည်း များသောအားဖြင့် သားသမီးများ အိမ်ထောင်မကျကြ သေးပဲ မိဘနှင့် အတူနေထိုင်နေသမျှ မြေယာစီမံခန့်ခွဲမှုအား အိမ်ထောင်မိသားစုကသာ ဆောင်ရွက်နေဆဲဖြစ်ပါသည်။ ထိုကဲ့သို့ သောအကြောင်းများကြောင့် ကျေးရွာအုပ်စုအတွင်းရှိ LUC လက်မှတ်များကို အခြေခံသော လယ်ယာထွန်ယက် စိုက်ပျိုးသော အိမ်ထောင်စုများ၏ မှတ်ပုံတင်ထားသော အရေအတွက် (ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၏စာရင်းအရ) သည် လက်တွေ့ထက် အရေအတွက်အရ ဖောင်းပွနေပါသည်။ ထို့ကြောင့် ကျေးရွာအုပ်စုများရှိ လယ်ယာထွန်ယက်စိုက် ပျိုးသော အိမ်ထောင်စုဆိုင်ရာ ကိန်းဂဏန်းအရေအတွက်များသည် စိတ်ချအားထား၍ မရသည့်အတွက် အောက်ခြေ ဖြစ်ရပ်များကို အခြေခံသော မူဝါဒချမှတ်မှုများ သို့မဟုတ် ဖွံ့ဖြိုးမှုစီမံချက်များအတွက် ဖြေရှင်းရမည့်ပုစ္ဆာတစ်ခု ဖြစ် လာမည်မှာ ထင်ရှားလှပါသည်။" [15]

## အကြံပြုချက်များ

- မြေစီမံအုပ်ချုပ်မှုအဖွဲ့များတွင် အမျိုးသမီး ကိုယ်စားလှယ်များ ပါဝင်မှုကို အားပေးရန်
- သတင်းအချက်အလက်များကို ကျား/မတန်းတူ ပံ့ပိုးပေးရန်နှင့် လက်ရှိမြေယာမူဘောင်ဆိုင်ရာ အချက်အလက်များ မျှဝေပေးသည့်နေရာများကို စီစဉ်ပေးရန်
- LUC လက်မှတ်များနှင့် လယ်ယာထွန်ယက်စိုက်ပျိုးသော အိမ်ထောင်စုများအကြား ကွဲလွဲမှု များလျော့နည်းစေရန်အတွက် ကျေးရွာအုပ်စုအဆင့်ရှိ တစ်ခုတည်းသော မြေယာစီမံအုပ်ချုပ် ရေးအဖွဲ့၏ လက်ထဲတွင် သတင်းအချက်အလက်များကို ဗဟိုပြုထားရှိကာ စာရင်းဇယားများ ကိုလည်း စုစည်းထားရှိရန်
- ကွာရှင်းခြင်း သို့မဟုတ် တရားဝင်မကွာရှင်းထားသော်လည်း အိမ်ထောင်ကွဲနေခြင်း သို့မဟုတ် ခင်ပွန်းသေဆုံးခြင်းကိစ္စများတွင် အမျိုးသမီးများအား ထိခိုက်လွယ်စေမှု အတိုင်းအတာများကို လျော့ချနိုင်ရန်အတွက် အရေးယူဆောင်ရွက်ပေးမှုများ ရှိသင့်ပါသည်။ LUC လက်မှတ်များ တွင် အိမ်ထောင်ဖက်များကိုပါ ပူးတွဲမှတ်ပုံတင်ပေးခြင်းဖြင့်သာမက၊ မိသားစုဖူလုံရေးနှင့် လူမှုဖူလုံရေးကိစ္စရပ်များဆိုင်ရာ အခြားဖြည့်စွက်ဥပဒေများအားဖြင့်လည်း ဆောင်ရွက်ပေး နိုင်ပါသည်။

---

15 ဥပမာတစ်ခုအနေဖြင့် မကြာသေးခင်က Gret(မြန်မာ)သည် မြေနိမ့်ပိုင်းဒေသရှိ မြေယာအခြေအနေနှင့်ပတ်သက်သော အရည်အသွေးဆိုင်ရာ လေ့လာဆန်းစစ်ချက်တစ်ခုအရ ကျေးရွာအုပ်စုအဆင့်တွင် ရရှိသည့်လယ်ယာလုပ်ကိုင်သော အိမ်ထောင်စုများအရေအတွက် (နမူနာအုပ်စုရွေးချယ်ရန် ရည်ရွယ်ချက်ဖြင့်) သည် အောက်ခြေရှိ လက်တွေ့ဖြစ်ရပ် အခြေအနေများထက် များစွာဖောင်းပွနေပါသည်။



# အာမခံချက်ရှိသော စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများဖြစ်လာစေရန် ရေခံမြေခံအခြေအနေတစ်ရပ်ကို ဖန်တီးပေးခြင်း

လယ်သမားများ၏ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ အာမခံချက်ရှိမှုဆိုသည်မှာ အိမ်ထောင်စု၏ အခြေခံလိုအပ်ချက်များ (အစားအစာ၊ သောက်သုံးရေ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး အခွင့်အလမ်းများ၊ အိမ်ရာ၊ လူမှုရေးနှင့်ရပ်ရွာအကျိုးပြုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်မှု)ကို ဖြည့်ဆည်းပေးနိုင်သည့် အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများအား ကိုယ်တိုင်ထူထောင်နိုင်စွမ်း(နှင့် ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်စွမ်း ကိုလည်း ဆိုလိုနိုင်သည်) ရှိခြင်းကို ဆိုလိုပါသည်။ ထို့အပြင် ဖိစီးမှုများနှင့် မထင်မှတ်ထားသော ထိခိုက်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်စွမ်းနှင့် ပြန်လည်ထူထောင်နိုင်စွမ်းကိုလည်း ရည်ညွှန်းနိုင်သည်။ အထက်တွင် တင်ပြဆွေးနွေးခဲ့သည့်အတိုင်း အကျိုးသက်ရောက်မှုရှိသည့် ဥပဒေမူဘောင်အပြင် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အသက်မွေးမှုလုပ်ငန်းများကို အာမခံချက်ရရှိစေရန် အခြားများစွာသော အချက်အလက်များနှင့်လည်း သက်ဆိုင်မှုရှိပါသည် (မြေလုပ်ပိုင်ခွင့်မူဘောင်နှင့် တိုက်ရိုက်မပတ်သက်သောအရာများကို ဆိုလိုပါသည်)။

စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသ သက်မွေးလုပ်ငန်းများအား ကျယ်ကျယ်ပြန့်ပြန့်ကူညီထောက်ပံ့ပေးမည့် မူဝါဒများတွင် မြေယာကိစ္စရပ်အပြင် ကျယ်ပြန့်သော ဘက်စုံကဏ္ဍစုံချဉ်းကပ်မှုများလည်း လိုအပ်ပါသည်။ သယ်ယူပို့ဆောင်ရေးနှင့် ရေအရင်းအမြစ်စီမံခန့်ခွဲမှုဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ကျေးလက်ဒေသဘဏ္ဍာရေး၊ ဈေးကွက်များအား လက်လှမ်းမီနိုင်မှု၊ သုတေသန၊ စိုက်ပျိုးမွေးမြူရေး နည်းပညာနှင့် လက်တွေ့အသိပညာပေးရေး ဝန်ဆောင်မှုများ၊ တောင်သူလယ်သမားအဖွဲ့များအား ဖွဲ့စည်းခြင်း စသည်များသည် အရေးတကြီးကိုင်တွယ်ဖြေရှင်းရမည့် ကိစ္စရပ်များ ဖြစ်ကြပေသည်။ ထို့အပြင် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအတွက် တသမတ်တည်းရှိသည့် ကုန်သွယ်မှုမူဝါဒများ

ရေးဆွဲရာတွင် နည်းဗျူဟာကျကျ တွေးခေါ်စဉ်းစားမှုများ ထပ်မံလိုအပ်မည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ( နောက်ဆုံးမူကြမ်း)သည် ဈေးကွက်များနှင့် ဈေးနှုန်းများအတွက် အားကောင်းသော အထောက်အကူတစ်ခု ဖြစ်သော်လည်း အထက်ဖော်ပြပါအချက်ကိုမူ ထည့်သွင်းခြင်း မရှိသေးပေ။

## ၄ – ၁ အဖွဲ့အစည်းများမှ ပံ့ပိုးပေးသည့်ချေးငွေအစီအစဉ်များအား လက်လှမ်းမီရရှိနိုင်မှု ကောင်းမွန်တိုးတက်စေခြင်း

ဤစာတမ်းနိဒါန်းတွင် ဖော်ပြထားသကဲ့သို့ ကြွေးနွံနစ်ရခြင်းသည် မြေမဲ့ယာမဲ့ဖြစ်မှုကို (မြေယာပိုင်ဆိုင် လုပ်ကိုင်ခွင့်များမှ ဖယ်ထုတ်ခံရမှု) ကို တွန်းပို့ပေးနေဆဲဖြစ်သော အဓိကအကြောင်းရင်းတစ်ရပ် ဖြစ်ပါသည်။ လေ့လာဆန်းစစ်ချက်တွင် မြစ်ဝကျွန်းပေါ်မှ အိမ်ထောင်စု ၅ ဒသမ ၁ ရာခိုင်နှုန်းနှင့် အပူပိုင်းဇုန်မှ အိမ်ထောင်စု ၅ ဒသမ ၄ ရာခိုင်နှုန်းသည် အပေါင်ဆုံးခြင်းကြောင့်ဖြစ်စေ၊ ချေးငွေများပြန်ဆပ်ရန်ဖြစ်စေ ၎င်းတို့၏မြေများကို အရေးတကြီး ရောင်းချရခြင်းဖြစ်စေ ကြွေးနွံနစ်ကာ မြေယာများကို ဆုံးရှုံးခဲ့ရခြင်း ဖြစ်ပါသည်။ ကိန်းဂဏန်းအချက်အလက်များဖြင့် ဆန်းစစ်လေ့လာမှုများသည် သတင်းအချက်အလက်များကို အကန့်အသတ်ဖြင့်သာ ဖော်ပြပေးနိုင်သည် ဖြစ်သောကြောင့် ရှုပ်ထွေး၍ သတိထားကိုင်ကွယ်ရန် လိုအပ်သည့် ကြွေးနွံနစ်ခြင်းကို လေ့လာရာတွင်လည်း အကန့်အသတ်များစွာရှိပါသည်။ လက်တွေ့တွင် ကြွေးနွံနစ်ခြင်းကြောင့် မြေမဲ့ယာမဲ့ဖြစ်မှုများသည် ထို့ထက်ပင် မြင့်မားနိုင်ပါသည် (သုတေသနစာတမ်း အပြည့်အစုံပါ အခန်း VIII.2 ကို ကြည့်ရန်)။

မြစ်ဝကျွန်းပေါ်တွင်ဖြစ်စေ၊ အပူပိုင်းဇုန်တွင်ဖြစ်စေ ချေးငွေများအား သက်ဆိုင်ရာလုပ်ငန်းခွင်တွင် လုပ်ကိုင်နေသူ အမျိုးမျိုးထံမှ ရရှိနိုင်ပါသည်။ လွှမ်းခြုံနိုင်မှုနှင့် အတိုးနှုန်းထားများ (အခြားချေးငွေအဖွဲ့များထက် များစွာလျော့နည်းသော နှုန်းထား)အရ မြန်မာ့စိုက်ပျိုးရေးဘဏ်၏ ချေးငွေအစီအစဉ်သည် လတ်တလောတွင် အထိရောက်ဆုံးဟု ထင်ရသော်လည်း ဝန်ဆောင်မှုအရည်အသွေးနိမ့်ကျခြင်း (လုံလောက်မှုမရှိသည့် ချေးငွေပမာဏများ၊ ချေးငွေထုတ်ပေးခြင်းနှင့် ပြန်ဆပ်ရသည့် ကြာချိန်ကန့်သတ်ချက်/ကြိမ်နှုန်းစသဖြင့်)၊ လူ့စွမ်းအားအရင်းအမြစ်နှင့် စွမ်းဆောင်ရည်နည်းပါးခြင်း၊ ကျေးရွာအဆင့်အတွက် ထပ်ဆင့်ချေးငွေ ချပေးရမည့် မြန်မာ့စိုက်ပျိုးရေးဘဏ်၏ မူဝါဒများနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များသည်(အခန်း VIII.2 ကိုကြည့်ရန်) ယင်းအစီအစဉ်မှ အကျိုးကျေးဇူးဖြစ်ထွန်းနိုင်ခြေများကို များစွာဟန့်တားနေဆဲဖြစ်ပါသည်။ စပါးစိုက်မြေမဟုတ်သည့် မြေများအတွက် ချေးငွေပမာဏမှာလည်း အလွန်ပင်နည်းပါးပေသည်။ ချေးငွေများအား အချိန်မီထုတ်မပေးနိုင်မှုကြောင့်လည်း လယ်သမားများသည် မကြာခဏဆိုသလို ရင်းနီးမြှုပ်နှံမှုပြုလုပ်ရမည့်ကာလ (လယ်ယာလုပ်ငန်းခွင်ဝင်ရမည့်ကာလ)နှင့် ချေးငွေထုတ်ယူရမည့် ကာလအကြား အချိန်ကွာဟချက်အား ဖြည့်ဆည်းနိုင်ရန်အတွက် အတိုးနှုန်းမြင့်မားသည့် ပုဂ္ဂလိကချေးငွေများကို မှီခိုအားထားကြရပါသည်။

ထိုမျှသာမက ကျေးရွာအဆင့်ရှိ စည်းမျဉ်းစည်းကမ်းပိုင်းဆိုင်ရာ အားနည်းချက်များနှင့် အာဏာယှဉ်ပြိုင်မှုများကြောင့် စိုက်ဘဏ်အစီအစဉ်၏ ထိရောက်မှုကို ထိခိုက်စေပါသည်။ အမှန်စင်စစ် စိုက်ဘဏ်၏ ကျေးရွာအုပ်စုကိုယ်စားလှယ်များကို ရွေးချယ်ရာတွင် ပုံမှန်အားဖြင့် ဆယ်အိမ်စုမှူးများနှင့်အတူ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှ ရွေးကောက်တင်မြှောက်ရန်ဖြစ်သော်လည်း လက်တွေ့တွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကသာ တိုက်ရိုက်ခန့်အပ်ပါသည်။ လျှောက်လွှာတင်သည့်လုပ်ငန်းစဉ်မှစ၍ ချေးငွေပြန်ဆပ်သည်အထိ လုပ်ငန်းစဉ်အဆင့်ဆင့်တွင် စိုက်ဘဏ်မှ ချေးငွေများရယူခွင့်ကို ကွဲပြားသောပုံစံအမျိုးမျိုးဖြင့် အဆိုပါဘဏ်ကိုယ်စားလှယ်များမှ ဆောင်ရွက်ကြသည်ကို သုတေသနစာတမ်းအပြည့်အစုံ အခန်း VIII.2.2 တွင် ဖော်ပြထားပါသည်။ နောက်ဆုံးတွင် စိုက်ဘဏ်ချေးငွေအား အချိန်မီပြန်မဆပ်နိုင်သော

လယ်သမားများသည် ငွေချေးစားသူများ (ပိုများသောအတိုးနှုန်းဖြင့်၊ တစ်လလျှင် ၁၀ %) လက်တွင်းသို့ ကျရောက်ရပါသည်။ သို့မှမဟုတ်လျှင် ဘဏ်ကိုယ်စားလှယ်များမှ စီစဉ်ပေးသော အလွတ်သဘော ချေးယူမှုအစီအစဉ်များ (ပိုနည်းသော အတိုးနှုန်း၊ တစ်လလျှင် ၇ ရာခိုင်နှုန်း)ကို လက်ခံကြရပါသည်။ အကျိုးဆက်အနေဖြင့် အနိုင်နိုင် ကြိုးစားရုန်းကန်မှသာ (ပို၍ဆိုးဝါးမသွားလျှင်ပင်) လယ်သမား ၏ ဘဏ္ဍာရေးအခြေအနေ တိုးတက်လာမည်ဖြစ်သော်လည်း များသောအားဖြင့် ပို၍ချမ်းသာကြွယ်ဝသော အထက်ဖော်ပြပါ ဒေသခံလူနည်းစုကသာ ထိုအကျိုးအမြတ်များကို ခံစားရရှိကြပါသည်။ အသေးစားငွေစုငွေချေးအဖွဲ့များ၏ တိုးချဲ့ဝန်ဆောင်မှုနှင့် ငွေသားထောက်ပံ့မှု စီမံချက်များ ဆောင်ရွက်ပေးသော်လည်း (အထူးသဖြင့် မြစ်ဝကျွန်းပေါ်တွင်)၊ ၎င်းအဖွဲ့များနှင့် စီမံချက်များထံမှ ငွေချေးယူမှုအကြိမ်ရေနှင့် ငွေပမာဏအရတိုင်းတာလျှင် တတိယနေရာတွင်ရှိနေပြီး စိုက်ဘဏ်နှင့် ပုဂ္ဂလိကငွေချေးသူများ၏ နောက်တွင်သာ ကျန်ရစ်နေခဲ့ကြသည်ကို လေ့လာဆန်းစစ်ချက်မှ တွေ့ရှိရပါသည်။ မြန်မာ့စိုက်ပျိုးရေးဘဏ်တွင် သိသာထင်ရှားလှသည့် အားနည်းချက်များရှိနေသော်လည်း ဈေးကွက်တွင်းရှိ အတိုးနှုန်းများထက် များစွာနည်းပါးသည့်နှုန်းထားဖြင့် ချေးငွေထုတ်ပေးနိုင်သည့်အတွက် ချေးငွေရယူရာတွင် အများဆုံး ရွေးချယ်ခံရသည့် ပင်မရင်းမြစ်တစ်ခုအဖြစ် ရှိနေဆဲဖြစ်ပါသည်။

## အကြံပြုချက်များ

မြန်မာ့စိုက်ပျိုးရေးဘဏ်အနေဖြင့် ဝန်ဆောင်မှုအရည်အသွေး တိုးမြှင့်နိုင်ရန်အတွက် ပိုမိုထိရောက် နက်ရှိုင်းသည့် ပြုပြင်ပြောင်းလဲမှုတစ်ရပ်ကို ဆင်နွှဲရပါလိမ့်မည်။ လုပ်ဆောင်သင့်သည့် လုပ်ငန်းစဉ်အချို့ကို အောက်ပါအတိုင်း အကြံပြုတင်ပြလိုပါသည် -

- ချေးငွေများ၏ (ထုတ်ပေးခြင်း၊ ပြန်ဆပ်ခြင်း၊ စသည်) သတ်မှတ်ကာလ/အကြိမ်ရေကို ကောက်ပဲသီးနှံစိုက်ပျိုးသည့် ရာသီစက်ဝန်းနှင့် လယ်သမားများ၏ ငွေကြေးစီးဆင်းမှုဆိုင်ရာ ကြပ်တည်းမှုအခြေအနေများအရ သင့်တင့်လျောက်ပတ်စွာ ပြင်ဆင်လုပ်ဆောင်ပေးခြင်း။
- အထူးသဖြင့် ဆန်စပါးမဟုတ်သည့် အခြားသီးနှံများအတွက် စိုက်ပျိုးစရိတ် ချေးငွေပမာဏကို တိုးမြှင့်ပေးခြင်း။
- ကျေးရွာအုပ်စုအဆင့်တွင် ချေးငွေဆိုင်ရာ လျှောက်လွှာတင်ခြင်း၊ စီမံခန့်ခွဲခြင်း၊ ချေးငွေထုတ်ဝေပေးခြင်းနှင့် ချေးငွေပြန်ဆပ်ခြင်းစသည်များကို ပံ့ပိုးဆောင်ရွက်ပေးရန်အတွက် စိုက်ဘဏ်ကျွမ်းကျင်ဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးကာ ခန့်အပ်ထားရန်။
- အသေးစားငွေစုငွေချေးလုပ်ငန်းများအားဖြင့် ပုဂ္ဂလိကငွေချေးသူများအပေါ်တွင် ကျေးလက်ဒေသ တောင်သူလယ်သမားများ၏ မှီခိုအားထားမှု လျော့နည်းသွားစေရန် ဆောင်ရွက်ပေးခြင်း။ ကျေးလက်ဒေသရှိ ဘဏ္ဍာရေးအခန်းကဏ္ဍကို ပံ့ပိုးကူညီသည့်အနေဖြင့် လယ်ယာသုံးပစ္စည်းကိရိယာများ ငှားရမ်းခြင်း သို့မဟုတ် ဝယ်ယူခြင်းအတွက် သတ်မှတ်ကုန်ပစ္စည်းစာရင်းဖြင့် ချေးငွေထုတ်ပေးခြင်းကဲ့သို့သော ဘဏ္ဍာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ဆောင်မှုပုံစံသစ်များဖြင့် ဝန်ဆောင်ပံ့ပိုးပေးရန် ။
- အတိုးနှုန်းသက်သာသော ချေးငွေများကို လက်လှမ်းမီရရှိနိုင်မှု တိုးမြှင့်ခြင်းအစီအစဉ်နှင့် တပြိုင်နက်တည်း ကြွေးနွံနစ်မွန်းမှုကို လျော့ချနိုင်စေမည့် အိမ်ထောင်စုများ၏ ငွေကြေးစီမံခန့်ခွဲမှုစွမ်းရည်များ တိုးတက်လာစေရေး ရည်မှန်းချက်ဖြင့် ငွေကြေးဆိုင်ရာပညာပေးအစီအစဉ်များကို လုပ်ဆောင်ပေးရန်။



- ချေးငွေများကို တစ်ခုထက်မကရယူသူများ၏ ကြွေးနွံနစ်မွန်းမှုကို ရှောင်ရှားနိုင်ရန်အတွက် အစိုးရထောက်ပံ့သောအစီအစဉ်များ [16] နှင့် အသေးစားငွေစုငွေချေးအဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန်။

## ၄ - ၂ ကြံ့ခိုင်သန်စွမ်းသည့်သီးနှံ စိုက်ပျိုးခြင်း၊ မျိုးစုံတိုးချဲ့သည့်သီးနှံ စိုက်ပျိုးခြင်းနှင့် ဘေးဒဏ်ခံနိုင်စွမ်း မြင့်မားစေခြင်းစသည့် ရေရှည်တည်တံ့သောစိုက်ပျိုးစနစ် တိုးတက်စေခြင်း

စိုက်ပျိုးရေးထုတ်ကုန်စွမ်းအား မြှင့်တင်ဆောင်ရွက်ခြင်းသည် တစ်ဖက်တစ်လမ်းဖြင့် ကျေးလက်ဒေသအသက် မွေးဝမ်းကျောင်းမှုလုပ်ငန်းများနှင့် မြေယာလက်လှမ်းမီရရှိနိုင်မှု တိုးတက်ရေးကိုပါ အကောင်အထည်ဖော်ရာရောက်ပါသည်။ လူဦးရေသိပ်သည်းမှု တိုးပွားလာခြင်းနှင့် စိုက်ပျိုးမှု ဖြစ်ထွန်းနိုင်သော (အနည်းဆုံးအနေဖြင့် မြေဆီသြဇာကောင်းမွန်သောနေရာများတွင်) မြေများ ထပ်မံမရရှိနိုင်တော့ခြင်းသည် မြေများ စိတ်ပိုင်းခွဲခြမ်းမှုကို ပိုမိုဆိုးရွားလာစေပါသည်။ ထိုသို့ မြေပိုင်းခြမ်းစိတ်မွှာခြင်းကြောင့် economies of scale (ထုတ်လုပ်မှုနည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ သွင်းအားစုရင်းနှီးထားရမှု ပမာဏတူသည့်အတွက် များများထုတ်လုပ်နိုင်လျှင် ပိုမိုတွက်ခြေကိုက်ခြင်း) ကို ထိခိုက်စေပါသည်။ အမှန်စင်စစ် စိုက်ပျိုးရေးတွင် economies of scale မရှိကြောင်း လေ့လာသုံးသပ်ချက်များစွာ၏ ဖော်ပြချက်များကို ငြင်းဆိုကာ (Johnson နှင့် Ruttan ၁၉၉၄) မကြာသေးမီက ထုတ်ပြန်လိုက်သော ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာတစ်စောင်တွင်မူ မြန်မာနိုင်ငံ ဆန်စပါးထုတ်လုပ်မှု၌ economies of scale ရှိသည်ဟု ဖော်ပြထားပါသည်။

[16] အစိုးရမှ ရန်ပုံငွေထောက်ပံ့သော အစီအစဉ်များစွာရှိပါသည်။ ဖော်ပြရလျှင် မြန်မာ့စိုက်ပျိုးရေးဘဏ်(MADB)၊ သမဝါယမဦးစီးဌာန(သမ)၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (မြစိမ်းရောင်)နှင့် အခြားပမာဏငယ် ပံ့ပိုးမှုအစီအစဉ်များလည်းရှိပါသည်။



*လယ်ယာမြေအရွယ်အစား ကြီးမားလာသည်နှင့်အမျှ အကျိုးအမြတ်များလည်း တိုးပွားလာတတ်ပါသည်။ သေးငယ်သော လယ်ယာမြေများတွင် အထွက်တိုးသော်လည်း ထိုအထွက်တိုးခြင်းက ပိုမိုများပြားသော အကျိုးအမြတ်ကို မဖန်တီးပေးနိုင်ခဲ့ပါ။ ကြီးမားသော လယ်ယာမြေများတွင်မူ Economies of scale ကြောင့် ပိုမိုခေတ်မီသော နည်းပညာများကို အသုံးပြုနိုင်ပြီး ကုန်ကျစရိတ်များကို လျှော့တာနိုင်ပါသည်။*

*(ကမ္ဘာ့ဘဏ်၊ ၂၀၁၆ - xviii)*

သို့သော် လူဦးရေထူထပ်သိပ်သည်းခြင်းအား စိုက်ပျိုးရေးဖွံ့ဖြိုးမှုကို ထိခိုက်စေသောအချက်အဖြစ် မသတ်မှတ်သင့်ကြောင်း အချို့သောလေ့လာမှုများက ဖော်ပြကြပါသည်။ အကြောင်းမှာ လယ်သမားများသည် အလားအလာရှိသော အခြားနည်းလမ်းများကို ရှာဖွေနိုင်လေ့ရှိကြသောကြောင့် ဖြစ်ပါသည်။ ထိုနည်းလမ်းများထဲတွင် ကြံ့ခိုင်သန်စွမ်းသည့် သီးနှံစိုက်ပျိုးခြင်း၊ သီးနှံရွေးချယ်စိုက်ပျိုးမှုပုံစံ ပြောင်းလဲခြင်း၊ စိုက်ပျိုးရေးနှင့် အခြားအလေ့အထများအတွက် ပိုမိုစနစ်ကျသော ရင်းနှီးမြှုပ်နှံမှုများကို ပြုလုပ်ခြင်း စသည်တို့ ပါဝင်ပါသည် (ဥပမာ Boserup ၁၉၆၅၊ Tiffen *et al.* ၁၉၉၄ ကို ကြည့်ရန်)။ အပူပိုင်းဇုန်လယ်သမားများ၏ လယ်ယာပြင်ပ အခြားအသက်မွေးလုပ်ငန်းအမျိုးမျိုးကို တိုးချဲ့လုပ်ကိုင်မှုနှင့် အသက်မွေးဝမ်းကျောင်းမှုအတွက် ကျယ်ဝန်းလှသော စိုက်ပျိုးမြေကွက် ပိုင်ဆိုင်သူများအပါအဝင် စိုက်ပျိုးရေးအပေါ် အနည်းအကျဉ်းမျှသာ (လုံးဝမှီခိုမှုမရှိလျှင်ပင်) မှီခိုအားထားသော လယ်သမားမဟုတ်သည့် မြေယာမဲ့အုပ်စုတစ်စု တည်ရှိနေမှုတို့ကို ကြည့်ခြင်းအားဖြင့် အဆိုပါအချက်အား တွေ့ရှိနိုင်ပါသည်။ ထိုကဲ့သို့သော အခြေအနေရပ်များနှင့် လိုက်လျောညီထွေမှုရှိစေရန် ဆောင်ရွက်သည့်အနေဖြင့် သီးနှံစိုက်ပျိုးမှုပုံစံများ ပြောင်းလဲခြင်း- အထူးသဖြင့် သနပ်ခါးကို ပြောင်းလဲစိုက်ပျိုးခြင်းကိုလည်း တွေ့ရပါသည်။ အထက်ဖော်ပြပါအစီရင်ခံစာတွင် ဆန်စပါးသည် အခြားကောက်ပဲသီးနှံများထက် အကျိုးအမြတ်ပိုနည်းသည်ဟုလည်း အလေးပေးဖော်ပြထားပါသည်။ အထူးသဖြင့် ဧရာဝတီနှင့် စစ်ကိုင်းတိုင်းဒေသကြီးများအပါအဝင် အချို့ဒေသများ (ထိုဒေသများတွင် ပဲတီစိမ်းသည် အကျိုးအမြတ် အများဆုံးဖြစ်ထွန်း)

တွင် ဆန်စပါးသည် အခြားကောက်ပဲသီးနှံများထက် အကျိုးအမြတ်ပိုနည်းသည်။ (ကမ္ဘာ့ဘဏ်၊ ၂၀၁၆၊ xx).

ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ၏ ရေရှည်တည်တန့်ခိုင်မြဲမှုသည် ရုတ်တရက်ကြုံတွေ့ရတတ်သောပြဿနာများကို အိမ်ထောင်စုများမှ တုံ့ပြန်တားဆီးနိုင်စွမ်းအပေါ်တွင်လည်း မူတည်နေပါသည်။ လေ့လာဆန်းစစ်ချက်အရ ချေးငွေရယူမှုများ၏ ပျမ်းမျှ ၉ ရာခိုင်နှုန်းသည် ကျန်းမာရေးအတွက် ရယူခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ ထိုမျှသာမက လယ်သမားများ၏ ထိခိုက်လွယ်မှုသည် အဖျက်ပိုးမွှားအန္တရာယ်များနှင့် ရာသီဥတုအခြေအနေများကြောင့်လည်း ဖြစ်ပေါ်တတ်ပါသည်။ ထို့ကြောင့် ကျေးလက်နေအိမ်ထောင်စုများ၏ ဘေးဒဏ်ခံနိုင်စွမ်းကို မြှင့်တင်ပေးရန် လိုအပ်လှပါသည်။ တူညီသောအဆင့်အလွှာအတွင်း အချင်းချင်းစုစည်းမှုမရှိခြင်းနှင့် (အကြီးအမှူး-လယ်သမား ဆက်ဆံရေးကဲ့သို့သော) အထက်အောက် ဆက်ဆံရေးများကသာ ကြီးစိုးနေခြင်းကြောင့် ထိုကဲ့သို့သော အန္တရာယ်ဖြစ်နိုင်ခြေများမှ ကာကွယ်စောင့်ရှောက်ပေးမည့် အစီအစဉ်များကို ရေးဆွဲအကောင်အထည်ဖော်ရာတွင် ကျေးရွာအဆင့်ထက် ကျော်လွန်ကာ ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။

## အကြံပြုချက်များ

အပူပိုင်းဇုန်ရှိ မိုးရေသောက်ကောက်ပဲသီးနှံစနစ်များကို ချဲ့ထွင်စိုက်ပျိုးရသည့်အတွက် မိုးရွာပါးမှုနှင့် မိုးရွာသွန်းနိုင်မှုအခြေအနေအား ရင်ဆိုင်ကျော်လွှားနိုင်ရန်နှင့် ကြိုတင်ခန့်မှန်းနိုင်ရန် အတန်အသင့်ခက်ခဲပါသည်။ ထို့ကြောင့် လယ်ယာများကို ရေပေးသွင်းခြင်းစနစ်သည် မြေယာအကန့်(အကွက်)များပြားသည့်အနေအထားတွင် ကြံ့ခိုင်သန်စွမ်းသည့်သီးနှံ စိုက်ပျိုးခြင်းအတွက် အဓိက အခွင့်အလမ်းဖြစ်ပါသည်။ သို့သော် အဝီစိတွင်းတူးကာ ရေသွင်းပေးသည့်အစီအစဉ်များကို ပိုမို ကျယ်ပြန့်သော အတိုင်းအတာဖြင့် ဆောင်ရွက်မည်ဆိုပါက မြေအောက်ရေအရင်းအမြစ်များအပေါ် ဆိုးကျိုးသက်ရောက်မှုများနှင့် ဆားငန်ရည်ပျော်ဝင်ခြင်းများ ဖြစ်ပေါ်လာနိုင်ပါသည်။ ထိုအကြောင်းများကြောင့် -

- မြေဆီလွှာနှင့် ရေထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့်တကွ မိုးရေခံခြင်းနှင့် သိုလှောင်ခြင်းတို့ကို တပါတည်းတိုးမြှင့်လုပ်ဆောင်ခြင်းသည် ရေရှည်အတွက် အကျိုးရှိမည့်နည်းလမ်းတစ်ခု ဖြစ်နိုင်ပါသည်။ အစိုးရမှ စီစဉ်ပံ့ပိုးသည့် ရေလှောင်ကန်များတည်ဆောက်ခြင်းသည် လက်ရှိစိုက်ပျိုးနေသောသီးနှံများကို ရေသွင်းပေးနိုင်ရေးအတွက် အထောက်အမဖြစ်စေနိုင်သလို ဆောင်းရာသီတွင်လည်း တန်ဖိုးမြှင့်တင်သီးနှံများကို စိုက်ပျိုးနိုင်မည့် အခွင့်အလမ်းသစ်များကိုပါ ရရှိနိုင်ပါသည်။ ဤလုပ်ဆောင်ချက်အား ဖြည့်ဆည်းဆောင်ရွက်ပေးသည့်အနေဖြင့် သစ်တောပျိုးထောင်ခြင်း သို့မဟုတ် သစ်တောပြန်လည်စိုက်ပျိုးခြင်း၊ ရေနှင့်မြေဆီလွှာ ထိန်းသိမ်းကာကွယ်ခြင်း အသိပညာပေးလုပ်ငန်းများ၊ MoALI နှင့် DoA တို့မှ ဒေသန္တရစိုက်ပျိုးရေးနှင့်ဂေဟစနစ်ဆိုင်ရာ ခေတ်မီနည်းစနစ်များ နှင့် စိုက်ပျိုးရေးပစ္စည်းများ လက်လှမ်းမှီရရှိနိုင်မှုတို့သည် ဒေသန္တရ စိုက်ပျိုးရေးနှင့်ဂေဟစနစ်ဆိုင်ရာ စိန်ခေါ်မှုများ ရှိနေသည့် ဤအပူပိုင်းဇုန်ရှိ စိုက်ပျိုးရေးကဏ္ဍအပေါ်တွင် သိသာထင်ရှားသော အကျိုးသက်ရောက်မှုများ ရှိနိုင်ပါသည်။

မြစ်ဝကျွန်းပေါ်ဒေသတွင် ဆန်စပါးအား အထူးပြုစိုက်ပျိုးပါသည်။ ကြံ့ခိုင်သန်စွမ်းသည့် သီးနှံစိုက်ပျိုးခြင်းစနစ်ကို ရေရှည်ဆောင်ရွက်သွားနိုင်သည့် နည်းလမ်းများ ရှိပါသည် -

- အထွက်နှုန်းတိုးစေပြီး တစ်ပြိုင်နက်တည်းတွင် လယ်သွင်းစရိတ် ကုန်ကျမှုများနှင့် သွင်းအားစုများအပေါ် မှီခိုနေရမှုတို့ကို လျှော့ချနိုင်မည့် ဒေသန္တရ စိုက်ပျိုးရေးစနစ်နှင့် ဂေဟစနစ်ဆိုင်ရာ ခေတ်မီအလေ့အထများကို ဒေသအတွင်း အရင်းအမြစ်များကို အသုံးပြု၍ မြှင့်တင်ပေးခြင်း။
- သင့်လျော်သည့်နေရာများတွင် ပဲအမျိုးမျိုးနှင့် အခြားရာသီအလိုက်စိုက်ပျိုးနိုင်သည့် သီးနှံများကို တိုးချဲ့စိုက်ပျိုးခြင်းသည် ဝင်ငွေတိုးစေသည့် နည်းလမ်းတစ်ခုဖြစ်နိုင်ပြီး ဆန်စပါးစိုက်ပျိုးရိတ်သိမ်းရာသီများတွင် ကြုံတွေ့ရတတ်သည့် အလုပ်သမားအခက်အခဲကိုလည်း လျော့နည်းစေနိုင်သလို မြေဆီလွှာစီမံခန့်ခွဲမှုကိုပါ တိုးတက်စေနိုင်ပါသည်။
- ရေအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာ အခြေခံအဆောက်အအုံများ (တမံများ၊ ရေနုတ်မြောင်းများ) တွင် အစိုးရမှ ရင်းနှီးမြှုပ်နှံခြင်းသည် မြစ်ဝကျွန်းပေါ်ဒေသရှိ လယ်ယာစိုက်ပျိုးမှု အခြေအနေများကို တိုးတက်စေရန်နှင့် ပုံမှန်ဖြစ်နေကျ ရေကြီးရေလျှံမှုများကြောင့် သီးနှံများ အကြိမ်ကြိမ်ဆုံးရှုံးရခြင်းတို့ကို လျှော့ချရန်အတွက် အလွန်ပင်အရေးကြီးလှပါသည်။
- အနှစ်ချုပ်အနေဖြင့် ဒေသနှစ်ခုစလုံးတွင် ဒေသအခြေအနေနှင့်ကိုက်ညီသော စိုက်ပျိုးရေးအလေ့အထများကို အားပေးမြှင့်တင်မှုနှင့်အတူ နိုင်ငံတော်မှဦးဆောင်၍ လယ်ရေသွင်းမှုနှင့် ရေစီမံခန့်ခွဲမှုတို့တွင် ရင်းနှီးမြှုပ်နှံရန် အလွန်အရေးကြီးပါသည်။ ဤနေရာတွင် လယ်သမားများအတွက် သီးနှံများနှင့် သက်ဆိုင်သော နည်းပညာဆိုင်ရာ အသိပညာဗဟုသုတများ (ရင်းနှီးမြှုပ်နှံမှု၊ အကျိုးအမြတ်ဖြစ်ထွန်းနိုင်မှု၊ ဒေသအလိုက် စိုက်ပျိုးရေးနှင့်ဂေဟစနစ်ဆိုင်ရာ သင့်လျော်မှု)ကို ပံ့ပိုးပေးသည့် တိုးချဲ့ဝန်ဆောင်မှုများ လိုအပ်မည်ဖြစ်ပါသည်။ သို့မှသာ လယ်သမားသည် ထိရောက်အကျိုးရှိသည့်ရွေးချယ်မှုများကို ပြုလုပ်နိုင်မည်ဖြစ်ပါသည်။

ကျေးလက်ဒေသနေအိမ်ထောင်စုများ၏ ဘေးဒဏ်ခံနိုင်စွမ်းကို လူမှုဖူလုံရေးအစီအစဉ်များ၊ အထူးသဖြင့် ကျန်းမာရေးအသုံးစရိတ်များကို ကာမိစေမည့်အစီအစဉ်များဖြင့် မြှင့်တင်ပေးနိုင်ပါသည်။ ထိုကဲ့သို့သော အစီအစဉ်များကို ရေရှည်ဆောင်ရွက်ပေးနိုင်ရန် ကျေးရွာအဆင့်မှာပင် ဖွဲ့စည်းဆောင်ရွက်ရုံဖြင့် မလုံလောက်ပါ။ ကျေးရွာအတွင်းမှ အစုအဖွဲ့များ ပေါင်းစပ်ဖွဲ့စည်းပြီး စိတ်ဝင်စားဖွယ် လုပ်ငန်းစဉ်အများအပြား[17] ဆောင်ရွက်ခဲ့ကြသည်ကိုလည်း တွေ့ရှိရပါသည်။

- နိုင်ငံတော်အဆင့် သီးနှံများအာမခံထားသည့် အစီအစဉ်များဖြင့် သီးနှံနှင့်စပ်လျဉ်းသော အန္တရာယ်များကို လွှမ်းခြုံကာကွယ်နိုင်မည့် နည်းလမ်းများကို ရှာဖွေလျှင်လည်း အကျိုးရှိနိုင်ပါသည်။

---

[17] ထန်းတပင်မြို့နယ် (ရန်ကုန်တိုင်းဒေသကြီး)တွင် ဆောင်ရွက်သည့် Welt Hunger Hilfe (WHH) ၏ လုပ်ငန်းများကို နမူနာအဖြစ် ကြည့်ပါ။

## ၄ – ၃ စက်မှုအစားထိုးအသုံးပြုခြင်း နှင့် စိုက်ပျိုးရေးလုပ်သားများအတွက် အခွင့်အလမ်းများ

လယ်လုပ်သားအဖြစ် လုပ်ကိုင်ခြင်းသည် ကျေးလက်နေအိမ်ထောင်စုအများအပြားအတွက် အလွန်အရေးကြီးသော ဝင်ငွေရင်းမြစ်တစ်ခု ဖြစ်ပါသည်။ လေ့လာဆန်းစစ်ချက်တွင် အပူပိုင်းဇုန်နှင့် မြစ်ဝကျွန်းပေါ်မှ အိမ်ထောင်စုများ၏ ၄၁ ဒသမ ၈ ရာခိုင်နှုန်းတွင် လယ်လုပ်သားအဖြစ် ဝင်ငွေရနေသော မိသားဝင်အနည်းဆုံးတစ်ဦးရှိကြောင်း တွေ့ရှိရပါ သည်။ ထို လယ်လုပ်သားများထဲမှ မြစ်ဝကျွန်းပေါ်ဒေသ၌ ၈၇ ဒသမ ၄ ရာခိုင်နှုန်းနှင့် အပူပိုင်းဇုန်တွင် ၅၂ ဒသမ ၄ ရာခိုင်နှုန်းသည် မြေယာမဲ့များ ဖြစ်ပါသည်။ အကျိုးဆက်အနေဖြင့် ရိတ်သိမ်းခြွေလှေ့စက်ကြီးများကဲ့သို့သော အကြီးစားလယ်ယာစက်ပစ္စည်းများ[18] ဖြင့် အစားထိုးမည့်အစီအစဉ်ကို ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးအလုပ်ကို မှီခိုအားထားနေရသော မိသားစုများအား ဖယ်ရှားမိခြင်းမှ ရှောင်ရှားနိုင်ရန် အထူးဂရုပြု ဆောင်ရွက်ဖို့ လိုအပ်ပါသည်။ ၎င်းတို့အဖို့ အခြား အသက်မွေးမှုနည်းလမ်းများနှင့် မြို့ပြဒေသတွင် သွားရောက်လုပ်ကိုင်နိုင်မည့် အလုပ်အကိုင်များ ပို၍နည်းပါးသည့် အချက်ကို (Boutry *et al.* ၂၀၁၅) သတိပြုသင့်သည်။

မြစ်ဝကျွန်းပေါ်ဒေသမှ ထိုမိသားစုများအတွက်လည်း ဤအန္တရာယ်သည် အလွန်ပင်ကြီးလေးလှပေသည်။ မြစ်ဝကျွန်းပေါ်တွင် မြေယာမဲ့များနှင့် မြေကွက်ငယ်လေး များကိုသာ ပိုင်ဆိုင်သူများ (သုံးဧက ထက်နည်းသောမြေ)သည် လယ်လုပ်သားအဖြစ် အဓိကလုပ်ကိုင်ကြပါသည်။[19] တစ်ဘက်တွင် အရည်အသွေးအခြေပြုအရ တွေ့ရှိရသည်မှာ မြစ်ဝကျွန်းပေါ်တွင် စိုက်ပျိုးရေးအလုပ်များသော ရာသီချိန်များတွင် (ဥပမာ ကောက်စိုက်ရာသီနှင့် ရိတ်သိမ်းရာသီ) အလုပ်သမားရှာရန် ခက်ခဲလှပြီး ယင်းသည် လယ်သမားအများအပြားအတွက် နွေရာသီတွင် ၎င်းတို့၏လယ်ယာမြေတစ်ခုလုံးကို ထွန်ယက်စိုက်ပျိုးနိုင်ခြင်း မရှိသောကြောင့်လည်း ဖြစ်ပါသည်။

သို့သော် ဤအခက်အခဲကြောင့် မြေယာမဲ့များ သို့မဟုတ် မြေကွက်ငယ်လေးများကိုသာ ပိုင်ဆိုင်သော လယ်သမားများအတွက် နွေရာသီတွင် မြေယာယီအသုံးပြုခွင့် ရရှိနိုင်ပါသည်။ သို့ပါသောကြောင့် လယ်လုပ်သားများကို အားကိုးအားထားပြုရခြင်းသည် အလုပ်အကိုင်ဖန်တီးပေးနိုင်မှုကြောင့်သာမက မြေယာမဲ့များအတွက် မြေယာအသုံးပြုခွင့် ယာယီရရှိစေခြင်းကြောင့် ယင်းသည် ဓနဥစ္စာကို ပြန်လည်ခွဲဝေပေးသည့် လုပ်ထုံးလုပ်နည်းတစ်ခုအဖြစ် အတိုင်းအတာတစ်ခုအထိ အဓိပ္ပာယ်ကောက်ယူနိုင်ပါသည်။

စိတ်ဝင်စားဖွယ်ရာ အချက်တစ်ချက်မှာ ဗိုလ်ကလေးမြို့နယ်တွင် အလုပ်သမားရှားပါးမှုနှင့်စပ်လျဉ်း၍ ဆွေးနွေးရာ၌ လယ်သမားများအနေဖြင့် အလုပ်သမားများနှင့် သဘောတူညီမှုရယူကာ အစီအစဉ်များပြုလုပ်ခြင်း ဥပမာ လယ်လုပ်သားများ၏ လုပ်အားရရှိနိုင်ရန်အတွက် အပြန်အလှန်အားဖြင့် မြေတစ်ကွက်အား ယာယီအသုံးပြုခွင့်ပေးသင့်ကြောင်း သဘာဝကျကျ အကြံပြုကြပါသည်။

---

18 သို့သော် လယ်ကွင်းများအတွက် အသေးစားစက်ပစ္စည်းများ (ဥပမာ လက်တွန်းထွန်စက်များ) ကို လက်လှမ်းမီအသုံးပြုနိုင်မှုသည် အရေးပါလှပါသည်။

19 အပူပိုင်းဇုန်တွင်မူ လယ်လုပ်သားအဖြစ် လုပ်ကိုင်ခြင်းကို မြေပိုင်ဆိုင်မှုအုပ်စုအမျိုးမျိုးတွင် ပို၍ ညီညီမျှမျှတွေ့ရှိပါသည်။



# မူဝါဒရေးရာနှင့် အရေးယူဆောင်ရွက်မှုအား ထိရောက်စွာ ဦးစားပေးဖော်ဆောင်နိုင်ရန်အတွက် ကျေးလက်အိမ်ထောင်စုများ၏ မတူကွဲပြားမှုကို ထည့်သွင်းစဉ်းစားခြင်း

ဘဝသံသရာစက်ဝန်း၊ ပိုင်ဆိုင်သည့် မြေအရွယ်အစားနှင့် မျိုးစုံသောလုပ်ငန်းဆောင်ရွက်မှု (လယ်ယာလုပ်ငန်း၊ လယ်ယာပြင်ပအလုပ်များ) တို့အရ လယ်သမားအိမ်ထောင်စု အမျိုးအစားအမျိုးမျိုးရှိပြီး ထိုအမျိုးအစား တစ်ခုချင်းစီတွင် သီးခြားအခက်အခဲများနှင့် ထူးခြားချက်များရှိပါသည်။ ဤအပိုင်းတွင် "လုပ်ကွက်ငယ်တောင်သူများ" အကြား မတူညီသော အုပ်စုအမျိုးမျိုးရှိနေသည်ဟူသည့်အချက်အား မူဝါဒများနှင့် ကျေးလက်ဒေသအသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများကို ကူညီပံ့ပိုးပေးမှုများတွင် မည်သို့ပိုမိုထိရောက်စွာ ထည့်သွင်းစဉ်းစားလုပ်ဆောင်နိုင်မည်ဆိုသည်ကို လေ့လာတင်ပြသွားမည်ဖြစ်ပါသည်။

## ၅ – ၁ လုပ်ကွက်ငယ်တောင်သူများအကြားတွင် မတူညီသော အုပ်စုအမျိုးမျိုး ပါဝင်နေခြင်း

ဤလေ့လာဆန်းစစ်ချက်မှ တွေ့ရှိချက်များအရ ပိုမိုတိကျစွာ တင်ပြရလျှင် ဘဏ်မှချေးငွေပံ့ပိုးမှုနှင့် ဆပ်စေရန် ထိန်းကြောင်းမှုကြောင့် မြေယာပိုင်ဆိုင်အသုံးချခွင့် လက်လွှတ်ဆုံးရှုံးရန် အန္တရာယ်မရှိအောင်ဆောင်ရွက်ပေးခြင်း မြေယာလက်လှမ်းမီအသုံးပြုနိုင်ခြင်းမရှိသူများလည်း မြေယာလုပ်ကိုင်ခွင့်များ တိုးမြင့်လာစေမည့် အခြေအနေမျိုးကို ဖန်တီးပေးခြင်းနှင့်/သို့မဟုတ် အားဖြည့်ပေးခြင်းကို ဆိုလိုပါသည်။ ထို့အပြင် လယ်သမားအိမ်ထောင်စုများအတွက်သာမကပဲ လယ်သမားမဟုတ်သော အိမ်ထောင်စုများအတွက်ပါ စိုက်ပျိုးရေးမဟုတ်သော

အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများကို ပိုမိုလက်လှမ်းမီလာစေရန် ဆောင်ရွက်ပေးခြင်းကိုလည်း ရည်ညွှန်းနိုင်ပါသည်။ အမှန်စင်စစ် မြစ်ဝကျွန်းပေါ်ဒေသတွင် စိုက်ပျိုးရေးကို အထူးပြုလုပ်ကိုင်သော "အရင်းရှင်လယ်သမားများ" မှလွဲ၍ လုပ်ကွက်ငယ်တောင်သူများ (မြေ ၅ ဧကအောက်) သည် ယေဘုယျအားဖြင့် မွေးမြူရေး သို့မဟုတ် ငါးဖမ်းလုပ်ငန်းတို့အား ၎င်းတို့၏ ဒုတိယနှင့် တတိယ ဝင်ငွေအရင်းအမြစ်အဖြစ် မှီခိုခြင်းဖြင့် အသက်မွေးဝမ်းကျောင်းမှု အာမခံချက်ပိုမိုရရှိကြပါသည်။ စိုက်ပျိုးရေး (နှင့် လယ်ယာအလုပ်)ကိုသာ အများဆုံးမှီခိုအားထားသော လယ်ယာအထူးပြုလုပ်ကိုင်သည့် လုပ်ကွက်ငယ်တောင်သူများသည် ၎င်းတို့ထွန်ယက်စိုက်ပျိုးသောမြေဧရိယာ မည်မျှပင်ရှိစေကာမူ (၂.၅ ဧကမှ ၁၀ ဧကကြား) အခြားအုပ်စုများထက် ပို၍မသေချာသော အခြေအနေတွင် ရှိနေကြပါသည်။ အပူပိုင်းဇုန်တွင်မူ မိုးရွာသွန်းမှုအခြေအနေ အမျိုးမျိုးဖြစ်ပေါ်ခြင်းနှင့် ကြိုတင်ခန့်မှန်းနိုင်ခြေ မရှိခြင်းတို့ကြောင့် ရေသွင်းယူနိုင်မှု အခြေအနေသည်လည်း လယ်သမားအိမ်ထောင်စုများအကြား ကွဲပြားခြားနားစေသော အချက်ပင် ဖြစ်ပါသည်။ သို့သော် ခြုံကြည့်မည်ဆိုပါက ထိုအိမ်ထောင်စုများအားလုံးသည် လယ်ယာပြင်ပလုပ်ငန်းများကိုသာ မှီခိုအားထားရန် လိုအပ်ပါသည်။ ဒေသနှစ်ခုစလုံးတွင် စားနပ်ရိက္ခာ မဖူလုံမှုနှင့် အသက်မွေးဝမ်းကျောင်းမှုမရေရာခြင်းများကို ရင်ဆိုင်ရနိုင်ခြေ အများဆုံးမှာ တနိုင်တပိုင် စိုက်ပျိုးရေးကိုသာ အားထားလုပ်ကိုင်သော အိမ်ထောင်စုများသာလျှင် ဖြစ်ပါသည်။

လုပ်ကွက်ငယ်တောင်သူများနှင့် ငယ်ရွယ်သောအိမ်ထောင်စုများအတွက်သာမက အရင်းရှင်လယ်သမား အိမ်ထောင်စုများ ဖြစ်လာနိုင်ခြေရှိသူများအတွက်ပင်လျှင် မြေယာလက်လှမ်းမီအသုံးပြုနိုင်မှုသည် စိတ်ဆန္ဒရှိသည်အတိုင်း အသုံးပြုနိုင်သော မတည်ရင်းနှီးငွေ ရရှိနိုင်ခြင်းနှင့် များစွာဆက်စပ်နေပါသည်။ ဆိုလိုသည်မှာ မြေအမွေ ဆက်ခံရရှိသော အိမ်ထောင်စုများအတွက်ပင်လျှင် ၎င်းတို့၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို ဆက်လက် ထိန်းသိမ်း လုပ်ကိုင်နိုင်စွမ်းနှင့် ၎င်းတို့၏ ဘဝတစ်သက်တာတွင် မြေယာအရင်းပြုကာ အကျိုးအမြတ်ဖြစ်ထွန်းရန် လုပ်ဆောင်နိုင်စွမ်းတို့အပေါ် အကျိုးသက်ရောက်မှုရှိစေသည့်အရာမှာ မတည်ရင်းနှီးငွေရရှိနိုင်မှု (ငွေ၊ ကျွဲနွား၊ အလုပ် သမားများသာမက လူမှုရေးအရင်းအနှီး) ပင်ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှု အနည်းငယ်မျှနှင့် စတင်ကြသည့် လုပ်ကွက်ငယ်တောင်သူများအတွက် မြေယာနှင့်စပ်လျဉ်းသည့် ယာယီအစီအမံများ (သီးစားချခြင်း၊ မြေငှားရမ်းခြင်း) (အထူးသဖြင့် မြစ်ဝကျွန်းပေါ်ဒေသတွင်) နှင့် လယ်ယာပြင်ပလုပ်ငန်းများ (အဓိကအားဖြင့် အပူပိုင်းဇုန်တွင်) သည် အမြဲတမ်းမြေအသုံးချခွင့်များ ရရှိရန်နှင့် ရေရှည်တွင် ကုန်ထုတ်လုပ်နိုင်စွမ်း ရှိလာရန်တို့အတွက် မတည်ရင်းနှီးငွေများကို ရရှိစေသည့် အရေးကြီးသောနည်းလမ်းများ ဖြစ်ပါသည်။ အဓိက ချေးငွေထုတ်ပေးသည့် အဖွဲ့အစည်းဖြစ်သော မြန်မာ့စီးပွားရေးဖွံ့ဖြိုးမှုဘဏ်မှ ချေးငွေများဖြင့်လည်း မတည်ရင်းနှီးငွေအား ရရှိနိုင်ပါသည်။ တစ်ဘက်တွင်လည်း ချေးငွေသည် မြေမဲ့ယာမဲ့ (မြေ လက်လွှတ် ဆုံးရှုံးရမှု)ကို ဖြစ်စေသည့် ကြီးစွာသော အကြောင်းရင်းဖြစ်ပါသည်။ အကြွေးပြန်မပေးနိုင်သဖြင့် မြေအသုံးပြုခွင့် ဆုံးရခြင်းသည် မြန်မာနိုင်ငံမြေပြန့်ပိုင်းဒေသ၏ သမိုင်းတွင် ကြီးစွာသော ရိုက်ခတ်မှုတစ်ရပ် ဖြစ်ပါသည်။

အထူးသဖြင့် ၂၀ ရာစုအစပိုင်းတွင် အိန္ဒိယချစ်တီးလူမျိုးများကဲ့သို့ ငွေချေးသူများလက်ဝယ်တွင် မြေဧကပေါင်းများစွာ ဆုံးရှုံးခဲ့ရသည့်အဖြစ်များ ရှိခဲ့ပါသည်။ ချေးငွေကြောင့် မြေဆုံးရှုံးရခြင်းများ နည်းပါးသွားသည်ဆိုသော်ငြား ကျေးရွာအဆင့်တွင် လက်ရှိတွင်လည်း ကြုံတွေ့နေရဆဲ ဖြစ်ပါသည်။ အကြောင်းမှာ အဖွဲ့အစည်းစနစ်ဆိုင်ရာ အားနည်းမှုများ (ချေးငွေများကို လယ်သမားများသို့ အချိန်မီထုတ်ပေးနိုင်မှုမရှိခြင်း၊ စပါးမဟုတ်သည့်သီးနှံအတွက် ချေးငွေများ အကန့်အသတ်ရှိခြင်း၊ ဆက်လက်စောင့်ကြည့်လေ့လာမှုမရှိခြင်း) နှင့် ကျေးရွာအဆင့်မှ အထက်လွှာများ၏ အကျိုးစီးပွား

အတွက် အရင်းအမြစ်များကို သိမ်းယူခြင်းတို့ကြောင့် ဖြစ်ပါသည်။ ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ၏ ဤအခန်းကဏ္ဍများအားလုံးတွင် (အလုပ်မျိုးစုံလုပ်ဆောင်ခြင်း၊ မတည်ရင်းနှီးငွေနှင့် အဖွဲ့အစည်းများမှ ချေးငွေအစီအစဉ်များအား လက်လှမ်းမီရရှိနိုင်မှုနှင့် အရင်းအမြစ်များ ခွဲဝေဖြန့်ဖြူးပေးခြင်း) ပိုမိုတိုးတက်စေရန် လုပ်ဆောင်နိုင်သော အခွင့်အလမ်းများ ရှိနေပါသည်။ မည်သို့ပင်ဆိုစေကာမူ ထိုမျကြီးမားသော လုပ်ငန်းကြီးများအတွက် ဦးစားပေးအစီအစဉ်ချမှတ်ကာ ဆောင်ရွက်ရန်လိုပါသည်။ ကံအားလျော်စွာ လယ်သမားများ၏ "အနာဂတ်အလားအလာများ" (မြေယာ လက်လှမ်းမီရနိုင်မှု၊ စုဆောင်းမှုနှင့် ဆုံးရှုံးမှု) ကို အသေးစိတ်လေ့လာခြင်းဖြင့် လယ်သမားများအား အုပ်စုခွဲကာ မည်သည့်အုပ်စုများက မည်သည့်အုပ်စုများထက် အကူအညီ ပိုလိုအပ်နေကြောင်း ခွဲခြားသတ်မှတ်နိုင်ရန် အထောက်အကူပြုပါလိမ့်မည်။ ထိုနည်းတူစွာပင် မြေယာမဲ့အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများကို ပိုမိုစေ့စပ်သေချာစွာ လေ့လာဆန်းစစ်မှုပြုလုပ်ခဲ့သည့် ဒေသများရှိ မြေရယူသုံးစွဲခြင်းဆိုင်ရာ မရေရာမှုများနှင့်စပ်လျဉ်း၍ မသိမသာကွဲပြားခြားနားနေသည့် လက္ခဏာအင်္ဂါရပ်များကို ပိုမိုဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါသည်။

## ၅ - ၂ "သက်တမ်းနုသော" အိမ်ထောင်စုများကို ဦးတည်ထားခြင်း – ဘဝသံသရာစက်ဝန်းနှင့် ဘိုးဘွားပိုင်မြေ အမွေဆက်ခံရရှိမှု၏ ရှေ့အလားအလာများ

အိမ်ထောင်စုတစ်စု၏ စိုက်ပျိုးမြေ လက်လှမ်းမီရရှိနိုင်မှု ရှိ၊ မရှိ အဆုံးအဖြတ်ပေးသည့် အဓိကအချက်တစ်ချက်မှာ ထိုအိမ်ထောင်စု၏ ဘဝသံသရာစက်ဝန်းပင် ဖြစ်ပါသည်။ အိမ်ထောင်စုများအတွက် မြေလက်လှမ်းမီအသုံးပြုနိုင်မှုသည် ၎င်းတို့ဘဝ၏ အဆင့်အသီးသီးအတွင်း တူညီသောအဓိပ္ပာယ် အမြဲမဆောင်ကြောင်း လေ့လာဆန်းစစ်ချက်အရ တွေ့ရှိရ ပါသည် (အခန်း VII)။ အမှန်စင်စစ် အမွေဆက်ခံရရှိမည့် သို့မဟုတ် မြေဝယ်နိုင်ရန်ငွေစုနေသည့် ငယ်ရွယ်သော အိမ်ထောင်စုများအတွက် မြေလက်လှမ်းမီမှုမရှိခြင်းသည် ယာယီအခြေအနေသာ ဖြစ်နေနိုင်သော်လည်း အသက် ၄၀ - ၅၀ ကျော်အရွယ် အိမ်ထောင်ဦးစီး တစ်ဦးဦးစီးသည့် မိသားစုများအဖို့ မြေယာမဲ့ခြင်းသည် ထာဝရမြေယာမဲ့ခြင်း ဖြစ်လာနိုင်ပါသည်။ မြစ်ဝကျွန်းပေါ်တွင် အသက် ၃၀ အောက် အိမ်ထောင်ဦးစီးသည့် အိမ်ထောင်စုများ၏ ၈၀ ရာခိုင်နှုန်းသည် မြေယာမဲ့များဖြစ်ပြီး အပူပိုင်းဇုန်တွင် ၆၁ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ပြီး မြစ်ဝကျွန်းပေါ်ဒေသတွင် အသက် ၆၀ အထက် ဦးစီးသည့်အိမ်ထောင်စုများ၏ ၄၀ ရာခိုင်နှုန်း မြေယာမဲ့ပြီး အပူပိုင်းဇုန်တွင် ၂၇ ရာခိုင်နှုန်းသာ မြေယာမဲ့များ ဖြစ်ပါသည်။ အဓိကအကြောင်းရင်းမှာ လယ်ယာမြေများအား မိဘများ သို့မဟုတ် ယောက္ခမများထံမှ အမွေဆက်ခံရရှိခြင်းကြောင့် ဖြစ်ပါသည်။

အထူးသဖြင့် အပူပိုင်းဇုန်တွင် အိမ်ထောင်စု၏ အိုးခွဲကာစ အစပိုင်းတွင် မြေကွက်ငယ်လေးတစ်ကွက်အား အမွေဆက်ခံရရှိမှုသည် အခြားသောအသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနိုင်လောက်သည့် ငွေကြေးအင်အားကို ရရှိစေပုံရပါသည်။ အပူပိုင်းဇုန်တွင် မြေအာမခံချက်ရှိမှုသည် ကျွဲနွားပိုင်ဆိုင်မှုနှင့်လည်း များစွာဆက်နွယ်နေပါသည်။ သို့သော် မြစ်ဝကျွန်းပေါ်တွင် ထိုသို့မဟုတ်ဘဲ အထူးသဖြင့် သေးငယ်သောမြေကွက်ပိုင်ရှင်များသည် ကျွဲနွားတိရစ္ဆာန်များကို ငွေစုသည့်နည်းလမ်း သို့မဟုတ် "အရေးကြုံလျှင် အားကိုးအားထားပြုရမည့်နည်းလမ်း" တစ်ခု (ကျန်းမာရေးပြဿနာများ၊ နာရေးဖြစ်လျှင်) အဖြစ်သာ အဓိကမွေးမြူကြပါသည်။ ထို့အပြင် ငယ်ရွယ်သောအိမ်ထောင်စုများသည် လိုအပ်လျှင် သို့မဟုတ် အခွင့်အရေးရလျှင် အပြောင်းအလဲများစတင်နိုင်ရန် သို့မဟုတ် ရွှေ့ပြောင်းရန်အလားအလာ ပိုများပါသည်။ သို့သော် ထိုကဲ့သို့သော အခြေအနေများသည် အစဉ်ပြောင်းလဲနေနိုင်သည့်အချက်ကို သတိချပ်ထား



ရန်အရေးကြီးပါသည်။ အချိန်နှင့်အမျှ (လူဦးရေတိုးပွားလာမှုနှင့် စိုက်ပျိုးမြေများထပ်မံမရရှိနိုင်မှုတို့ကြောင့်) မြေယာများ ပိုမိုရှားပါးလာပြီး လက်ရှိ ငယ်ရွယ်သောအိမ်ထောင်စုများသည် ယခင်ဆယ်စုနှစ်များက ငယ်ရွယ်သောအိမ်ထောင်စုများ နှင့်နှိုင်းစာလျှင် မြေလက်လှမ်းမီရရှိနိုင်ရန် ပိုမိုခက်ခဲကောင်းခက်ခဲပါလိမ့်မည်။ ယင်းကြောင့် ငယ်ရွယ်သော အိမ်ထောင်စု များနှင့် အသက်အရွယ်ကြီးသောအိမ်ထောင်စုများအကြား ကွာဟချက်များကို ပိုမိုကြီးမားစေနိုင်ပါသည်။

## အကြံပြုချက်များ

- မတူညီသောအသက်အရွယ်အုပ်စုများ၏ သီးခြားလိုအပ်ချက်များကို တုံ့ပြန်ဖြည့်ဆည်းပေး နိုင်သည့် မူဝါဒများနှင့် အသက်မွေးဝမ်းကျောင်းမှု အထောက်အကူပြု လုပ်ငန်းဆောင်တာ များကို ရေးဆွဲရာတွင် အိမ်ထောင်စုများ၏ ဘဝသံသရာစက်ဝန်းများကို နားလည်သိရှိကာ ထည့်သွင်းစဉ်းစားခြင်း။
- အိမ်ထောင်ဦးစီးအသက် ၃၀ အောက်ရှိသော "ငယ်ရွယ်သည့်" လုပ်ကွက်ငယ်တောင်သူများ နှင့် မြေယာမဲ့အိမ်ထောင်စုများအား ဦးစားပေးကာ ၎င်းတို့၏ လယ်ယာစိုက်ပျိုးရေးစီမံချက် များအတွက် သီးခြားကူညီပံ့ပိုးမှုများပေးခြင်း။
- အပူပိုင်းဇုန်မှ "ငယ်ရွယ်သော" အိမ်ထောင်စုများအား ကျွဲနွားများကို လက်လှမ်းမီရရှိစေရန် ကူညီပံ့ပိုးပေးခြင်း။
- မြစ်ဝကျွန်းပေါ်ဒေသတွင် ယာယီမြေလွတ်များအား (အထူးသဖြင့် နွေစပါးအတွက်) ယာယီ အစီအမံများဖြင့် အထူးသဖြင့် "ငယ်ရွယ်သော" လုပ်ကွက်ငယ်တောင်သူများနှင့် မြေယာမဲ့ များ အသုံးပြုနိုင်ရန် အားပေးပံ့ပိုးခြင်း။



## ၅ – ၃ "မြေယာမဲ့မှု" ကိစ္စရပ်အား ပိုမိုသိရှိနားလည်လာခြင်းနှင့် ကိုင်တွယ်ဖြေရှင်းခြင်း

ပထမဦးဆုံးအနေဖြင့် မြေယာမဲ့မှုဖြစ်ရပ်တွင် လေ့လာဆန်းစစ်မှုပြုလုပ်ခဲ့သည့်ဒေသများ၏ သမိုင်းကြောင်းနှင့် စိုက်ပျိုးရေးဆိုင်ရာ အင်္ဂါရပ်များနှင့် သက်ဆိုင်မှုများစွာရှိပါသည်။ ဥပမာ အပူပိုင်းဇုန်သည် မြန်မာ့လူမှုအဖွဲ့အစည်း၏ မူလအစတည်ရာဒေသဖြစ်ကာ အခြေကျပြီးဖြစ်သောကျေးရွာများနှင့် ခိုင်မာသောလူမှုဖွဲ့စည်းပုံလည်း ရှိပါသည်။ မြစ်ဝကျွန်းပေါ်ဒေသသည် နယ်ပယ်သစ်တွင်အခြေချသည့် သက်တမ်း နုနယ်သေးသော လူမှုအဖွဲ့အစည်းဖြစ်ပြီး " တာဝန်ကျေစပါး မဖြစ်မနေပေးသွင်းရသည့်" မူဝါဒစသည်တို့၏ သက်ရောက်မှုကို ပိုမိုခံစားခဲ့ကြရပါသည်။ ထိုအကြောင်းများကြောင့် မြေယာမဲ့နှုန်းသည် များသောအားဖြင့် အပူပိုင်းဇုန် ကျေးရွာများထက် မြစ်ဝကျွန်းပေါ်တွင် ပိုမိုမြင့်မားလေ့ရှိပါသည်။ ထို့အပြင် ဒေသတစ်ခုတည်းအတွင်းရှိ ကျေးရွာများ အကြားတွင်လည်း ကြီးမားသောကွာခြားချက်များ ရှိနေပြန်သည့်အတွက် မြေလက်လှမ်းမီမှုကို ဆုံးဖြတ်ရာတွင် ရှုပ်ထွေးမှုနှင့် အချက်အလက်အမျိုးမျိုး ( ဥပမာ ဒေသန္တရစိုက်ပျိုးရေး ဂေဟာစနစ်ဆိုင်ရာ အခြေအနေများ၊ ဒေသန္တရ အဆင့်ရှိ အာဏာဆက်နွယ်မှုများ၏ အရေးပါမှုစသည်များ ) ရောယှက်ဆက်စပ်မှု တို့ကို ဖော်ပြနေပါသည်။ ဒေသများ အကြားတွင်သာမက ဒေသတစ်ခုတည်းရှိ ကျေးရွာများအကြားတွင်ပါ ကွာခြားချက်များ ရှိနေသည်ကို ကြည့်ခြင်းအား ဖြင့် မြေယာပိုင်ဆိုင်လုပ်ကိုင်ခွင့်အတွက် အတိုင်းအတာကြီးမားသည့် စစ်တမ်းများနှင့် "ပြဿနာရပ်အားလုံးအတွက် တစ်ခုတည်းသောနည်းလမ်း" ဖြင့် တသမတ်တည်းဖြေရှင်းခြင်းနည်းတို့သည် ဒေသအလိုက်နှင့် အခြေအနေအလိုက် ဖြစ်ပေါ်နေသော ပြဿနာများကို ထိရောက်စွာဖြေရှင်းနိုင်မည် မဟုတ်ကြောင်း သိရှိနိုင်ပါသည်။


အိမ်ထောင်ဦးစီး၏အသက်အရွယ်နှင့် မြေလက်လှမ်းမီအသုံးပြုနိုင်မှုအကြား ချိတ်ဆက်မှုအား အထက်တွင် အလေးပေးတင်ပြခဲ့ပြီးဖြစ်ပါသည်။ အိမ်ထောင်စုတစ်စု၏ အသက်မွေးဝမ်းကျောင်းမှု ရွေ့အလားအလာ၊ အသက်မွေး ဝမ်းကျောင်းမှုလုပ်ငန်းများ အမျိုးမျိုးကွဲပြားမှု (လယ်ယာလုပ်ငန်းကို အခြေခံသောအိမ်ထောင်စုများနှင့် လယ်ယာပြင်ပ

လုပ်ငန်းများကို အခြေခံသောအိမ်ထောင်စုများ၊ ရွှေ့ပြောင်းသွားလာမှု စသဖြင့်) နှင့် အိမ်ထောင်စု၏ ဘဝသံသရာစက်ဝန်းတို့ကို ထည့်သွင်းစဉ်းစားကာ စနစ်တကျ လေ့လာဆန်းစစ်ခြင်းဖြင့် မြေယာလက်လှမ်းမီအသုံးပြုနိုင်မှုကို ဖန်တီးပေးရာတွင် ဦးစားပေးရမည့် အိမ်ထောင်စုများကို ဆုံးဖြတ်သတ်မှတ်နိုင်ရန် အထောက်အကူပြုနိုင်ကြောင်း အခန်း သုတေသနစာတမ်းအပြည့်အစုံ၏ VII.7 တွင် ဖော်ပြထားပါသည်။ တစ်နည်းဆိုသော် မြန်မာနိုင်ငံရှိ မြေယာမဲ့အိမ်ထောင်စုများတွင် မြေယာလက်လှမ်းမီ အသုံးပြုရန် အလိုအပ်ဆုံးအိမ်ထောင်စုများမှာ မည်ကဲ့သို့သော အိမ်ထောင်စုများဖြစ်သည်ကို သိရှိနိုင်ရန် ဖြစ်ပါသည်။

## အကြံပြုချက်များ

- မြေယာမဲ့မှုအား မြေပြင်တွင် လေ့လာဆန်းစစ်ရန်အတွက် ပိုမိုစနစ်ကျသော ကွင်းဆင်းသုတေသနများကို ဆောင်ရွက်ရန်နှင့် စိုက်ပျိုးရေးလုပ်ကိုင်နေသော မြေယာမဲ့များအား အခြားအုပ်စုများမှ ခွဲထုတ်ကာ အချက်အလက်များကို သီးခြား ကောက်ယူစုဆောင်းရန်
- မည်သည့် မြေပြန်လည်ချထားပေးရေးစီမံချက်တွင်မဆို ထိခိုက်လွယ်မှုအရှိဆုံး စိုက်ပျိုးရေးလုပ်ကိုင်သူ မြေယာမဲ့အိမ်ထောင်စုများကို ဦးစားပေးရန်
  - မြေအမွေရရန်မရှိသည့် အသက် ၄၀ အထက် အိမ်ထောင်ဦးစီး ဦးဆောင်သော အိမ်ထောင်စုများ
  - မြစ်ဝကျွန်းပေါ်အတွက် သီးသန့် - လယ်သူရင်းငှားနှင့် ငါးဖမ်းလုပ်ငန်းပါ လုပ်ကိုင်သော အိမ်ထောင်စုများ
  - အပူပိုင်းဇုန်အတွက် သီးသန့် - လယ်သူရင်းငှားလုပ်သော အိမ်ထောင်စုများ




ကချင်
စစ်ကိုင်း
ချင်း
ရှမ်း
မန္တလေး
မကွေး
ရခိုင်
နေပြည်တော်
ကယား
ပဲခူး
ဧရာဝတီ
ရန်ကုန်
ကရင်
မွန်
တနင်္သာရီ
မြေပုံအညွှန်း
ယင်းမာပင်
မုံရွာ
မော်လမြိုင်ကျွန်း
ဗိုလ်ကလေး


ယင်းမာပင်
မုံရွာ
0 5 10 20 km
စစ်ကိုင်းတိုင်းအတွင်းရှိမြို့နယ်များ


ဧရာဝတီတိုင်းအတွင်းရှိမြို့နယ်များ
မော်လမြိုင်ကျွန်း
ဗိုလ်ကလေး

# မြန်မာ့မြေပြန့် ကျေးလက်ဒေသ မြေယာလုပ်ကိုင်ပိုင်ခွင့်

## အပူပိုင်းဇုန်နှင့် မြစ်ဝကျွန်းပေါ်ဒေသ၏ သမိုင်းကြောင်းဆိုင်ရာရှုထောင့်များမှသည် လက်ရှိကြုံတွေ့နေရသောဘဝဖြစ်ရပ်မှန်များဆီသို့

ကျေးလက်လူထု၏ မြေယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်း၊ ရေရှည်ထိန်းသိမ်းအသုံးချမှု၊ မြေယာပိုင်ဆိုင်မှုဆိုင်ရာ လုံခြုံမှုကင်းမဲ့ခြင်း စသည်တို့ကိုဖြစ်ပေါ်စေသည့် လူမှုရေးကဏ္ဍပြောင်းလဲမှုဖြစ်စဉ်များအား မှတ်တမ်းပြုစုထားရှိရန် လိုအပ်ချက်များကြောင့် ဤလေ့လာမှုစာတမ်း ပေါ်ထွက်လာရခြင်းဖြစ်ပါသည်။ ဆန်စပါးထုတ်လုပ်ရာ အဓိကဒေသများဖြစ်သော မြစ်ဝကျွန်းပေါ်နှင့်အပူပိုင်းဇုန်တို့အား အထူးပြုလေ့လာခဲ့သည့် ဤလေ့လာမှုတွင် မြေယာနှင့်ကျေးလက်ဒေသ အိမ်ထောင်စုဘဝများ၏ အပြန်အလှန်ဆက်သွယ်မှုကို ပုံဖော်ဘောင်သွင်းနေသည့် တွန်းအားများကိုလည်း ရှင်းလင်းဖော်ထုတ်တင်ပြထားပါသည်။ ဒေသတွင်းရှိ မြေမဲ့ယာမဲ့အခြေအနေပြောင်းလဲမှုများ၊ မြေယာပိုင်ဆိုင်မှုမှ ဖယ်ထုတ်/ချုပ်လုပ်ခံရခြင်း၊ ဒေသအတွင်း အားပြိုင်မှုများ၊ လယ်သမားများ၏ မြေယာလုပ်ပိုင်ခွင့်အပေါ် ကန့်သတ်ချက်များနှင့် နိုင်ငံတော်၏ ဆန်စပါးအပေါ် တင်းကျပ်လွန်းခြင်း စသည့် ပြဿနာများမှာ ဗြိတိသျှကိုလိုနီခေတ်မှသည် ၂၀၁၂ ခုနှစ် မြေယာပြုပြင်ပြောင်းလဲမှုကာလများအထိ ပြေလည်အောင် ဖြေရှင်းပေးနိုင်ခဲ့ခြင်းမရှိသေးပေ။ လယ်သမားနှင့် မြေယာမဲ့ဆိုင်ရာ အုပ်စုမျိုးကွဲအသီးသီးကို ဤလေ့လာမှုတွင် ဖော်ထုတ်ပေးထားပြီး ဥပဒေပြဋ္ဌာန်းချက်များ အကြိမ်ကြိမ်ပြုပြင် ပြောင်းလဲမှုများ ဆောင်ရွက်နေသည့်အခါသမယတွင် အလေးထား နားလည်ရန် လိုအပ်သည့် မတူကွဲပြားသော ကျေးလက်အိမ်ထောင်စုပုံစံများနှင့် မြေမဲ့ယာမဲ့ဖြစ်မှုပုံစံအမျိုးမျိုးကို ဤလေ့လာမှုမှ အလေးထားတင်ဆက်ထားပါသည်။

*ဤမြေယာနှင့်လူမှုဘဝ သုတေသနစာစဉ်သည် မြေယာနှင့် အသက်မွေးဝမ်းကြောင်း ဆက်သွယ်ပြောင်းလဲမှုဖြစ်စဉ်ကို လူမှု-မနုဿဗေဒ သုတေသနရှုထောင့်မှ နက်နက်ရှိုင်းရှိုင်း သုတေသနပြုလေ့လာမှုမှ ပေါ်ထွက်လာခြင်းဖြစ်ပါသည်။ မြို့ပြ ဆင်ခြေဖုံးနှင့် ကျေးလက်မြေယာကိစ္စရပ်များ၊ ရွှေ့ပြောင်းသွားလာမှု၊ သဘောထားကွဲလွဲမှုများနှင့် ပြန်လည်နေရာချထားမှုများစသည့် အမျိုးမျိုးသော အကြောင်းအရာများကို အထူးပြုလေ့လာခြင်းအားဖြင့် လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးအခင်းအကျင်းများအကြားတွင် မြန်မာနိုင်ငံ နေရာဒေသအသီးသီးမှ ပြည်သူများအနေဖြင့် မြေယာဆိုင်ရာကိစ္စရပ်များကို မည်ကဲ့သို့ ပုံဖော်ကြသည်ကို ထဲထဲဝင်ဝင် ဆန်းစစ်လေ့လာမှုအဖြစ် ဤသုတေသနစာစဉ်မှ တင်ဆက်ထားပါသည်။ မြေပြင်တွင် ဖြစ်ပေါ်နေသောဖြစ်ရပ်များကို ဖော်ထုတ်ထားသည့် ဤသုတေသနစာစဉ်သည် မြန်မာပြည်သူများ၊ နိုင်ငံတော်နှင့် အခြားသော ပါဝင်ပတ်သက်သူတို့၏ မြေယာနှင့်နီးနွယ်သော သယံဇာတများ စီမံခန့်ခွဲမှုအပိုင်းတွင် ကြုံတွေ့နေရသည့် စိန်ခေါ်ချက်များကို ဖော်ထုတ်ထားပြီး မူဝါဒပိုင်းဆိုင်ရာနှင့် ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များအတွက် အကြံဉာဏ်များကို ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်ပါသည်။*

*ဤသုတေသနစာစဉ်ကို ကျွမ်းကျင်သော အတတ်ပညာရှင်များနှင့် အသိပညာရှင်များမှ ဝိုင်းဝန်းသုံးသပ်အကြံပြုပေးထားပါသည်။*

**မြေယာနှင့်လူမှုဘဝ သုတေသနစာစဉ်**

GRET
Professionals for Fair Development